# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ်(၁၄၁)


## ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)

# အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်ကြော်ငြာစာ

အမှတ်၊ ၂၃/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ**

**အမျိုးသားကော်မတီဖွဲ့စည်းခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)အရ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် **"အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဦးသိန်းဆွေ — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ခ) ဦးလှကျော် — ဒုတိယဥက္ကဋ္ဌ(၁)
ဒုတိယဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဦးမျိုးအောင် — ဒုတိယဥက္ကဋ္ဌ (၂)
အမြဲတမ်းအတွင်းဝန်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ဃ) ဒေါက်တာခင်ဇော် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

(င) ဦးဝင်းခန့် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ဦးရည်မွန် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဇ) ဒေါ်အေးအေးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဈ) ဦးအောင်နိုင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးအောင်သွင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ❖

# YBS ယာဉ်လိုင်းအားလုံး ကားအသစ်များဖြင့် ပြောင်းလဲပြေးဆွဲရမည်

**သတင်း - မြင့်မောင်စိုး**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**




**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့၌ လက်ရှိပြေးဆွဲနေသော YBS ယာဉ်လိုင်းများအားလုံး ကုမ္ပဏီပုံစံဖြင့် ဖွဲ့စည်းကာ ကားအသစ်များဖြင့် ပြောင်းလဲပြေးဆွဲသွားရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"ကျွန်တော်တို့အားလုံး အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်သစ်ကို ပြောင်းလဲနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အခု ရန်ကုန်မြို့ပေါ်မှာ ပြေးဆွဲနေတဲ့ ဘတ်စ်ကားယာဉ်လိုင်း ၇၉ လိုင်း ရှိပါတယ်။ ဒီအဆင့်ကနေ နောက်တစ်ဆင့်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်ကတော့ ယာဉ်လိုင်းတွေအားလုံးဟာ ကုမ္ပဏီပိုင်ဖြစ်ဖို့၊ ကားအသစ်တွေဖြစ်ဖို့ ဖြစ်ပါတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဒီအတွက် ဘဏ္ဍာငွေလျာထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် အစိုးရပုံစံနဲ့

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မာတိကာ

### အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)အား ဖီဖာဥက္ကဋ္ဌ ဖွင့်လှစ်ပေး

စာမျက်နှာ » ၆

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

### မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)တိုးတက်ကောင်းမွန်ရေး ဂျာမနီနိုင်ငံမှ ယူရို ငါးသန်းချေးယူရန် ပြည်ထောင်စုလွှတ်တော်၌ ရှင်းလင်း

စာမျက်နှာ » ၇


## ရွှေပြည်နန်း သနပ်ခါး

ရေးကုသိုလ်အလား သူတင်စား "ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး"

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းဘာကျေးရွာမှ စာရေးဆရာ၊ ကျောင်းဆရာတစ်ဦးလည်း ဖြစ်ပါသည်။ အနုပညာလည်း ဝါသနာပါ၍ တချို့ရွာဘုရားဆွမ်းလောင်းပွဲများမှာ မင်းသားအကဖြင့် သွားရောက်ဖျော်ဖြေကပြလေ့ ရှိပါတယ်။ မိတ်ကပ်နှင့် ကျွန်တော်ဓာတ်မတည့်၍လား မသိပါ၊ ကျွန်တော့် မျက်နှာမှာ တင်းတိပ်၊ မဲ့ခြောက်များ မြင်မကောင်းအောင် ဖြစ်ပေါ်လာ၍ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အလှကုန်ပစ္စည်းဆိုင်သွားပြီး ပျောက်ကင်းနိုင်မည့် နည်းလမ်းများ မေးစမ်းကြည့်ခဲ့ရာမှ "ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး" စမ်းသုံးကြည့်ပါလားဆို၍ ညအိပ်ယာဝင်တိုင်း လိမ်းအိပ်ခဲ့ပါတယ်။ သနပ်ခါးတစ်ဘူး အကုန်တွင်ကျွန်တော့် မျက်နှာ ထူးခြားစပြုလာပါတယ်။ သုံးဘူးအကုန်မှာတော့ မျက်နှာတစ်ပြင်လုံးရှိ မဲ့ခြောက်၊ တင်းတိပ်များ လုံးဝမရှိတော့ဘဲ ရေးကုသိုလ်အလား လှပပြေပြစ်ခဲ့ပါတယ်၊ ဒါကြောင့်လည်း "ရွှေပြည်နန်းရှင်မတောင်အမွှေးသနပ်ခါး" ကို အမြဲဝယ်ယူလိမ်းနေသည်မှာ ယနေ့တိုင်အောင်ပါပဲ၊ ကျွန်တော်နည်းတူ မျက်နှာပြင်ရှိ တင်းတိပ်၊ မဲ့ခြောက်များအတွက် စိတ်မကောင်းဖြစ်နေသူများ ဝယ်ယူလိမ်းကြည့်ပါရန် အကြံပေးခဲ့ရာ အောင်မြင်ပြီး ထိရောက်တဲ့အကျိုးများ ရရှိကြောင်းလည်း ပြောကြပါတယ်။ "ရွှေပြည်နန်းသနပ်ခါး" ထာဝရ တည်တံ့နိုင်ပါစေ....



ဦးဝင်းအောင် (အထက်တန်းပြ)

ဦးဝင်းအောင်(အထက်တန်းပြ)မူလွန်အုပ်ဆရာ၊ မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။



ထပ်ဆင့်ထောက်ခံအပ်ပါသည်
ဒေါ်စာစာလှိုင် (အလယ်တန်းပြ) မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မြန်မာ့အလင်း

# ကြိုဆိုရမည့် စာရင်းအင်းဥပဒေကြမ်း

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်တစ်ရပ်ရှိပါသည်။ သို့သော် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် အခြေခံလိုအပ်ချက်များကို ချပြပါဟုဆိုပါက လူပုဂ္ဂိုလ်အတော်များများအနေဖြင့် ဤအချက်ကို ထည့်သွင်းရည်ညွှန်းရန် မေ့လျော့နေတတ်ပါသည်။ အဆိုပါအခြေခံလိုအပ်ချက်မှာ တိုင်းပြည်၏ကဏ္ဍပေါင်းစုံအတွက် ယုံကြည်စိတ်ချရသော စာရင်းအင်းများ အဆင်သင့်ရှိနေရေး ဖြစ်ပါသည်။ ယုံကြည်စိတ်ချရသော စာရင်းအင်းများဆိုရာ၌ အရည်အသွေးပြည့်ပြီး တိကျမှန်ကန်ရန်လိုအပ်သကဲ့သို့ အချိန်နှင့်တစ်ပြေးညီဖြစ်ရန်လည်း လိုအပ်ပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအပါအဝင် တစ်ခုတည်းသော ဦးဆောင်ပါတီကချုပ်ကိုင်သော ဗဟိုချုပ်ကိုင်ဆိုရှယ်လစ် စီးပွားရေးစီမံကိန်းစနစ်တို့ လဲပြိုခဲ့ရသည်မှာ ယုံကြည်စိတ်ချရသော စာရင်းအင်းများ ပြုစုနိုင်စွမ်းမရှိသောကြောင့် ဖြစ်ပါသည်။ အဆိုပါ ဗဟိုချုပ်ကိုင်ဆိုရှယ်လစ် စီးပွားရေးစီမံကိန်းတို့တွင် အထက်အဆင့်ဆင့်တို့မှ မလိုလား မနှစ်သက်သော အချက်အလက်တို့ကို တင်ပြရန် လက်တွေ့လုပ်ငန်းသဘောအရ ဖြစ်မြောက် နိုင်စွမ်းမရှိ၍ တရားဝင်ထုတ်ပြန်ထားသော စာရင်းအင်းတို့သည် တိုင်းပြည်၏ ပကတိအခြေအနေကို ဖုံးကွယ်ထားသည့် စာရင်းအင်းများသာ ဖြစ်နေတတ်ပါသည်။ စာရင်းအင်းအချက်အလက်အလွဲတို့အပေါ် အခြေပြုထားသည့် စီမံကိန်းအသီးသီးတို့သည်လည်း မအောင်မမြင် ဖြစ်ခဲ့ကြရပါသည်။ ဤအချက်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ယုံကြည်စိတ်ချရသော စာရင်းအင်းတို့၏ အရေးပါပုံကို ထောက်ပြနေပါသည်။

တိုင်းပြည်အတွက် ယုံကြည်စိတ်ချရသော စာရင်းအင်းများပြုစုရာ၌ ပုဂ္ဂလိကကဏ္ဍသည်လည်း နိုင်ငံတော်ကိုယ်စားပြု အဖွဲ့အစည်းများနှင့်အတူ တာဝန်သိသိ လက်တွဲဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်စွမ်းရှိသည့် ယုံကြည်စိတ်ချရသော စာရင်းအင်းများကို ရရှိမည်ဖြစ်ပါသည်။ တိကျမှန်ကန်ပြီး အရည်အသွေးပြည့်ဝသော စာရင်းအင်းတို့သည် မူဝါဒ၊ စီမံကိန်းများချမှတ်ရာ၌သာမက သယံဇာတများ ခွဲဝေအသုံးပြုခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့ကဲ့သို့သော အရေးကြီးလုပ်ငန်းများအတွက်လည်း မရှိမဖြစ်လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးကိုလွှမ်းခြုံသည့် အမျိုးသားစာရင်းအင်းစနစ်တစ်ရပ် လိုအပ်ပါသည်။

တိုင်းပြည်၏ ဤလိုအပ်ချက်ကိုထင်ဟပ်လျက် စာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ခြင်းကို ကြိုဆိုထောက်ခံအပ်ပါသည်။ လက်ရှိကျင့်သုံးလျက်ရှိသော ၁၉၅၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေသည် တိုင်းပြည်၏ ပကတိလိုအပ်ချက်တို့ကို ထင်ဟပ်နိုင်စွမ်းမရှိတော့သည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ ဤဥပဒေကြမ်းရေးဆွဲရာ၌ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအပါအဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များသည် ကမ္ဘာ့ဘဏ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခဲ့သောကြောင့် တိုင်းပြည်၏ စာရင်းအင်းလိုအပ်ချက်တို့ကို ရှုထောင့်ပေါင်းစုံမှ သုံးသပ်ခဲ့သည်မှာ သေချာကြောင်း တင်ပြလိုပါသည်။ ဤကဲ့သို့ တိုင်းပြည်လိုအပ်ချက်ကို စနစ်တကျထင်ဟပ်ထားသည့် စာရင်းအင်းဥပဒေကြမ်းကို ကြိုဆိုကြောင်း အလေးအနက်တင်ပြအပ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။



### ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၁၇ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်၊ ဖင်လန်၊ နော်ဝေ၊ ဆွီဒင်နိုင်ငံတို့၏ **Nordic Day (2017)** အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားတက်ရောက်လာသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး၊ နော်ဝေနိုင်ငံဆိုင်ရာ သံအမတ်ကြီး၊ ဖင်လန်နိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံ၊ ဆွီဒင်နိုင်ငံဆိုင်ရာ သံရုံးယာယီတာဝန်ခံတို့က ကြိုဆိုနှုတ်ဆက်စဉ်

(သတင်းစဉ်)

## စာမူရှင်များသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့် ဓာတ်ပုံများအတွက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင်ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ်မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့်စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအတွက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ မြန်မာ့အလင်းသတင်းစာတိုက် ရန်ကုန် ဖုန်းနံပါတ် ၀၁-၅၄၄၃၁၄၊ စာတည်းမှူး (သတင်းထောက်ချုပ်) ဖုန်း-၀၁-၅၄၁၂၇၁ သို့ ဆက်သွယ်ထုတ်ယူဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့်နည်းလမ်းများတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်(မြန်မာ့အလင်းသတင်းစာတိုက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၇-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၉၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၁၀/၇၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၈၀/၆၈၅ ကျပ် |
| ပရီမီယံဒီဇယ် | ၇၃၀/၇၃၅ ကျပ် |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၇ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၅ · ၈၆ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၃၄ |
| တရုတ် | တစ်ယွမ် | ၁၉၈ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၆၂ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီဆွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂/ ၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )**

**တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄ ၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ် (၁၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးကြီးကျော်ဇေယျကို တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ညွန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

(ဋ) ဦးဝင်းဇော် — အဖွဲ့ဝင်
ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

(ဌ) ဦးနော်အောင် — အဖွဲ့ဝင်
ကုန်ထုတ်လုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှု
လုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဍ) ဒေါ်ခိုင်ဇာအောင် — အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

(ဎ) ဦးနိုင်သိန်းအောင် — အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေး၊
အလုပ်သမားနှင့် စားသောက်ကုန်ထုတ်
လုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဏ) ဦးတင်မြင့် — အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
ရေလုပ်သားအလုပ်သမားအဖွဲ့အစည်း
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(တ) ဒေါ်ရင်ရင်ဝင်း — အဖွဲ့ဝင်
ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

(ထ) ဒေါ်ခိုင်ခိုင်နွယ် — အဖွဲ့ဝင်
ကုန်ထုတ်လုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ဒ) ဒေါ်ဝါဝါမင်း — အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဓ) ဦးလူမော်မြင့်မောင် — အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

(န) ဒေါက်တာခင်လှိုင် — အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်း ကိုယ်စားလှယ်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(ပ) ဒေါက်တာဇော်ဦး — အဖွဲ့ဝင်
Myanmar Development
Resource Institute

(ဖ) ဒေါက်တာသန်းဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(ဗ) ဦးစိန်လှ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(ငြိမ်း)
အလုပ်ရုံနှင့် အလုပ်သမားဥပဒေ
စစ်ဆေးရေးဦးစီးဌာန

(ဘ) ဦးခင်မောင်ညို(ဘောဂဗေဒ) — အဖွဲ့ဝင်
စီးပွားရေးသုတေသီ

(မ) ဒေါက်တာမျိုးမျိုးမြင့် — အဖွဲ့ဝင်
Center for Economy, Environment
and Society Myanmar

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ရ) ဦးဝင်းရှိန် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အလုပ်ရုံနှင့် အလုပ်သမား
ဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် အခြေခံသင့်သည့် အချက်များနှင့် စပ်လျဉ်း၍ အမျိုးသားအဆင့်မူဝါဒများချမှတ်ခြင်း။

(ခ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ဂ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ၊ တင်ပြရေးနှင့် စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း။

(ဃ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အခြေခံသင့်သည့် အချက်များနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများ ကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များ ချမှတ်ခြင်း။

(င) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက် သော်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက်သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေအခန်း(၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း။

(စ) ပုဒ်မခွဲ(င)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်မည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန်တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာအပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း။

(ဆ) အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင်ကော်မတီများဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဇ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အမျိုးအစားအလိုက် သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကို ခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း။

(ဈ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့် စပ်လျဉ်း၍လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပခြင်း။

(ဋ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀-၁၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

✻ *ရှေ့ဖုံးမှ*

ဆောင်ရွက်မှာမဟုတ်ပါဘူး။ ကုမ္ပဏီပုံစံနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီကုမ္ပဏီဟာ နိုင်ငံတော်ကပါဝင်တဲ့ အထူးအက်ဥပဒေနဲ့ ဖွဲ့စည်းထားတဲ့ ကုမ္ပဏီပုံစံမျိုးမှာ (က) အစုရှယ်ယာအဖြစ် တိုင်းဒေသကြီးအစိုးရ ကိုယ်စားပြုတဲ့သူတွေက ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံတကာပုဂ္ဂလိကကုမ္ပဏီကြီးပုံစံမျိုး ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားတွင် ပြောကြားသည်။

သို့ဖြစ်၍ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအနေဖြင့် ပြည်သူလူထု၏ဆန္ဒကိုရှေးရှုပြီး အပြောင်းအလဲအတွင်း လိုက်ပါရမည်ဖြစ်ကြောင်း၊ အပြောင်းအလဲနှင့်အတူ လိုက်ပါခြင်းမရှိပါက နောက်ကျကျန်ရစ်နိုင်ကြောင်း ဝန်ကြီးချုပ်က တိုက်တွန်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးအတွက် သုံးလတစ်ကြိမ် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ YBS ၏ ဒုတိယလှိုင်း၊ ဒုတိယလှုပ်ရှားမှုအဖြစ် ဖွဲ့စည်းထားသောကုမ္ပဏီများက ကားအသစ်များကို ဝယ်ယူပြီး ဧပြီလအတွင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့ဘတ်စ်ကားသယ်ယူပို့ဆောင်ရေးကို မထသမှ YBS အဖြစ် ပြောင်းလဲပြေးဆွဲခဲ့သော်လည်း ယခင် BRT (ယခု ၃၇) ယာဉ်လိုင်းထဲမှ ကားအချို့သာ အဲကွန်းပါပြီး ကောင်းမွန်သောဝန်ဆောင်မှု ပေးနေဆဲဖြစ်သည်ကို တွေ့ရသည်။ ယာဉ်လိုင်းအချို့မှာ ကားကောင်းများ မသုံးနိုင်ခြင်း၊ ကားများမှာ အရွယ်အစားသေးခြင်း၊ ကားများ မှတ်တိုင်များတွင် အချိန်ကြာမြင့်စွာရပ်၍ လူတင်ခြင်းတို့ကြောင့် YBS စနစ်ပြောင်းလဲမှုမှာ ထိရောက်မှုအားနည်းနေဆဲဖြစ်သည်။

မထသ မှ YBS အဖြစ် ပြောင်းလဲလိုက်ချိန်တွင် ရန်ကုန်မြို့၌ ပြေးဆွဲနေသည့် ယာဉ်စီးရေ ၈၀၀၀ ခန့်ရှိရာမှ ၃၅၀၀ သို့ လျှော့ချလိုက်ကြောင်း၊ သို့သော်လည်း ယာဉ်စီးရေ ၄၅၀၀ ကျော်အထိ ပြေးဆွဲသွားရန် မျှော်လင့်ထားကြောင်း၊ ယာဉ်လိုင်းအားဖြင့် ယနေ့အချိန်ထိ ၇၉ လိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

# ဝါဆိုဆရာတော်ကြီး ရုပ်ကလာပ်တော် ပင့်ဆောင်မည့် ရဝိန်ဒေါင်းယာဉ်ပျံနေရထားကြီး သုံးရက်အတွင်း အပြီးတည်ဆောက်

**မန္တလေး ဖေဖော်ဝါရီ ၁၇**

ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး ရုပ်ကလာပ်တော်အား ပူဇော်ခံထားရှိရာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ စျာပနအခမ်းအနား ကျင်းပရာ အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်းသို့ ပင့်ဆောင်မည့် ရဝိန်ဒေါင်းယာဉ်ပျံ နေရထားကြီးအား ဖေဖော်ဝါရီ ၁၅ ရက်က စတင်၍ သုံးရက်အတွင်း အပြီးတည်ဆောက်လျက်ရှိကြောင်း သိရသည်။

သီတဂူဆရာတော်ကြီးမှ ဝါဆိုဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ပင့်ဆောင်ရာတွင် ထူးခြားသော ယာဉ်ပျံကြီးဖြင့် ကုသိုလ်ပြုလှူဒါန်းလိုသော စိတ်ထားဖြင့် ယခင်အသုံးပြုနေကျဖြစ်သော ကရဝိက်ယာဉ်ပျံပြာသာဒ်တော်များအစား ရွှေကျင်သာသနာ၏ သံဃရာဇာဖြစ်သည့်အပြင် ထေရဝါဒဗုဒ္ဓဘာသာတွင်လည်း နေတစ်ဆူ လတစ်ဆူ ထွန်းတောက်ခဲ့ သည့် ဆရာတော်ကြီးအား ဂုဏ်ပြုသည့်အနေဖြင့် နေ၏အထိမ်းအမှတ်ဖြစ်သော ဒေါင်းယာဉ်ပျံနှစ်စင်းဖြင့် ပင့်ဆောင် ပူဇော်ပေးခြင်းဖြစ်ကြောင်း မြန်မာမှုဗိသုကာပညာရှင် တမွ၀တီ ဦးဝင်းမောင်က ပြောကြားသည်။

ထို့အပြင် ယာဉ်ပေါ်တွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကိုလည်း ပြာသာဒ်ဖြင့် အပူဇော်ခံပင့်ဆောင်မည့်အစား ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်က သက်တော် ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ၎င်း၏ဇာတိရွာ၌ တည်ထားကိုးကွယ်ခဲ့သည့် ထူပါစေတီပုံစံအတိုင်း ယာဉ်ပေါ်၌ တည်ဆောက်ကာ ၎င်းစေတီထဲတွင် ဝါဆိုဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ထည့်သွင်းပင့်ဆောင်သွားမည်ဖြစ်သည်။

"ယာဉ်ပျံရဲ့ ဝဲ/ယာမှာ ဒေါင်းရုပ်တစ်ရုပ်စီထားရှိပြီး ယာဉ်ရဲ့အလယ်မှာရှိတဲ့ ထူပါစေတီထဲမှာ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်တော်ကို ထည့်ထားပါမယ်။ ထူပါစေတီရဲ့ ထောင့်လေးထောင့်မှာ နဂါးမင်း၊ ဂဠုန်မင်း၊ သိကြားမင်း၊ လူမင်းတို့က ထီးဖြူအုပ်မိုးပေးပြီး ဗြဟ္မာမင်းကြီးကလည်း ထပ်ပြီး ထီးဖြူမိုးကာ ပူဇော်ပင့်ဆောင်သွားမှာပါ။ ယာဉ်တစ်ခုလုံးကို အစိမ်းရောင်ခြယ်သထားပြီး ထူပါစေတီကတော့ အဖြူရောင်ဖြစ်ပါတယ်။ ရွှေထီးငါးဆင့်ကတော့ ရွှေကို လိုအပ်တဲ့နေရာမှာပဲ သုံးဖို့ သီတဂူဆရာတော်ကြီးက မိန့်ကြားထားပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ ဒေါင်းယာဉ်ပျံနေရထားသည် အလျား ၂၇ ပေ၊ အနံ ရှစ်ပေနှင့် အမြင့် ၁၈ ပေရှိ၍ သုံးထပ်သားများ၊ ဖော့များဖြင့် တမွ၀တီရပ်ရှိ မြန်မာမှုပညာရှင် ၅၀ တို့က အချိန်မီပြီးစီးနိုင်ရေးအတွက် နေ့ညမပြတ် တည်ဆောက်ခဲ့ပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၂၅ သိန်းခန့်ရှိကြောင်း သိရသည်။



ဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂိယ မဟာထေရ်၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ဖေဖော်ဝါရီလ ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် အစီအစဉ်နှစ်ပိုင်းဖြင့် ကျင်းပမည်ဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးပို့သော စိန်ကတ္တီပါတော်ကို လှမ်းခြုံခြင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ "သံဝေဂဉာဏ်ပွားများကြောင်း သဝဏ်လွှာ"၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပေးပို့ဆက်ကပ်သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာ စသည့် သဝဏ်လွှာများ ဖတ်ကြားခြင်းတို့ကိုလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒက္ခိဏခရိုင်တရားရုံး အဆောက်အအုံသစ် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲက ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ပြီး ခရိုင်တရားရုံးသစ်ကို ဖွင့်လှစ်ပေးသည်။**



ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းတို့က ခရိုင်တရားရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)**

ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ခရိုင်တရားရုံးအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စု တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒက္ခိဏခရိုင်တရားသူကြီး ဦးမြဒွေးကျော်နှင့် Diamond City ကုမ္ပဏီလီမိတက်မှ အင်ဂျင်နီယာချုပ် ဦးတင်အောင်တို့က အဆောက်အအုံသစ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ခရိုင်တရားသူကြီးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ခရိုင်တရားရုံးအဆောက်အအုံသစ်ကို တရားရုံးများ၏ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်နှင့် ညီညွတ်သည့် တရားရုံးအဆောက်အအုံများ တည်ဆောက်ရေးဟူသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်ပါမှုများနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဆောက်အအုံဒီဇိုင်းရေးဆွဲပေးသည့် ခေတ်မီ နှစ်ထပ်အာရ်စီအဆောက်အအုံပုံစံအတိုင်း တရားခွင်ခြောက်ခု၊ အစည်းအဝေးခန်း၊ အမှုတွဲခန်း၊ ဥပဒေအရာရှိများနားနေခန်း၊ ရှေ့နေများနားနေခန်း၊ သက်သေများ နားနေခန်း၊ သတင်းမီဒီယာခန်း၊ သတင်းအချက်အလက်ကောင်တာ၊ အမှုတွဲလက်ခံကောင်တာ၊ ယာယီအချုပ်ခန်း စသည်ဖြင့် စံချိန်စံညွှန်းမီစွာ တည်ဆောက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုအစီအစဉ် ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေး ညှိနှိုင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု အစီအစဉ် ရိုက်ကူးထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမကြီး၌ ကျင်းပသည်။ **(ယာပုံ)**

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီတို့၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုများကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ စတင်ရိုက်ကူးပြီး မြန်မာ့ရုပ်မြင်သံကြားနှင့် ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတို့တွင် မတ်လအတွင်း စတင်ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အစိုးရသစ် တာဝန်ယူဆောင်ရွက်မှုကာလ တစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အစိုးရသစ်၏ ပြည်သူကိုရှေးရှုဆောင်ရွက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ၊ အသစ်တိုးချဲ့ဆောင်ရွက်မှုများကို ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအနေဖြင့် ပြည်သူကို အစီရင်ခံတင်ပြရမည်ဖြစ်ကြောင်း၊ မဏ္ဍိုင်အသီးသီးနှင့် ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် အနာဂတ်တွင် ပြည်သူ့အကျိုးအတွက် ဆောင်ရွက်မည့် အစီအမံများကို ပြည်သူသို့ တင်ပြဆောင်ရွက်ခြင်းများ ပြုလုပ်ရန်အတွက်



ယခုကဲ့သို့ အစိုးရသစ်၏ တစ်နှစ်တာကာလ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှု အစီအစဉ် ရိုက်ကူးထုတ်လွှင့်ရေးကို စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရိုက်ကူးထုတ်လွှင့်သွားမည့် အစီအစဉ်များနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သတင်းစာများတွင် ဖော်ပြမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များက ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် မရှင်းလင်းသည်များ မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့ညနေပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ သွားရောက်၍ နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမရွှေကျင် သာသနာပိုင်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ၊ အန္တိမစျာပန သာဓုကီဠနပူဇော်ပွဲ ကျင်းပရေးဆိုင်ရာများ မေးမြန်းလျှောက်ထား၍ ပူဇော်ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က လက်ခံသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အန္တိမစျာပန သာဓုကီဠနပူဇော်ပွဲအခမ်းအနား ကျင်းပမည့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ရွှေမန်းတောင်အားကစားကွင်းသို့သွားရောက်၍ လောင်တိုက်တော်ပြင်ဆင်နေမှုနှင့် သံဃာတော်များ၊ ဧည့်ပရိသတ်များထားရှိမည့် မဏ္ဍပ်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### သွားရောက်ကြည့်ရှု

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့သည် မန္တလေးနန်းမြို့ မြနန်းစံကျော် ရွှေနန်းတော်ပတ်ဝန်းကျင်ရှိ မင်းတုန်းမင်းကြီး၏ ဂူဗိမာန်နှင့် ဆွေတော်မျိုးတော်များ၏ ဂူဗိမာန်များ၊ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် တည်ထောင်ခဲ့သော ဒဂ်ါးစက်ရုံတော်တို့အား သွားရောက်ကြည့်ရှုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် H.E. Mr. Yohei SASAKAWA နှင့်အဖွဲ့အား နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။



တွေ့ဆုံစဉ် မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လေ့ကျင့်ရေးသင်တန်းနှင့် ချစ်ကြည်ရေးခရီးသွားရောက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များနှင့် နိပွန်ဖောင်ဒေးရှင်းမှ ပါဝင်ကူညီမှုအခြေအနေများအား ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သြဝါဒါစရိယ စုဒ္ဒသမရွှေကျင် သာသနာပိုင် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ် (သတင်းစဉ်)

# ငလျင်အလွန် ပုဂံရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲကျင်းပ

**ပုဂံ ဖေဖော်ဝါရီ ၁၇**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား တရုတ်-မြန်မာ နှစ်နိုင်ငံနှင့် UNESCO တို့ပူးပေါင်း၍ ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ (International Conference on the Proposed Programme of Bagan Pagoda Post-Earthquake Restoration and Preservation) ကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.HONG LIANG၊ UNESCO ရုံးခွဲ (မြန်မာ)၏ အကြီးအကဲ Ms. Min Jeong Kim၊ မြန်မာနိုင်ငံမှ ပညာရှင်များ၊ UNESCO မှ ပညာရှင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များ၊ နိုင်ငံတကာမှပညာရှင်များ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပြည်တွင်းပြည်ပပညာရှင်များ ပါဝင်သော ဆွေးနွေးပွဲအား ငလျင်ဒဏ်ခံခဲ့ရသော ရှေးဟောင်းစေတီဘုရားများ၊ အထိမ်းအမှတ် အဆောက်အအုံများ ပြန်လည်ထိန်းသိမ်းပြုပြင်ရေးနှင့် ကောင်းမွန်သည့် နည်းလမ်းများရရှိရေး ညှိနှိုင်းဆွေးနွေးရန်၊ နိုင်ငံတကာမှ ပညာရှင်များ၏ အကြံပြုဆွေးနွေးချက်များနှင့် အတွေ့အကြုံများဖလှယ်ရန်နှင့် ဘုရားစေတီပုထိုးများ အဓွန့်ရှည်စေရေး ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ အကြံပြုချက်များရရှိရန်နှင့် ကူညီပံ့ပိုးမည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရည်ရွယ်ချက်ထားရှိ၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ UNESCO နှင့် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီတလီနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ပြုပြင်မွမ်းမံသကဲ့သို့ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရန်လည်း နိုင်ငံတော်အစိုးရက တာဝန်ပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ UNESCO အပါအဝင် မိတ်ဆွေနိုင်ငံများက ဆက်လက်၍ ပါဝင်ကူညီပေးစေလိုပါကြောင်း၊ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေး အဆိုပြုစာတွဲကိုလည်း နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များဖြင့် ပူးပေါင်းရေးဆွဲလျက် ရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာ၌ ရှေးမူလ ပုံစံမပျက် ထိန်းသိမ်းဆောင်ရွက်ရန်လမ်းညွှန်မှာကြားထားရှိပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ ပုဂံဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် လှူဒါန်းငွေ အမေရိကန်ဒေါ်လာ (၁သန်း)ကိုလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး **(ဓာတ်ပုံ)** ယခုလှူဒါန်းမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

အကြမ်းဖက်တိုက်ခိုက်သူများမှ အပြစ်မဲ့အရပ်သားပြည်သူများအား အမှန်တရား ဖော်ထုတ်ခြင်းမပြုရန်၊ အကြောက်တရားကြီးစိုးစေရန်၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိစေရန် ရည်ရွယ်၍ ဦးရှည်ကျကျေးရွာမှ မောင်မောင်စိုး (ခ)ရှုနာများ၊ မာမတ်တာလီ၊ ဂေါ်ဒူသာရ(အနောက်)ကျေးရွာရာအိမ်မှူး ဂျာမ (ခ) ဖော်မာဟူဆွန်၊ ငါးခူရ(အလယ်)ရွာ ကျေးရွာစာကြည့်တိုက်မှူး၊ ဒုစ်မာမတ်(ခ)ရှုနာမျာ၊ ရေတွင်းကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးစာရေး ရော်ဖီ၊ ဝက်ကျိန်း(မြောက်)ရွာဆယ်အိမ်မှူး(ဟောင်း)ဆီရာဇူဟွတ်၊ လင်ဘာကုန်းနား ကျေးရွာနေ ဆွေဒူအာမီ၊ ဒုံးကုလားကျေးရွာနေ စွန်တာအာမတ်၊ မာမတ်ရော်ဖီးနှင့် မာမတ်စူပိုင်၊ ပြောင်ပိုက်ကျေးရွာ ခေတ္တကျေးရွာအုပ်ချုပ်ရေးမှူး ဇော်ကီးအာမောက်နှင့် အမည်မသိ အမျိုးသားနှစ်ဦး စုစုပေါင်းအပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦးအား သတ်ဖြတ်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်သူများ၏ သတ်ဖြတ်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမှုမှန် ပေါ်ပေါက်ရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မောင်တောဒေသအတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိစေရေးတို့အတွက် တပ်မတော်နှင့် လုံခြုံရေးအဖွဲ့အစည်းများမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ဖေဖော်ဝါရီ ၉ ရက်တွင် ယခင်မှထုတ်ပြန်ခဲ့သော ညမထွက်ရအမိန့်ကို ည ၇ နာရီမှ နံနက် ၆ နာရီအထိအစား ည ၉ နာရီမှ နံနက် ၅ နာရီအထိ ပြန်လည်လျှော့ပေါ့ထုတ်ပြန်ပေးနိုင်ခဲ့သည်။

ယခုအခါတပ်မတော်အနေဖြင့် မောင်တောဒေသအတွင်း နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများဆောင်ရွက်မှုမရှိတော့ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအား ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ထွက်ပေါ်နေမှုနှင့်ပတ်သက်၍ မစ္စတာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သည့်စုံစမ်းစစ်ဆေးရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် ဝင်းထွန်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့် မောင်တောခရိုင်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အလားတူ မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်ခံပြီးနောက် မီးသင့်ကျေးရွာများ၌ စနစ်တကျ ပြန်လည်ထူထောင်နေထိုင်နိုင်စေရန်အတွက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ် ဦးဆောင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မောင်တောဒေသအတွင်းရှိ နှစ်ဖက်အသိုင်းအဝိုင်းများအတွက် ပြည်တွင်းပြည်ပအလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း နိုင်ငံတော်အစိုးရကဦးဆောင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ဖေဖော်ဝါရီ ၁၇ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# ကင်းထောက်လုပ်ငန်းသည် လူငယ်များအား အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်စေရန် ပျိုးထောင်ပေးသည့်လုပ်ငန်းဖြစ်

**ကင်းထောက်ကြီး ခင်ဇော်နှင့် ကိုလတ်(သတင်းစဉ်)**

"ကင်းထောက်များနေ့"ဆိုသည်မှာ ကမ္ဘာပေါ်ရှိ ကင်းထောက်မောင်မယ်များ၊ ကင်းထောက်မယ်များ နိုင်ငံအလိုက် တစ်နှစ်အတွင်း ကင်းထောက်လုပ်ငန်းနှင့် ပတ်သက်သည့် ထူးခြားသောအထိမ်းအမှတ်နေ့များကို ယေဘုယျဆိုလိုခြင်းဖြစ်ကာ အချို့သော ကင်းထောက်နေ့မှာ(အထူးသဖြင့် အနောက်နိုင်ငံများတွင်) ဘာသာရေးနှင့်ပတ်သက်၍ ထူးခြားပြီး အချို့မှာ ကင်းထောက်လုပ်ငန်းကို ရိုးစင်းစွာ အထိမ်းအမှတ်ပြုခြင်းဖြစ်၍ အဓိကမှာ ကင်းထောက်ကတိသစ္စာကို အခိုင်အမာပြုခြင်း အထိမ်းအမှတ်ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ ကင်းထောက်အဖွဲ့အစည်းအားလုံးလိုလို "ကင်းထောက်တည်ထောင်သူများနေ့ (Founders' Day)ကို နှစ်စဉ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်ကျင်းပကြသည်။ ကင်းထောက်လုပ်ငန်းကို စတင်တည်ထောင်သူ အင်္ဂလန်နိုင်ငံမှ လော့ဒ်ရော ဘတ်ဘေဒင်ပါဝဲလ်နှင့် ကင်းထောက်မယ်လုပ်ငန်းကို စတင်တည်ထောင်သူ ဇနီးသည် အိုလေ့ဗ်ဘေဒင်ပါဝဲလ် တို့၏ မွေးနေ့တူဖြစ်သော ဖေဖော်ဝါရီလ ၂၂ ရက်နေ့ကို အမှတ်တရ အထိမ်းအမှတ်ပြုခြင်းဖြစ်ပါသည်။

ကင်းထောက်အသင်းအဖွဲ့တစ်ခုချင်း ၎င်းတို့၏ ကင်းထောက်တည်ထောင်နေ့များကို သီးခြားကျင်းပသည်လည်းရှိရာ အမေရိကန် ပြည်ထောင်စုကင်းထောက်မောင်မယ်များက ၎င်းတို့၏ ကင်းထောက်တည်ထောင်ခြင်းနေ့ကို အမေရိကန်နိုင်ငံတွင် အမျိုးသမီးကင်းထောက်အဖွဲ့ စတင်တည်ထောင်သူ ဂျူးလီးယက်လိုး၏ မွေးနေ့ဖြစ်သော အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပြုလုပ်ပါသည်။

ကမ္ဘာ့တွေးခေါ်ခြင်းနေ့(World Thinking Day) ကို ကမ္ဘာ့ကင်းထောက်လုပ်ငန်း တည်ထောင်သည့် ဇနီးမောင်နှံ ရောဘတ်နှင့် အိုလေ့ဗ်ဘေဒင်ပါဝဲလ်တို့၏ ဘုံမွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီလ ၂၂ ရက်နေ့အား ကမ္ဘာ့အမျိုးသမီးကင်းထောက်အဖွဲ့ (World Association of Girl Guides and Girl Scouts-WAGGGS)က သတ်မှတ်ပါသည်။

အင်္ဂလန်(ယူနိုက်တက်ကင်းဒမ်း)နှင့် စပိန်ကဲ့သို့သော နိုင်ငံများက ကင်းထောက်နေ့ကို ကင်းထောက်သူတော်စင်အဖြစ် မှတ်ယူသော St. George's Day အဖြစ် ဧပြီလ ၂၃ ရက်နှင့် အနီးဆုံး တနင်္ဂနွေနေ့တွင် ပြုလုပ်ပါသည်။

အမေရိကန်နိုင်ငံ ကင်းထောက်များက တနင်္ဂနွေမတိုင်မီ ဖေဖော်ဝါရီလ ၈ ရက်ကို ကင်းထောက်ဥပုသ်နေ့ဟု သတ်မှတ်၍ ကင်းထောက်ဝတ်စုံများဖြင့် ဘုရားကျောင်းတက်၍ ဝတ်ပြုကြပါသည်။ အမေရိကန်အမျိုးသမီးကင်းထောက်များက မတ်လ ၁၂ ရက်နေ့ ပါဝင်သည့် ရက်သတ္တပတ်ကို အမျိုးသမီးကင်းထောက်နေ့ သို့မဟုတ် အမျိုးသမီးကင်းထောက်ဥပုသ်နေ့ဟု သတ်မှတ်ကြသည်။

အာဖရိကတိုက် ကင်းထောက်နေ့ကို နှစ်စဉ် မတ်လ ၁၃ ရက်နေ့တွင်ကျင်းပသည်။ ကမ္ဘာ့ကင်းထောက် လည်စည်းနေ့ကို ကမ္ဘာပေါ်ရှိ ကင်းထောက်များ လည်စည်းချည်နှောင်၍ ကင်းထောက်ကတိသစ္စာနှင့် ကင်းထောက်စိတ်ဓာတ်ကို ဖော်ကျူးကြပြီး သီရိလင်္ကာနိုင်ငံက နှစ်စဉ် ဇွန်၊ ဇူလိုင်လအတွင်း ရက်သတ္တတစ်ပတ်ကို ကင်းထောက်များလုပ်အားပေးရက်သတ္တပတ်ဟု သတ်မှတ်ပြီး ဝတ်စုံပြည့်ကင်းထောက်များက ကင်းစိတ်အလိုက် ပြည်သူလူထုနေအိမ်များသို့ သွားရောက်ပြီး လုပ်အားပေးကြပါသည်။ နေအိမ်များမှ လုပ်အားအတွက် ချီးမြှင့်သောငွေများ(အနည်းအကျဉ်းစီ)ကို ကင်းထောက်ရန်ပုံငွေအဖြစ် စုဆောင်းကြပါသည်။ မြန်မာနိုင်ငံတွင် ယခင်နှစ်(၅၀)မတိုင်မီက "လုပ်ငန်းတစ်ရပ် ငွေတစ်ကျပ်" (Kyat-a-Job)အဖြစ် ဝင်ငွေရှာခြင်းနှင့် အလားတူဖြစ်ပါသည်။

Wikipedia အင်တာနက်စွယ်စုံကျမ်းတွင် ဖော်ပြထားချက်အရ မြန်မာနိုင်ငံ၏ ကင်းထောက်များနေ့သည် နှစ်စဉ် ဇန်နဝါရီလ (၁)ရက်နေ့ဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။ အဆိုပါဖော်ပြချက်ဇယားအရ ကမ္ဘာပေါ်ရှိ ကင်းထောက် အထိမ်းအမှတ်နေ့အချို့ကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။



ကင်းထောက်လူငယ်မောင်မယ်များ တွေ့ဆုံပွဲ (ပြင်ဦးလွင်)မှ ကင်းထောက်မောင်မယ်များ

| စဉ် | နေ့ရက် | အထိမ်းအမှတ်နေ့ | နိုင်ငံ |
|---|---|---|---|
| ၁။ | ဇန်နဝါရီလ | ကင်းထောက်များနေ့ | မြန်မာ |
| ၂။ | ဖေဖော်ဝါရီလ(၂၂) | တည်ထောင်သူနေ့ | ကမ္ဘာ့အဝန်း |
| ၃။ | မတ်လ(၁၂) | ကင်းထောက်အမျိုးသမီးများမွေးနေ့ | အမေရိကန်ပြည်ထောင်စု |
| ၄။ | ဧပြီလ(၂၃) | ဘုရင်မ၏ကင်းထောက်အမျိုးသမီးချီတက်ပွဲ | ယူနိုက်တက်ကင်းဒမ်း |
| ၅။ | မေလ(၂) | ဂျပန်အမျိုးသမီးကင်းထောက်နေ့ | ဂျပန် |
| ၆။ | ဇူလိုင်လ(၁) | ကင်းထောက်များနေ့ | ထိုင်း |
| ၇။ | ဩဂုတ်လ(၁) | ကမ္ဘာ့ကင်းထောက်လည်စည်းနေ့ | ကမ္ဘာ့အဝန်း |
| ၈။ | စက်တင်ဘာလ(၅) | ကင်းထောက်နှင့် ကောင်းမှုပြုနေ့ | အာဂျင်တီးနား |
| ၉။ | အောက်တိုဘာလ | ကင်းထောက်လ | ဖိလစ်ပိုင် တို့ဖြစ်ပါသည်။ |

ကင်းထောက်လုပ်ငန်းသည် လူငယ်လူရွယ်များအား တန်ဖိုးရှိသည့် ပညာရပ်များ ဆည်းပူးလေ့လာရန်နှင့် တိုင်းပြည်အကျိုးပြုမည့် နိုင်ငံ၏အနာဂတ် ခေါင်းဆောင်ကောင်းများဖြစ်စေရန် ရည်ရွယ်မှုများဖြင့် ပြုစုပျိုးထောင်ပေးသည့် မွန်မြတ်သော လုပ်ငန်းကြီးဖြစ်ကာ ကိုယ်စွမ်းကိုယ်စရှိကာ တာဝန်ယူသည့် ကောင်းမွန်သောအကျင့်စာရိတ္တဖြင့် နိုင်ငံ့သားကောင်းများဖြစ်စေရန် ကြိုးပမ်းသည့် စစ်ရေးမစွက် နိုင်ငံရေးမဖက် လူမှုရေးသက်သက်ဖြစ်သည့် ကင်းထောက်အဖွဲ့အစည်းကြီးဖြစ်၍ မြန်မာနိုင်ငံရှိ ကင်းထောက်များအနေဖြင့် ဖေဖော်ဝါရီလ (၂၂)ရက်နေ့တွင် ကျရောက်မည့် ကင်းထောက်များနေ့ကိုလည်း ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှကင်းထောက်မောင်မယ်များအား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

# အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)အား ဖီဖာဥက္ကဋ္ဌ ဖွင့်လှစ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ မတည်ငွေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဖောင်ဒေးရှင်းတို့ပူးပေါင်းတည်ဆောက်ပြီးစီးခဲ့သည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနို တက်ရောက်သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနို၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုနှင့် တာဝန်ရှိသူများက အကယ်ဒမီကျောင်းအတွင်း ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား အမှတ်တရ လက်ဆောင် ပေးအပ်သည်။

ယင်းနောက် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် မြန်မာကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားသည်။ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် မွန်းလွဲပိုင်းက ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော်ခဲ့သည်။

ယင်းအကယ်ဒမီမှာ မြန်မာနိုင်ငံတွင် တတိယမြောက် ဖွင့်လှစ်သည့် အကယ်ဒမီဖြစ်ပြီး အကယ်ဒမီတိုင်းကို ဖီဖာ၏ ထောက်ပံ့ငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယနေ့ ဖွင့်လှစ်မည့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တည်ဆောက်မှုကုန်ကျငွေစုစုပေါင်း ဒေါ်လာ ၂၇၆၄၇၉၄ ရှိခဲ့ပြီး ဖီဖာမှ မတည်ငွေ ဒေါ်လာငါးသိန်း ရရှိခဲ့ကာ ကျန်ကုန်ကျစရိတ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တည်ထောင်ထားသည့် ရောဝတီဖောင်ဒေးရှင်းက စိုက်ထုတ်တည်ဆောက်ခဲ့ကာ မြက်ခင်းတုလေ့ကျင့်ရေးကွင်း နှစ်ကွင်းလည်း ပါဝင်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ဖွင့်လှစ်ပြီးပါက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)နှင့် (ပုသိမ်)တို့ သုံးခုစလုံးတွင် လူငယ်ကစားသမားကောင်းများ ထွက်ပေါ်လာရန်အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်ဖြစ်သည်။ အမျိုးသားဘောလုံး အကယ်ဒမီ(ရန်ကုန်)အတွက် လူရွေးပွဲကို မတ်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး နည်းစနစ်အဖွဲ့များဖွဲ့စည်းထားကာ အရည်အသွေး ပြည့်မီသည့် ကစားသမားကောင်းများ ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ လူရွေးပွဲကို မြို့နယ် ၅၂ ခုတွင် မတ်လမှစ၍ ကျင်းပမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်းက ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုအား အမှတ်တရလက်ဆောင် ပေးအပ်စဉ်

# ရန်ကုန်မြို့၌ ဦးကိုနီ၊ ဦးနေဝင်းနှင့် တာဝန်သိ အငှားယာဉ်မောင်းကြီးများအား ချီးမွမ်းဂုဏ်ပြုသည့်အခမ်းအနား ကျင်းပ



ဦးနေဝင်းအတွက် စေတနာရှင်များက လှူဒါန်းသော ဂုဏ်ပြုငွေများကို ၎င်း၏ ဇနီးထံ ပေးအပ်စဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်လေဆိပ်တွင် သေနတ်သမားတစ်ဦး၏ လုပ်ကြံမှုကြောင့် ကွယ်လွန်သွားခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေးကော်မတီဝင် ဦးကိုနီ (တရားလွှတ်တော်ချုပ်ရှေ့နေ)၊ စွန့်လွှတ်ရဲသူ ဦးနေဝင်းနှင့် တာဝန်သိ အငှားယာဉ်မောင်းကြီးများအား ချီးမွမ်းဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ဂုဏ်ပြုစကားပြောကြားကာ တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်ဒွေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သူများကိုယ်စား ဦးအရည်ကြိုက လုပ်ငန်းဆောင်ရွက်ခဲ့ပုံအကျဉ်းကို ရှင်းလင်းတင်ပြပြီး ပြည်တွင်း ၊ ပြည်ပမှ စေတနာရှင်များကပေးအပ်လှူဒါန်းခဲ့သော ဂုဏ်ပြုလှူဒါန်းငွေများကို သက်ဆိုင်သူတို့အား အသီးသီးပေးအပ်သည်။

ယနေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေးကော်မတီဝင် ဦးကိုနီ (တရားလွှတ်တော်ချုပ်ရှေ့နေ)၏ ကျန်ရစ်သူမိသားစုအား ငွေကျပ် ၂၀၄၈၂၉၆၀ ကိုလည်းကောင်း၊ လေဆိပ်အငှားယာဉ်မောင်း ဦးနေဝင်း(ကွယ်လွန်သူ)၏ ကျန်ရစ်သည့် မိသားစုအား ငွေကျပ် ၉၈၃၄၀၅၄၀ အားလည်းကောင်း၊ အငှားယာဉ်မောင်း ဦးကျော်ဦးအား ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ လေဆိပ်အငှားယာဉ်မောင်းများအတွက် ငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

"ဖြစ်ဖြစ်ချင်း ညမှာ ဘဏ်အကောင့်ကို စဖွင့်ခဲ့ပါတယ်၊ အဲဒီညမှာပဲ ဦးနေဝင်းအတွက် အလှူငွေကျပ် သိန်းတစ်ရာ ရရှိခဲ့ပါတယ်။ ဦးနေဝင်းအတွက် ရောဝတီဘဏ်မှာ ၁၀ ရက် အကောင့်ဖွင့်ပေးထားပါတယ်။ ဦးကိုနီအတွက်ကိုတော့ ဖေဖော်ဝါရီ တစ်ရက်နေ့ကစပြီး ဘဏ်အကောင့် ဖွင့်ပေးခဲ့ပါတယ်။ ငွေစာရင်းကိုလည်း ဘဏ်မှာထားပြီးဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အဆိုပါပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးသူ စေတနာ့ဝန်ထမ်း ဒေါ်သဉ္ဇာအေးက ပြောသည်။

ဦးနေဝင်းအတွက် စေတနာရှင်များက လှူဒါန်းသော ဂုဏ်ပြုငွေ စုစုပေါင်း ငွေကျပ် သိန်းကိုးရာကျော် ရရှိသည်ဖြစ်ရာ ယင်းတို့အနက် ၂၅ ရာခိုင်နှုန်းကို သမီးအကြီးအတွက် ပေးအပ်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် ၇၅ ရာခိုင်နှုန်းကို ကလေးသုံးဦးအတွက် ပေးအပ်သွားမည်ဖြစ်သည်။ ယင်းငွေများထဲမှ ကာယကံရှင်တို့ ကြိုက်နှစ်သက်သည့် တိုက်ခန်း(ငွေကျပ် သိန်း ၅၅၀ တန်ဖိုးရှိ) တစ်ခန်းကို ကလေးသုံးဦး၏ နာမည်ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုကာ ဝယ်ယူပေးသွားမည်ဖြစ်သည့်အပြင် ကျန်ရှိသည့်ငွေကျပ်သိန်း ၁၈၀ ကျော်ကို ဦးနေဝင်း၏ ဇနီးဖြစ်သူ(ကာယကံရှင်)ထံ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

# မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) တိုးတက်ကောင်းမွန်ရေး ဂျာမနီနိုင်ငံမှ ယူရို ငါးသန်းချေးယူရန် ပြည်ထောင်စုလွှတ်တော်၌ ရှင်းလင်း



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ချေးငွေအနေဖြင့် အတိုးနှုန်းသက်သာခြင်းနှင့် အမှန်တကယ်အကျိုးရှိထိရောက်စွာသုံးစွဲမည် ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သဘောတူခွင့်ပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် မြန်မာ့မီးရထား ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်) တိုးတက်ကောင်းမွန်ရေး စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျာမနီနိုင်ငံ KfW Development Bank ထံမှ ယူရို ၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရွာထောင် စက်ခေါင်းစက်ရုံ၏ ဘီးခုတ်စားစက်ကို အသုံးပြုနေသည်မှာ နှစ် ၄၀ ခန့်ကြာပြီ ဖြစ်သည့်အတွက် အကြီးစားပြုပြင်ရန် လိုအပ်နေပါကြောင်း၊ အဆိုပါစက်ဖြင့် ရထားဘီးများကို ခုတ်စားပြုပြင်နိုင်ရန်အတွက် ယခုချေးငွေဖြင့် ရယူဆောင်ရွက်လိုခြင်း ဖြစ်ပါကြောင်း၊ ယခုချေးငွေ ယူရို ၅ သန်းတွင် ကတိခံကြေးသည် ၀ ဒသမ ၂၅ ရာခိုင်နှုန်း၊ အတိုးနှုန်း ၀ ဒသမ ၇၅ ရာခိုင်နှုန်း စုစုပေါင်း ၀ ဒသမ ၁ ရာခိုင်နှုန်းခန့် ဖြစ်ပါကြောင်း၊ အကြွေးပြန်ဆပ်ရန် နောက်ကျပါက ၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ယူရို ၅ သန်းကို ခွဲဝေရရှိပါက စက်ခေါင်း ခုနစ်လုံးအထိ အသစ်နီးပါးအတိုင်း ရရှိမည်ဖြစ်ပြီး ယင်းအတွက် ၃ ဒသမ ၂၅ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

ဘီးခုတ်စက်အသစ်အတွက် ယူရို ၁ သန်း၊ သင်တန်းကျောင်းအတွက် ယူရို ၀ ဒသမ ၂၅ သန်း ကုန်ကျမည့်အပြင် ချေးငွေရယူသည့် ဝန်ဆောင်ခအတွက် ၁၀ ရာခိုင်နှုန်းခန့်ဖြစ်သော ယူရို ၀ ဒသမ ၅ သိန်းလည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သင်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ တပ်ဆင်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန်အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ထပ်မံကျခံရမည့် အပိုင်းလည်း ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယူရို ၅ သန်းကို သက်တမ်းအရ စွမ်းအားပြည့် အသုံးပြုနိုင်ခြင်းမရှိသည့် ဂျာမနီနိုင်ငံထုတ် ဒီဇယ်ဟိုက်ဒြောလစ် စက်ခေါင်းများနှင့် ရပ်ဆိုင်းထားရသော စက်ခေါင်းများကို အထူးမွမ်းမံပြင်ဆင်ခြင်းတွင် သုံးစွဲမည်ဟု သိရှိရပါကြောင်း၊ ထို့ပြင် ရထားစက်မှုသင်တန်းကျောင်းကို အဆင့်မြှင့်တင်ခြင်းဖြင့် စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနရှိ အရာထမ်း၊ အမှုထမ်းများအား စက်ခေါင်းပြုပြင်မွမ်းမံမှုခေတ်မီနည်းစနစ်များ စနစ်တကျ စာတွေ့၊ လက်တွေ့ သင်ကြားပေးနိုင်ရန်နှင့် ကျွမ်းကျင်မှုမြင့်မားပြီး အရည်အသွေးပိုမိုတိုးတက်သည့် ဝန်ထမ်းများ ပေါ်ထွက်လာခြင်းတို့ဖြင့် မြန်မာ့မီးရထားအတွက် များစွာ အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေရယူရာတွင် သက်သာသောချေးငွေ (Concessional Loan) ဟုတ်၊ မဟုတ်၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ အသိအမှတ်ပြုထားသော Grant Element နည်းလမ်းဖြင့် ဆန်းစစ်ရာတွင် သက်သာမှုရှိသော ချေးငွေအတွက် အနိမ့်ဆုံးရှိရမည့် Grant Element ၃၅ ရာခိုင်နှုန်း ထက်ပိုမိုပြီး ၄၉ ဒသမ ၀၆ ရာခိုင်နှုန်း ရရှိသည့်အတွက် သက်သာမှုရှိသော ချေးငွေဖြစ်သည်ကို ဆန်းစစ်တွေ့ရှိရပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် **ကာလလတ် ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ အပိုဒ် ၃၁ တွင် ပြည်ပမှ ချေးငွေရယူခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်တို့ဖြင့် နှစ်နိုင်ငံဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများမှ သက်သာသော ချေးငွေများကို ဦးစားပေးရယူမည်ဖြစ်ပါသည်**ဟု ဖော်ပြထားရာ အဆိုပါမဟာဗျူဟာနှင့်လည်း ကိုက်ညီပါကြောင်း၊ ချေးငွေကို မြန်မာ့မီးရထားမှ တာဝန်ယူမှု တာဝန်ခံမှုဖြင့် သုံးစွဲရမည်ဖြစ်ပြီး ပြန်လည်ပေးဆပ်ရန်လည်း စနစ်တကျ စီမံထားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်အထိ နိုင်ငံတော်၏ ပြည်ပကြွေးမြီ လက်ကျန်မှာ ငွေကျပ် ၁၀၆၅၃ ဒသမ ၀၀၇ ဘီလီယံရှိပြီး ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၃ ဒသမ ၁ ရာခိုင်နှုန်းရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကမန်းဝင်းခိုင်သန်းက အဆိုပါ ချေးငွေကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာ သက်သက်ခိုင်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်နှင့် ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် **ဥပဒေကြမ်း** ပူးပေါင်းကော်မတီ၏ တင်ပြချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းကို လာမည့်လွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယကက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး၏ အဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei Al Emadi အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ အဆောင်အမှတ် (I-11) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)



**ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ကာတာနိုင်ငံ သံအမတ်ကြီး H.E.Mr. Hassan Bin Mohamed Rafei Al Emadi အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**

## ဧရာဝတီမြစ်ကူးတံတား( ညောင်တုန်း ) ရေလမ်းကြောင်းပြောင်းလဲမည်

ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း) ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၃)နှင့် (၁၄) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၂)နှင့် (၁၃) အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၁၂)နှင့် (၁၃) အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၁) နှင့်(၁၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်ပါသည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၂၆၂ ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၅၇ ပေရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍၊ ညအခါ မီးစိမ်းထွန်း ပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားပါမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲ၊တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## တောင်ကြီး-လွယ်လင်-နမ့်ဆန် ကားလမ်း အဆင့်မြှင့်တင်နေ

**တောင်ကြီး ဖေဖော်ဝါရီ ၁၇**

တောင်ကြီး-လွယ်လင်-နမ့်ဆန် ကားလမ်းအား ယခုအခါ လမ်းပိုင်းအလိုက် လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်းဖြင့် အဆင့်မြှင့်တင်လျက်ရှိသည်။

တောင်ကြီး-ထမ်ဆန်ဂူအပိုင်း ၂၅ မိုင် ၆ ဖာလုံကို လမ်းသားအကျယ် ၁၈ ပေရအောင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လမ်းပိုင်းတစ်လျှောက် ၁၈ ပေ အကျယ်မှ ၂၄ ပေ ချဲ့ခြင်း၊ အခြေခံလွှာတည်ဆောက်ခြင်း၊ ၂၄ ပေ ချဲ့ပြီးသော အပိုင်းများအား ထပ်ပိုးလွှာခင်းခြင်း စသည့်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လမ်းဦးစီးဌာန အဆင့်ဆင့်တို့၏ ညွှန်ကြားချက်၊ စည်းကမ်းသတ်မှတ်ချက်များ အတိုင်း၊ လမ်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် မိုးရာသီ သဘာဝဘေးဒဏ်ခံနိုင်ရန်အတွက် အလေးထားဆောင်ရွက်နေကြောင်းကို လမ်းဖောက်လုပ်ရေး BOT ကုမ္ပဏီမှ စီမံကိန်းမန်နေဂျာက ပြောသည်။

**ခရမ်း-စိုးမြင့်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ (မိုး/ဇလ)

❐ *ကျော်ဖုံးမှ*

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများပူးပေါင်းကာ မှတ်ပုံတင်မဲ့ယာဉ်များ ဖမ်းဆီးနိုင်ရေး အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

"လက်ရှိကြုံတွေ့နေရတာက မှတ်ပုံတင်မဲ့ယာဉ်တွေ နိုင်ငံအနှံ့မှာ ဖမ်းဆီးရမိတယ်။ ရန်ကုန်တိုင်းဒေသကြီးထဲမှာ မှတ်ပုံတင်မဲ့ယာဉ်တွေ အတိုင်းအတာတစ်ခုထိ ရှိနေတယ်။ ဒီဖြစ်စဉ်ရဲ့ အစက တချို့ မသမာတဲ့သူတွေအနေနဲ့ ကျွန်တော်တို့ဆီက ထုတ်ပေးထားတဲ့ ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်သက်သေခံလက်မှတ်တို့ကို အတုပြုလုပ်ပြီး မသိနားမလည်တဲ့ ပြည်သူတွေကို ရောင်းချကြတယ်။ အဲဒီယာဉ်တွေကို ဝယ်ထားတဲ့သူက ကျွန်တော်တို့ဆီမှာ သက်တမ်းတိုးတော့ မော်တော်ယာဉ်ကလည်း အတု၊ ယာဉ်သက်သေခံလက်မှတ်ကလည်း အတု၊ ယာဉ်မှတ်ပုံတင်စာအုပ်ကလည်း အတုဖြစ်တာတွေ တွေ့ရတယ်။ အဲဒီလိုတွေ့ရင် ကျွန်တော်တို့ဌာနရဲ့ လုပ်ထုံးလုပ်နည်းအရ ဌာနက ထုတ်ပေးထားတဲ့စာအုပ်တွေ အတုပြုလုပ်မှုနဲ့ သက်ဆိုင်ရာ ရဲစခန်းကို အမှုဖွင့်တရားစွဲ ဆောင်ရွက်ရတာရှိတယ်။



ဦးသိန်းဦး
(တိုင်းဒေသကြီး
ဦးစီးမှူး)

တရားစွဲတဲ့အခါမှာ တချို့က မသိနားမလည်လို့ ဝယ်လိုက်တာ။ တချို့က အပြင်ပေါက်ဈေးနဲ့ ကြည့်မယ်ဆိုရင် ယာဉ်ကကောင်းတယ်၊ ဈေးလည်းချိုတဲ့ အခါကျတော့ ဝယ်လိုက်မိတာရှိတာပေါ့။ တချို့လည်း သိရက်နဲ့ လာလုပ်တာတွေရှိတယ်။ ပုံစံအမျိုးမျိုးနဲ့ ဖမ်းမိတာရှိတယ်။ ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် ကျွန်တော်တို့က မမှန်ကန်ရင်တော့ တရားဥပဒေနဲ့အညီ အမှုဖွင့်တရားစွဲဆိုတာတွေ လုပ်ပါတယ်။ ဒါကြောင့် မသိနားမလည်တဲ့သူတွေ နစ်နာမှုမရှိအောင် ရောင်းတဲ့သူရော၊ ဝယ်တဲ့သူပါ နှစ်ဖက်စလုံးက အရောင်းအဝယ်မပြုလုပ်မီ ဌာနကို ယာဉ်လာစစ်ဆေးတာ လုပ်စေချင်တယ်။ ဒါမှမဟုတ် နှစ်ဦးနှစ်ဖက်အရောင်းအဝယ်လုပ်တဲ့အချိန် ပြည်သူတွေအနေနဲ့ ယာဉ်တစ်စီးဝယ်ရင် မလိုအပ်ဘဲ နစ်နာမှုမရှိအောင်နဲ့ ဆုံးရှုံးမှုမရှိအောင် ကျွန်တော်တို့ဆီ လာစစ်ဆေးစေချင်တယ်။ ဌာနက ထုတ်ပေးထားတာတွေ စစ်ဆေးပြီး မှန်ကန်မှ ဝယ်တာကောင်းတယ်။

အထူးသဖြင့် ဝယ်တဲ့သူမနစ်နာအောင်ပေါ့။ လာစစ်ဆေးတဲ့အခါမှာလည်း ရောင်းတဲ့သူပါခေါ်လာရင် ပိုအဆင်ပြေတယ်။ တချို့ကမပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝယ်လိုက်လို့ ပိုက်ဆံလည်း ဆုံးရှုံးတယ်၊ တရားစွဲဆိုတာလည်း ခံရတယ်ဆိုတာမျိုး ဖြစ်မှာစိုးလို့ ရောင်းတဲ့သူကိုပါခေါ်ခဲ့ဖို့ ပြောချင်တာပါ။ နှစ်ဖက်စလုံးလာပြီး အစစ်ဆေးခံတဲ့အခါကျရင် မဟုတ်မမှန်လုပ်ပြီး ရောင်းတဲ့သူကို ကျွန်တော်တို့က တရားစွဲလို့ရတယ်။ အဲ့ဒါကြောင့် မှတ်ပုံတင်မဲ့ယာဉ် မပေါ်ပေါက်စေရေးက ဝယ်မယ့်ယာဉ်ဝယ်စီးတဲ့ ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့ လိုအပ်ပါတယ်"ဟု တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဦး(ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး)က ပြောသည်။

ဖမ်းဆီးရမိထားသော ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မှတ်ပုံတင်မဲ့ယာဉ်များကို လောလောဆယ်တွင် သဃ်န်းကျွန်းမြို့နယ်ရဲစခန်း၌ အမှုဖွင့်အပ်နှံထားပြီး စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ပြည်သူပိုင်အဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။ လတ်တလောတွင်လည်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်မဲ့ယာဉ်များ ဖမ်းဆီးနိုင်ရေး အဖွဲ့ခြောက်ဖွဲ့ဖြင့် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်နှစ်လဲ သက်တမ်းတိုး၊ ယာဉ်မောင်းလိုင်စင် အသစ်ပြုလုပ်ပေးမှုနှင့် သက်တမ်းတိုးလုပ်ငန်းများကို အဓိက တာဝန်တစ်ရပ်အဖြစ် ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ပြီး ရန်ကုန်မြို့ စည်ပင်ပြင်ပမြို့နယ်များတွင်လည်း မော်တော်ဆိုင်ကယ်လိုင်စင်ပြုလုပ်ပေးမှုနှင့် သက်တမ်းတိုးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မော်တော်ယာဉ်စုစုပေါင်း ရှစ်သိန်းကျော်ရှိပြီး ယင်းအနက် ငါးသိန်းကျော်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်တည်ရှိကာ ကျန်သုံးသိန်းကျော်ဝန်းကျင်မှာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း၌ အသုံးပြုလျက်ရှိသည်။ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံတစ်ဝန်း ရာခိုင်နှုန်း ၇၀ကျော်သော မော်တော်ယာဉ်အများစု ဝန်ဆောင်မှုလုပ်ငန်းများကို အများဆုံးအကောင်အထည်ဖော်လုပ်ဆောင်နေရသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်လဲသက်တမ်းတိုးမှု One Stop Service လုပ်ငန်းခွင်မှ ဒု-ဦးစီးမှူး မဥမ္မာမွန်က "ကျွန်မတို့ဌာနအနေနဲ့ ယာဉ်အစီးရေ တစ်နေ့ပျမ်းမျှ ၈၀ လောက်ထိ ဝန်ဆောင်မှုပေးပါတယ်။ လဆန်းပိုင်းမှာ ယာဉ်အစီးရေ ၄၀၊ ၅၀ ဝန်းကျင်လောက်ရှိတယ်။ လကုန်ခါနီး ရက် ၂၀ ကျော်သွားပြီဆိုတာနဲ့ ပိုတိုးလာကြတယ်။ ဌာနအနေနဲ့က ရက်ပေါင်း ၉၀ သက်တမ်းကြိုတိုးခွင့်ပေးထားတယ်။ ဒါပေမယ့် လလယ်ပိုင်းလောက်ထိ သက်တမ်းတိုးတဲ့ယာဉ်အစီးရေက နည်းတယ်။ လရဲ့ရက် ၂၀ ကျော်တာနဲ့ အတော်လေးများလာတာ တွေ့ရတယ်။ ဒါက လစဉ်ပဲ။ ကျန်ကိုယ်စားလှယ်နဲ့ ဝန်ဆောင်မှုပေးတဲ့ ဘက်မှာလည်း အဲဒီကာလမှာဆိုများတယ်။

ကျွန်မတို့ဘက်ကတော့ နာမည်ပေါက်တဲ့သူကို One Stop Service အဖြစ် အဓိကထားလုပ်ပေးတယ်ဆိုပေမယ့် ကိုယ်တိုင် မလာနိုင်ဘူးဆိုရင် သန်းခေါင်စာရင်းဝင်တဲ့သူလာရင်လည်း ကျွန်မတို့အနေနဲ့ ပြန်မသွားရအောင် အဆင်ပြေရင်ပြေသလို ဝန်ဆောင်မှုပေးပါတယ်။ စောင့်ဆိုင်းချိန်အနေနဲ့လည်း စပြီး တန်းစီတဲ့အချိန်ကနေ ယာဉ်ပိုင်ရှင်တွေ ကိုယ်တိုင်လာတယ်ဆိုရင် One Stop Service အနေနဲ့ အလွန်ဆုံး ၂၅ မိနစ်၊ မိနစ် ၃၀ လောက်သာကြာပြီး ကိုယ်စားလှယ်ဘက်မှာဆိုရင်တော့ ၄၅ မိနစ်၊ မိနစ် ၅၀ လောက်တော့ ကြာပါတယ်"ဟု ပြောသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ၆ဂ အက္ခရာနှင့် အထက် ကိုယ်ပိုင်လူစီးမော်တော်ယာဉ်ငယ်များကို နှစ်နှစ် သက်တမ်းတိုးပေးလျက်ရှိပြီး နှစ်နှစ်စာ မှတ်ပုံတင်ကြေးပေးသွင်းခ ငွေကျပ် ၃၀၀၀၀၊ ယာဉ်စစ်ဆေးခ ငွေကျပ် ၅၀၀၀၊ ဟိုလိုခရမ် ငွေကျပ် ၂၀၀၊ အဝိုင်း ပလတ်စတစ် ငွေကျပ် ၁၀၀နှင့် အဝိုင်း ငွေကျပ် ၁၀၀၀ တို့ကို ပေးသွင်းရသည်။ စုစုပေါင်းကုန်ကျငွေကျပ် ၃၆၃၀၀ ပေးသွင်းရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်း ကျော်လွန်ပါက ဒဏ်ကြေးအဖြစ် ငွေကျပ် ၇၅၀၀ ပိုသွင်းရမည်ဖြစ်သည်။ အလားတူ အငှားယာဉ်များအနေဖြင့်လည်း အဆိုပါအတိုင်း ပေးသွင်းရမည်ဖြစ်ပြီး အခြားကိုယ်ပိုင်ယာဉ်များမှာ မှတ်ပုံတင်ကြေးပေးသွင်း ငွေကျပ် ၁၅၀၀၀၊ ယာဉ်စစ်ဆေးခ ငွေကျပ် ၅၀၀၊ ဟိုလိုဂရမ် ငွေကျပ် ၂၀၀၊ အဝိုင်း



လတ်တလော ဖမ်းဆီးမိသော မှတ်ပုံတင်မဲ့ယာဉ်များကို သဃ်န်းကျွန်းရဲစခန်း၌ တွေ့ရစဉ်

ပလတ်စတစ် ငွေကျပ် ၁၀၀၊ အဝိုင်းငွေကျပ် ၁၀၀၀ ပေးသွင်းရမည်ဖြစ်၍ ဌာနသို့ စုစုပေါင်းငွေကျပ် ၂၁၃၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

"မော်တော်ယာဉ်တွေ မှတ်ပုံတင်တဲ့အခါမှာ ကျသင့်တာထက် ပိုပေးရတယ်ဆိုတာ ပြည်သူတွေကြားမှာ အသံထွက်နေတယ်။ အဲဒါကြောင့် သက်တမ်းတိုးမယ်ဆိုရင် ဘယ်လောက်ကုန်တယ်၊ ဘယ်လောက်ကျတယ်ဆိုတာကို ကျွန်တော်တို့က ဗီနိုင်းတွေနဲ့ ကြေညာထားသလို ရုံးဝင်တာနဲ့ လက်ကမ်းစာစောင်တွေကိုလည်း ဝေပါတယ်။ ယာဉ်တစ်စီးသက်တမ်းတိုးရင် ဘယ်လောက်ပဲကျမယ်။ ကုန်ကျစရိတ်တွေပါ အသေးစိတ် ဖော်ပြပေးထားတယ်။ သက်တမ်းတိုးတာပဲဖြစ်ဖြစ်၊ မော်တော်ယာဉ်နဲ့ပတ်သက်ပြီး ဝန်ဆောင်မှုတစ်ခုခုလုပ်တော့မယ်ဆိုရင် ပိုင်ရှင်ကိုယ်တိုင်လာလုပ်တဲ့စနစ်ကို လုပ်စေချင်တယ်။

ပိုင်ရှင်ကိုယ်တိုင်လာပြီး လုပ်ခြင်းအားဖြင့် မလိုအပ်တဲ့ ပြဿနာတွေပပျောက်မယ်။ လျှော့နည်းမယ်။ ပိုင်ရှင်လည်း မနစ်နာဘူး။ ဌာနပုံရိပ်လည်း မထိခိုက်ဘူး။ မဟုတ်ရင် ကြားထဲကလူက မမှန်မကန်လုပ်ခဲ့တယ်ဆိုရင် ဌာနလည်း မကောင်းဘူး။ ကာယကံရှင်လည်း နစ်နာတယ်။ ဒါကြောင့် ပိုင်ရှင်ကိုယ်တိုင်လာလုပ်စေချင်တာ။ ဒါကြောင့် ပိုင်ရှင်ကိုယ်တိုင်လာလုပ်နိုင်အောင် သီးသန့်အနေနဲ့လည်း စီစဉ်ထားပေးပါတယ်။ ပိုင်ရှင်ကိုယ်တိုင်လာလုပ်ရင် One Stop Service နဲ့ လုပ်ပေးတယ်။ အဲဒီနေရာမှာပဲ ငွေသွင်း၊ ယာဉ်စစ်၊ မှတ်ပုံတင်လုပ် တစ်ခါတည်း One Stop Service လုပ်ပေးတယ်။ အဲဒီမှာ ကားတစ်စီးကို မိနစ် ၂၀၊ ၂၅ မိနစ်လောက်အတွင်း ပြီးအောင်လုပ်ပေးတယ်။ လုပ်နေတဲ့ကာလမှာလည်း နားနေခန်းတွေလုပ်ပေးထားတယ်။ ပိုင်ရှင်ကိုယ်တိုင်လုပ်စေချင်တဲ့အတွက် အထူးကိစ္စရပ်အနေနဲ့ ဝန်ဆောင်မှုလုပ်ပေးနေတာဖြစ်တယ်။ သာမန်အားဖြင့် ကိုယ်စားလှယ်နဲ့လုပ်တယ်ဆိုရင်တော့ ကိုယ်စားလှယ်နဲ့ လုပ်တဲ့ယာဉ်စစ်နေရာရှိတယ်။ ကိုယ်စားလှယ်နဲ့လုပ်တဲ့သူကတော့ ယာဉ်သွားစစ်ရမယ်။ ပိုက်ဆံသွင်းရမယ်။ အဆင့်ဆင့်တော့လုပ်ရတာပေါ့။ အဲဒီလို ကိုယ်စားလာလုပ်တဲ့သူကိုတစ်မျိုး ကိုယ်တိုင်လုပ်တဲ့သူကို တစ်မျိုးဆိုပြီးတော့ ခွဲထားတာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တိုင်လုပ်စေချင်လို့ပါ။ မှတ်ပုံတင်လုပ်ငန်းမှာလည်း ကိုယ်တိုင်လုပ်ခြင်းနဲ့ ကိုယ်စားလှယ်လုပ်ခြင်းဆိုပြီးတော့ နှစ်မျိုးလုပ်ထားတယ်။ အကြောင်းကြောင်းကြောင့် ကိုယ်တိုင်လာမလုပ်နိုင်တဲ့သူတွေရှိရင် အဆင်ပြေဖို့ စီစဉ်ပေးထားတာပါ။

ဒါကြောင့် ဌာနအနေနဲ့ ခွင့်ပြုပေးထားတာရှိပါတယ်။ အထောက်အထားတွေပြနိုင်တယ်၊ မှန်ကန်တယ်ဆိုရင် လုပ်ပေးပါတယ်။ ကိုယ်တိုင်လာလုပ်တာတော့ ပိုကောင်းတာပေါ့။ ကိုယ်တိုင်လာလုပ်စေချင်လို့ အထူးအစီအစဉ်တစ်ရပ်အနေနဲ့ လုပ်ပေးထားတာ မျိုးလေးတွေရှိတယ်။ ဒီနေ့ထိတော့ ကိုယ်တိုင်လာလုပ်တာ ရာခိုင်နှုန်း ၃၀ လောက်ပဲ ရှိသေးတယ်။ တဖြည်းဖြည်းများလာတယ်။ ကောင်းတာက ရာနှုန်းပြည့်လောက် ပိုင်ရှင်ကိုယ်တိုင် လာလုပ်တယ်ဆိုရင် အဆင်ပြေတယ်။ လာလုပ်တဲ့ အခါမျိုးမှာ ပြည်သူတွေအနေနဲ့ နစ်နာမှုမရှိအောင် ကိုယ်တိုင်လာလုပ်ပါလို့ ပြောချင်ပါတယ်"ဟု ဦးသိန်းဦး(တိုင်းဒေသကြီး ဦးစီးမှူး)က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နှစ်လဲမှတ်ပုံတင်လဲလှယ်မှု လုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိပြီး မော်တော်ယာဉ် ကနဦးမှတ်ပုံတင်လုပ်ငန်းကို ထောက်ကြန့်တွင် ရုံးချုပ်ကွပ်ကဲမှုဖြင့် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ တိုင်းဒေသကြီး ကညနအနေဖြင့် ခရိုင်ရုံး (ရန်ကုန် အနောက်ပိုင်း)အတွင်းရှိ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံ၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဒဂုံ၊ ဗဟန်း၊ ဆိပ်ကမ်း၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မရမ်းကုန်းနှင့် မြောက်ဥက္ကလာပမြို့နယ် ၁၄ မြို့နယ်အတွင်းရှိ မော်တော်ယာဉ်များနှင့် သက်ဆိုင်သောလုပ်ငန်းများကို လုပ်ကိုင်ပေးလျက်ရှိသည်။ ယခုအခါ ရန်ကုန်မြို့တွင် ကားပါကင်စနစ်ဖြင့်သာ ကားဝယ်ယူမှုကို ခွင့်ပြုထားပြီး ပါကင်ပေးစနစ်သည်လည်း လတ်တလော ယာယီပိတ်ထားသဖြင့် ယာဉ်အသစ်တိုးမှုမှာ မရှိသလောက်ပင်ဖြစ်သည်။ အစိုးရဌာနပိုင် မော်တော်ယာဉ်သာ ခွင့်ပြုချက်ပေးထားပြီး ပုဂ္ဂလိကများအနေဖြင့် ဝယ်ယူခွင့်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေနဲ့ ရပ်ဆိုင်းထားကြောင်း သိရသည်။

တစ်ဆင့်အမည်ပေါက် ယာဉ်ပိုင်ရှင်တစ်ဦးဖြစ်သည့် မျိုးမင်းလှိုင်က ကညနရုံးတွင် မှတ်ပုံတင်လဲလှယ်သက်တမ်းတိုးတာနဲ့ပတ်သက်ပြီး "အရင်တုန်းကတော့ကျပ်တယ်။ အခု အရည်ကျိုပေါ်ပြီး နောက်ပိုင်းတော့ နည်းနည်းအဆင်ပြေလာတယ်။ မြန်လာတယ်။ ကျွန်တော်က ကိုယ်တိုင်လာလုပ်တာပါ။ အရင်ကတော့ ပွဲစားနဲ့လုပ်ဖြစ်သေးတယ်။ နောက်ပိုင်း Owner Book အလွဲအများဖြစ်မှာ စိုးတာကြောင့် ကိုယ်တိုင်လုပ်ဖြစ်တာများပါတယ်။ ကိုယ်တိုင်လုပ်တော့ စိတ်မပူရဘူးပေါ့။ တချို့ဆို အလွဲသုံးစားလုပ်တာတွေ ခံရတာရှိကြတယ်။ ကိုယ်တိုင်ပဲလုပ်လုပ်၊ ကိုယ်စားလှယ်နဲ့ပဲ လုပ်လုပ်ခဲခြစ်၊ ယာဉ်စစ်နဲ့ဆို အချိန်ကွာခြားမှုကတော့ သိပ်မရှိပါဘူး။ ကားရှင်းရင် ရှင်းသလို မြန်တယ်။ ဒီဘက်မှာက အဆင့်ဆင့်လုပ်နေရတာများတယ်။ ကျွန်တော်က အမည်ပေါက်မဟုတ်တော့ ဒီဘက်ကိုလာလုပ်ရတယ်။ အမည်ပေါက်ဆိုရင်တော့ One Stop Service ဘက်ကို လုပ်ရတာ မြန်တာပေါ့။ ဒီဘက်ကိုလည်း အဲဒီလို တစ်နေရာတည်း လုပ်ပေးထားရင် ပိုကောင်းမှာပါ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန (ကညန)အနေဖြင့် ယခုအခါ မော်တော်ယာဉ် နှစ်လဲ သက်တမ်းတိုး၊ ယာဉ်မောင်းလိုင်စင်အသစ် ပြုလုပ်ပေးမှုနှင့် သက်တမ်းတိုးလုပ်ငန်းများကို အဓိက တာဝန်တစ်ရပ်အဖြစ် ပြည်သူများအား ဝန်ဆောင်မှုပေးလျက်ရှိပြီး တရားမဝင်မှတ်ပုံတင်မဲ့ယာဉ်များကိုလည်း ထပ်မံဖမ်းဆီးနိုင်ရေး အကောင်အထည်ဖော် အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

## နည်းပညာသစ် စိုက်ပျိုးသွင်းအားစုများ လျှော့ဈေးဖြင့်ရောင်းချခြင်းမိတ်ဆက်

**ကလော ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့တွင် ခိုင်မာသော ဟင်းသီးဟင်းရွက် ဈေးကွက်စနစ်ဖော်ဆောင်ခြင်း စီမံကိန်းနှင့် လျှော့ဈေးဖြင့် ရောင်းချခြင်းအစီအစဉ်သစ် မိတ်ဆက်ခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်က အောင်ပန်းမြို့ SS Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလောမြို့နယ်ဦးစီးမှူး ဒေါ်သက်သက်အေးက အမှာစကားပြောကြားပြီး Mr. Poshan Bahadur KC Senior Portfolio Manager က မိတ်ဆက်စကားပြောကြားခဲ့သည်။ ထို့နောက် မာလာမြိုင်ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးရဲမာန်ထွန်းက program မိတ်ဆက်ခြင်း၊ ဒေါ်နှင်းနွယ်နွယ်စိုးက ခိုင်မာသော ဟင်းသီးဟင်းရွက်ဈေးကွက်စနစ်ဖော်ဆောင်ခြင်း စီမံကိန်းမိတ်ဆက်ခြင်း၊ ဦးမိုးနိုင်ဦးက အသုံးပြုပုံနှင့် အကျိုးသက်ရောက်မှုတို့အားလည်းကောင်း၊ MFI project Manager ဒေါ်အယ်လ်ခေါင်နော်က Business Advisory Service (BAS) Program အကြောင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အရည်အသွေးကောင်းမွန်သော သွင်းအားစုဈေးကွက်ကို တောင်သူများနှင့်ချိတ်ဆက်မိအောင် အစိုးရဌာန၊ NGO၊ INGO များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရောင်းဆိုင်များနှင့် တောင်သူများ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြမည်နည်း ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရခိုင်စာပေဟောပြောပွဲကော်မတီ သတင်းစာရှင်းလင်း

**စစ်တွေ ဖေဖော်ဝါရီ ၁၇**

ရခိုင်စာပေဟောပြောပွဲ ကော်မတီ သတင်းစာရှင်းလင်းပွဲကို စစ်တွေမြို့ရှိ ရခိုင်ဒေသဖွံ့ဖြိုးရေး ဝံလတ်ဖောင်ဒေးရှင်းရုံး၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ရခိုင်စာပေဟောပြောပွဲကော်မတီ နာယကနှင့်တာဝန်ခံများက ရခိုင်စာပေဟောပြောပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော မီဒီယာများမှ မေးမြန်းကြရာ ရခိုင်စာပေဟောပြောပွဲ တာဝန်ခံ မောင်လှိုင်(လမု)က ပြန်လည်ဖြေကြားပေးသည်။

ရခိုင်စာပေဟောပြောပွဲ ကော်မတီသည် ရခိုင်စာပေ၊ ရခိုင်သမိုင်း၊ ယဉ်ကျေးမှုစသည့် ရခိုင်အမျိုးသားတန်ဖိုးများကို ကျယ်ပြန့်စွာသိရှိနားလည်ပြီး ပိုမိုတိုးတက်မြင့်မားအောင် ဆောင်ရွက်လာနိုင်ရန် ရခိုင်ပြည်နယ် မြို့နယ်ပေါင်းစုံမှပါဝင်ကာ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မနက်ဖြန်နံနက်ထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

# ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာသစ်သားပန်းပုပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဇဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းတို့ပူးပေါင်းကျင်းပသော ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ သစ်သားပန်းပုပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဆရာစံပလာဇာ၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်ပန်းပုဆရာများ တက်ရောက်ကြသည်။

"ကျွန်တော်တို့ ဒီပန်းပုပြိုင်ပွဲကြီးဟာ ပန်းပုပညာရှင်မျိုးဆက်တွေ ဆက်လက်မွေးထုတ်ပေးနေတဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် မြန်မာ့ရိုးရာပန်းပုလက်ရာအနုပညာပစ္စည်းတွေ ကမ္ဘာကသိအောင်၊ ကမ္ဘာ့ဈေးကွက်ကို



ထိုးဖောက်နိုင်အောင် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ထို့အတူ ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးခင်မောင်အေးကလည်း "ဆဋ္ဌမအကြိမ်မြောက် ပန်းပုပြိုင်ပွဲကြီးဟာ ကမ္ဘာ့အကြီးကျယ်ဆုံး ပန်းပုပြိုင်ပွဲကြီးလို့တောင် ပြောလို့ရပါတယ်။ နာဂစ်မုန်တိုင်းကြောင့် ပြိုလဲသွားတဲ့ နှစ်ပေါင်း ၁၅၀ ခန့်ရှိတဲ့ သစ်ပင်ကြီးတွေကို နာဂစ်အလွန် ပန်းပုပြပွဲနဲ့အတူ ပန်းပုပညာရှင်ကောင်းတွေ ဆက်လက်ပေါ်ထွက်လာဖို့ရည်ရွယ်ပြီး ယခုလို ပြိုင်ပွဲကြီးကို ငွေကုန်ကြေးကျခံကာ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ ဒါးပိန်၊ ရန်ကုန်နှင့် ပဲခူးမြို့များမှ ပန်းပုဆရာများ ပါဝင်ဆင်နွှဲခဲ့ပြီး ပြိုင်ပွဲဝင်ပန်းပုအရုပ်ပေါင်း ၁၇၃ ရုပ်ရှိကြောင်း၊ ပြိုင်ပွဲအမျိုးအစားများကို မော်ဒန်နှင့် စိတ်ကြိုက်ဟူ၍ သတ်မှတ်ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။

မော်ဒန်ပန်းပုပြိုင်ပွဲတွင် ဒါးပိန်မှ ဦးအောင်ကျော်ထွေးက "အမေ့ပီတိ" ဟုအမည်ပေးထားသော ပန်းပုရုပ်ဖြင့် ပထမဆုငွေကျပ် သိန်း ၅၀ နှင့် ရွှေတံဆိပ်ဆု၊ မြောက်ဥက္ကလာပမြို့နယ်မှ ဦးသက်ဝင်းက "ဘဝတဏှာ" ဟုအမည်ပေးထားသော ပန်းပုရုပ်ဖြင့် ဒုတိယဆုငွေကျပ် သိန်း ၃၀ နှင့် ရွှေတံဆိပ်ဆု၊ ဒါးပိန်မှ ဦးအောင်ကိုကိုက "ဘဝမြဲဖို့ တူနှစ်ကိုယ်လက်တွဲစို့" ဟု အမည်ပေးထားသော ပန်းပုရုပ်ဖြင့် တတိယဆုငွေကျပ်သိန်း ၂၀ နှင့် ရွှေတံဆိပ်ဆုများ ဆွတ်ခူးသွားခဲ့ကြသည်။

စိတ်ကြိုက်ပန်းပုပြိုင်ပွဲတွင် ဒါးပိန်မှ ဦးကျော်စွာက "နှစ်ဖဝါး၊ နှစ်ထွာ လွတ်မှာလားကွယ်" ဟူသော မိန်းကလေးများ ဖန်ခုန်တမ်းကစားနေပုံ ပန်းပုရုပ်ဖြင့် ပထမဆုငွေကျပ်သိန်း ၅၀ နှင့် ရွှေတံဆိပ်ဆု၊ ရွှေပြည်မှ ဦးအောင်ဆန်းညွန့်က "ဒို့မြေမှာ၊ ဒို့အစာ ပေါကြွယ်ဝတာ" ဟု အမည်ပေးထားသော မြင်းသားအမိ မြက်စားနေပုံဖြင့် ဒုတိယဆုငွေကျပ်သိန်း ၃၀ နှင့် ရွှေတံဆိပ်ဆု၊ ဒါးပိန်မှ ဦးမျိုးသူရက "မေမေစိုက်တဲ့ ရွှေဖရုံပင်" အမည်ပေးထားသော ပန်းပုရုပ်ဖြင့် တတိယဆု ငွေကျပ်သိန်း ၂၀ နှင့် ရွှေတံဆိပ်ဆုများ ဆွတ်ခူးခဲ့ကြသည်။

ထို့အပြင် မော်ဒန်ပြိုင်ပွဲတွင်အထူးဆုခုနစ်ဆု၊ စိတ်ကြိုက်ပြိုင်ပွဲတွင် အထူးဆုကိုးဆုတို့ကိုလည်း ပေးအပ်ခဲ့ရာ အထူးဆုတစ်ဆုချင်းစီအတွက် ငွေကျပ်ငါးသိန်းစီချီးမြှင့်ပေးအပ်သည်။ ယင်းသစ်သားပန်းပုပြိုင်ပွဲများကို ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ၂၀၀၉ ခုနှစ်မှ စတင်ကာ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ နှင့်ယခု ၂၀၁၇ ခုနှစ်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲစတင်သည်မှ ယနေ့အထိ ဆုရပန်းပုအရုပ်များကို ရောင်းချခြင်းမပြုဘဲ ဇဟိုသမဝါယမအသင်းနှင့် ကောင်းမြန်မာအောင်ဖောင်ဒေးရှင်းတို့က ပန်းပုရိုးရာအမွေအနှစ်အဖြစ်ထိန်းသိမ်းထားပြီး ဆရာစံပလာဇာ (သမဝါယမစီးပွားရေးဇဟို) အဆောက်အအုံ၌ အများပြည်သူများကို ပြသထားကြောင်း၊ အခြားပန်းပုရုပ်များကိုလည်း အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်မြင်စွာကျင်းပနိုင်ရေးစည်းဝေး

**ကလေး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-ကဘော်ဒေသတို့ ပူးပေါင်း၍ ကျင်းပမည့် (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ပွဲကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်က ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်းက (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ပွဲအောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ဝိုင်းဝန်းပေးကြစေလိုကြောင်းပြောကြားကာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက ချင်းအမျိုးသားနေ့ အခမ်းအနားအစီအစဉ်များနှင့်ပတ်သက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီအချို့၏ ချင်းအမျိုးသားနေ့အခမ်းအနားအစီအစဉ်များနှင့်ပတ်သက်၍ အကြံပြုတင်ပြချက်များအပေါ် ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကျူးကျော်အသုံးပြုထားခြင်းများ ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဥပဒေနှင့်မညီသော လုပ်ငန်းများရှင်းလင်းခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုရှင်းလင်းရေးအတွက် ဆောင်ရွက်ခြင်းများကို ဇန်နဝါရီ ၁၆ ရက်မှစ၍ သက်ဆိုင်ရာမှစီမံချက်ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်နေမှုအချိန်ကာလ တစ်လတာကြာမြင့်ချိန်အတွင်း ယခင်အနေအထားနှင့် ယခုလပိုင်းမြင်တွေ့ရသော အနေအထားများ လုံးဝကွဲပြား ခြားနားစွာ မြင်တွေ့လာရသည်ဟု ပွဲရုံဝင်းသို့ နေ့စဉ်လာရောက်သူများက ပြောဆိုကြသည်။

ပွဲရုံကားဂိတ်တိုက်ခန်းများ ကားကြီးဝင်းအတွင်းရှိ အဆောက်အအုံများတွင် ယာဉ်ရပ်နားခြင်းနှင့် ကုန်တင်ကုန်ချယာဉ်ရပ်နားရမည့်နေရာများတွင် ကျူးကျော်ဆောက်လုပ် အသုံးပြုထားမှုများကို ဖျက်သိမ်းပေးရန် အသိပေးခြင်းနှင့် လိုက်လံစစ်ဆေးခြင်းများပြုလုပ်မှုများ မြင်တွေ့ရသည်။

ကားကြီးဝင်းအတွင်း ယာဉ်ရပ်နား၍မရခဲ့သော အဆောက်အအုံငယ်များ၊ မြေကွက်လပ်များတွင် ကျူးကျော်အသုံးပြုဆောက်လုပ်ထားခြင်းများ ဖျက်သိမ်းပေးလာကြသဖြင့် ယာဉ်ကြီးများရပ်နား၍ရလာသည်ဟု ကုန်တင်ယာဉ်မောင်းများက ပြောသည်။


ထို့အတူပွဲ ရုံဝင်းအတွင်း လမ်းသွယ်အချို့တွင် ကျူးကျော်ဆောက်လုပ်အသုံးပြုနေသောတိုက်ခန်း အရှေ့ဘက်နှင့် အနောက်ဘက်လမ်းကြားများတွင်လည်း ဖျက်သိမ်းမှုများ မြင်တွေ့လာရသည်။ ရေမြောင်းတစ်လျှောက် အင်္ဂတေများဖြင့် ဖုံးအုပ်ထားမှုများကိုလည်း သက်ဆိုင်ရာမှစစ်ဆေး၍ ရေမြောင်းအတွင်း လူဝင်ထွက်နိုင်သည့် အပေါက်များဖောက်လုပ်ရန် ညွှန်ကြားထားကြောင်း သိရသည်။

ပွဲရုံဝင်းအတွင်း တိုက်ခန်းအရှေ့အနောက်ကြားများတွင်သာမက ကားကြီးဝင်းအတွင်းပါ ကျူးကျော်အသုံးပြုနေမှုများ ရှင်းလင်းဖျက်သိမ်းမှုများကြောင့် ယာဉ်ရပ်နားခြင်း၊ ကုန်တင်ကုန်ချခြင်း၊ မောင်းနှင်သွားလာခြင်းများ လွယ်ကူလာပြီဖြစ်ကြောင်း သိရသည်။



**ခင်ဆိုင်**

# ကန့်ဘလူမြို့နယ်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ



**ကန့်ဘလူ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၌ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ အေးမြစိုးဖောင်ဒေးရှင်း၏ လှူဒါန်းမှုဖြင့် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးခြင်းနှင့် ခွဲစိတ်ကုသခြင်းများကို မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာသန်းထွန်းဦး၊ ဒေါက်တာ စိုးထက်ဝင်းသောင်း၊ မုံရွာ၊ စစ်ကိုင်းနှင့် ရွှေဘိုမြို့များမှ အထူးကုဆရာဝန်ကြီးများ၊ မျက်မှန်ကျွမ်းကျင် ပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီမျက်စိစမ်းသပ်စစ်ဆေးခွဲစိတ်ကုသခြင်းများကို ကန့်ဘလူမြို့ ညောင်အိုင် အထက(ခွဲ)ကျောင်း ဒေါက်တာဉာဏဝရခန်းမမှာ စမ်းသပ်စစ်ဆေးပေးပြီး အကြီးစားနှင့်အသေးစားခွဲစိတ်ကုသဖို့ လိုအပ်တဲ့လူနာတွေကို မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကို ပို့ဆောင်ခွဲစိတ်ကုသပေးခဲ့ခြင်းဖြစ်ပါတယ်" ဟု မြို့နယ် ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာနေမိုးက ပြောကြားသည်။

အဆိုပါမျက်စိစမ်းသပ်စစ်ဆေးကုသပေးရာသို့ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ခင်ဦးနှင့် တန့်ဆည်မြို့များမှ မျက်စိဝေဒနာရှင် ရဟန်းရှင် ပြည်သူ ၁၈၄၉ ဦး လာရောက်ပြသခဲ့ကြရာ အမျိုးသား ၂၈၃ ဦး၊ အမျိုးသမီး ၅၁၂ ဦးကို ပါဝါမျက်မှန်များ ပေးအပ်ခဲ့ပြီး အကြီးစားခွဲစိတ်သူ အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၇၇ ဦး၊ အသေးစားခွဲစိတ်သူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၃၆ ဦး တို့ကိုခွဲစိတ်ပေးခဲ့ကာ ကျန်ဝေဒနာရှင်များကို စားဆေး၊ သောက်ဆေးနှင့် မျက်စဉ်းခတ်ရန် ဆေးများပေးခဲ့ကြောင်း မြို့နယ်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မီးဖိုမီး အသုံးပြုလျှင်

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။

၃။ မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။

၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။


# ကန်အမျိုးသားလုံခြုံရေးအကြံပေးအဖြစ်ဆောင်ရွက်ရန် ကမ်းလှမ်းမှုကို ရောဘတ်ဟာဝ့ဒ် ငြင်းဆန်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**
အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်အဖြစ် တာဝန်ထမ်းဆောင်ရန် အငြိမ်းစား ဒုတိယရေတပ်ဗိုလ်ချုပ် ရောဘတ်ဟာဝ့ဒ်အား ထရန့်၏ရွေးချယ်မှုကို ရောဘတ်ဟာဝ့ဒ်က လက်မခံ ငြင်းဆန်ခဲ့ကြောင်း အိမ်ဖြူတော်မှအကြီးတန်း အာဏာပိုင်တစ်ဦးက ကြာသပတေးနေ့က ပြောကြားခဲ့သည်။

ရုရှားသံအမတ်နှင့် အငြင်းပွားဖွယ်ရာ စကားပြောဆိုဆွေးနွေးခဲ့မှုနှင့်ပတ်သက်၍ ဒုတိယသမ္မတ မိုက်ပန့်စ်အား လိမ်ညာလှည့်ဖြားခဲ့သည်ဟုဆိုကာ အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ် မိုက်ကယ်ဖလင်းအား ထရန့်က တနင်္လာနေ့က ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက်တွင် ဟာဝ့ဒ်အား အမျိုးသားလုံခြုံရေးအကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်ရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

အိမ်ဖြူတော်မှ အာဏာပိုင်တစ်ဦး၏ ပြောကြားချက်အရ ဟာဝ့ဒ်သည် မိသားစုရေးရာနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များကို အကြောင်းပြလျက် ရာထူးတာဝန်ထမ်းဆောင်ခြင်းကို ငြင်းဆန်ခဲ့သည်ဟုဆိုသည်။ ဟာဝ့ဒ်သည် လော့ဟိဒ်မာတင်လုပ်ငန်းစု၏ အကြီးတန်း အမှုဆောင်အရာရှိတစ်ဦးဖြစ်သည်။

ဟာဝ်ဒ့်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည့် သတင်းရင်းမြစ်အချို့က ဟာဝ့ဒ်သည် ကိုယ်ပိုင်လုပ်ငန်း အဖွဲ့အစည်းအတွင်း၌သာ ဝင်ငွေရှာဖွေလိုသောကြောင့် အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်ရန် ကမ်းလှမ်းမှုကို ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။
**(ရိုက်တာ)**



# အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွား၊ ၄၅ ဦး သေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇**
အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ရာ ၄၅ ဦး သေဆုံးခဲ့ပြီး ၅၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်နိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ဘဂ္ဂဒက်မြို့အနောက်တောင်ပိုင်း ကားဝယ်ရောင်းပြုလုပ်သည့်နေရာ၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ခဲ့သူသည် လူထူထပ်ရာနေရာတွင် ကားဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကားဗုံးပေါက်ကွဲမှုကြောင့် လူအများအပြားသေဆုံးခဲ့ပြီး လက်ရှိအချိန်တွင် ရဲတပ်ဖွဲ့အနေဖြင့် ကားဗုံးပေါက်ကွဲသည့်နေရာကို ပိတ်ဆို့ထားကာ လူနာများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။




အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့သည် ယခုရက်ပိုင်းတွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖေဖော်ဝါရီ ၁၅ ရက်က အသေခံ ကားဗုံးဖောက်ခွဲမှုဖြင့် တိုက်ခိုက်ခံရပြီး အနည်းဆုံး ကိုးဦး သေဆုံးခဲ့ကာ ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


ကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုလုံးကို မည်သည့်အဖွဲ့က လုပ်ဆောင်ကြောင်း ယခုချိန်ထိ မသိရသေးချေ။
**(ဆင်ဟွာ)**

# မိမိထံတွင် ဖိလစ်ပိုင်ငွေ နှစ်ဘီလီယံပီဆိုရှိကြောင်း တစ်ကြိမ်သက်သေပြနိုင်လျှင် သမ္မတရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဒူတက်တေးပြောကြား

**မနီလာ ဖေဖော်ဝါရီ ၁၇**
ဖိလစ်ပိုင်သမ္မတ ဒူတက်တေးက လွှတ်တော်အမတ် အန်တိုနီယိုသရီလိန်း IV အနေဖြင့် မိမိထံတွင် ဘဏ်အပ်ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၀၆ သန်းနှင့်ညီမျှသည့် ဖိလစ်ပိုင်ငွေ နှစ်ဘီလီယံပီဆိုရှိကြောင်း တစ်ကြိမ်သာ သက်သေပြနိုင်မည်ဆိုပါက သမ္မတရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

ဒူတက်တေးက သရီလိန်းစွပ်စွဲခဲ့သလို မိမိထံတွင် ပီဆိုနှစ်ဘီလီယံကို ဘဏ်ထဲတွင် တရားမဝင်အပ်ထားကြောင်း သက်သေပြနိုင်ပါက သို့မဟုတ် မိမိနာမည်ဖြင့် ဘဏ်အပ်ငွေစုစုပေါင်း ဘီလီယံဝက် လောက်ရှိသည်ဟု တစ်ကြိမ်သာ သက်သေပြနိုင်ပါက မိမိအနေဖြင့် သမ္မတရာထူးမှ ချက်ချင်းနုတ်ထွက်ပေးမည်ဖြစ်ကြောင်း သန်းခေါင်ယံတွင် ထုတ်လွှင့်သည့် ဗီဒီယိုဖိုင်၌ ပြောကြားခဲ့သည်။

ဒူတက်တေးသည် လွှတ်တော်အမတ်၏ စွပ်စွဲချက်ကို ငြင်းပယ်ခဲ့ပြီး ယင်းစွပ်စွဲချက်သည် အိုဟောင်းနေပြီဖြစ်သော စိတ်ကူးများဖြင့် လုပ်ကြံမှုသက်သက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။



မဲဆွယ်ကာလအတွင်း သရီလိန်း၏စွပ်စွဲချက်ဖြစ်သည့် ဖိလစ်ပိုင်ကျွန်းများဘဏ်၏ ဘဏ်ခွဲတစ်ခုတွင် ငွေပမာဏ ပီဆို ၂၁၁ သန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃ သန်း) အပ်နှံထားခြင်းနှင့်ပတ်သက်ပြီး ၎င်းသမ္မတ မဖြစ်ခင်ကတည်းက ဖြေကြားထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

စွပ်စွဲချက်များရှိသော်လည်း ဖိလစ်ပိုင်လူဦးရေ ၁၆ သန်းက ၎င်းအား ထောက်ခံမဲဖြစ်ကြောင်း၊ ထို့ပြင် ၎င်း၏မိသားစုဝင်များသည် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များမှ ဝင်ငွေများရရှိပြီး ငွေစုဆောင်းနိုင်ခြင်းဖြစ်ကြောင်း ခုခံပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# အမေရိကန်နှင့် ဆက်ဆံရေးတိုးတက်လာမှုအပေါ် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်မရှိကြောင်း ရုရှားအစိုးရအဖွဲ့ပြောကြား

**မော်စကို ဖေဖော်ဝါရီ ၁၇**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်လက်ထက်တွင် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ ပေါင်းသင်းဆက်ဆံမှု မည်မျှတိုးတက်လာသည်ဖြစ်စေ အစိုးရအဖွဲ့အနေဖြင့် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်မရှိကြောင်း သောကြာနေ့တွင် ကရင်မလင်နန်းတော်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် ရုရှားတို့သည် နှစ်နိုင်ငံခေါင်းဆောင်များ တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခဲ့ကြရုံမျှနှင့်ပင် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ အတွေးအခေါ်သဘောထားများကို ခန့်မှန်းတွက်ချက်၍ရနိုင်သည်ဖြစ်ကြောင်း ကရင်မလင်ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဟန်ဆောင်ဖုံးကွယ်လိမ်ညာမှုများဖြင့် ဆက်ဆံခဲ့ခြင်းမရှိသကဲ့သို့ မကောင်းသော အတွေးအမြင်များဖြင့် ရှုမြင်ခဲ့ခြင်း မရှိသည့်အတွက် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ရှိလိမ့်မည်မဟုတ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ပက်စကော့က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်လက်ထက် ရုရှားနှင့်အမေရိကန် ချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်ရာတွင် တိုးတက်မှုတစ်စုံတစ်ရာ မရှိခဲ့လျှင် ရုရှားအစိုးရအဖွဲ့၏ သဘောထားမည်သို့ ရှိ မရှိနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ၌ မေးမြန်းမှုကို ပက်စကော့က ထိုသို့ဖြေကြားလိုက်ခြင်းဖြစ်သည်။

ထရန့်သည် သမ္မတရွေးကောက်ပွဲအတွင်း အနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုပြုလုပ်ခဲ့စဉ်အတွင်း အမေရိကန်နှင့် ရုရှား ဆက်ဆံရေးကို တိုးတက်အောင် ပြန်လည်ထူထောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
**(ရိုက်တာ)**



# ဘာသာရေးအဆောက်အအုံ တိုက်ခိုက်မှုကျူးလွန်သူကို အမြန်ဆုံးဖမ်းဆီးရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၇**
ပါကစ္စတန်နိုင်ငံမြောက်ပိုင်းရှိ ဘာသာရေးအဆောက်အအုံတစ်ခုကို အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကို ပြစ်တင်ဝေဖန်ခဲ့ပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံး ဖမ်းဆီးအပြစ်ပေးရန် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က တိုက်တွန်းပြောကြားကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်တွင် ကုလသမဂ္ဂအနေဖြင့် ပါကစ္စတန်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာနှင့် လူ့အခွင့်အရေးအခြေခံရပ်တည်မှုများကို လိုက်နာကာ အကြမ်းဖက်မှုဝါဒများကို တိုက်ခိုက်ချေမှုန်းခဲ့သည့်အပေါ် အပြည့်အဝထောက်ခံကြောင်း ပါဝင်သည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ် ဆာဝမ်မြို့ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၌ ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းက အသေခံဗုံးဖောက်ခွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ၇၂ ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုများကို အိုင်အက်စ်အကြမ်းဖက်အဖွဲ့အစည်းက ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။

**(ဆင်ဟွာ)**

# ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**ပြည်သူ့အကျိုးပြု ကျောင်းသားများဒီမိုကရေစီပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင် (ခ) ဦးဌေးလှိုင်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



လေးစားအပ်ပါသော မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီရဲ့ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်(ခ) ဦးဌေးလှိုင်ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ကျွန်တော်တို့ပါတီဟာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့နောက်ခံသမိုင်းကြောင်းကို တင်ပြရမယ်ဆိုရင် ပါတီဝင်တွေဟာ ၁၉၈၈ ခုနှစ် အရေးတော်ပုံကာလကတည်းက ပါဝင်လှုပ်ရှားခဲ့တဲ့ အတွေ့အကြုံရှိတဲ့ ပါတီဝင်တွေဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် ပါတီများမှတ်ပုံတင် ဥပဒေအရ အခြားသောပါတီအသီးသီးတွင် တာဝန်ယူနေကြပြီး ယခုမှ ပြန်လည်စုစည်းခဲ့တဲ့ ကျောင်းသား၊ ပြည်သူလူထုတွေဖြစ်ကြကာ တစ်ပေါင်းတည်း စုစည်းထားတဲ့ပါတီတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီဝင်တွေဟာ တစ်ပါတီစနစ်ကိုလည်း တွေ့ကြုံခဲ့ရတဲ့ ပြည်သူတွေ၊ ကျောင်းသားတွေဖြစ်တာနဲ့အညီ ပြည်သူတွေရဲ့ ခံစားချက်တွေကို ကိုယ်တိုင်ကိုယ်ကျ ခံစားခဲ့ရတဲ့အတွက် ပြည်သူတွေရဲ့အကျိုး သယ်ပိုးရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။

ယနေ့ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးအကောင်အထည်ဖော်ရန် ခွင့်ပြုပေးခဲ့တဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဝင်ယုံကြည်တဲ့ ပါတီတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေဟာ ပါတီတစ်ရပ်တည်ထောင်ပြီး ပြည်သူကိုအကျိုးပြုဖော်ဆောင်ပေးရန်အတွက် ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီအား တည်ထောင်ခဲ့ရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်သူတွေ၊ ကျောင်းသားတွေနဲ့ဖွဲ့စည်းခဲ့တဲ့အတွက် ပါတီရဲ့တံဆိပ် (Logo)ကို ခွပ်ဒေါင်းအဖြူတွင် တိုင်းဒေသကြီး ပြည်နယ် ၁၄ ခုရဲ့ အမှတ်အသားအဖြစ် ကြယ်ဖြူ ၁၄ လုံး ဝန်းရံထားခဲ့ပါတယ်။

ခွပ်ဒေါင်းဟာအရောင်အားဖြင့် အနီရောင်အဖြစ်တည်ရှိနေခဲ့ပေမယ့် ကျွန်တော်တို့ပါတီရဲ့ ခွပ်ဒေါင်းဟာ အဖြူရောင်ဖြစ်ပါတယ်။ ဖြူစင်ခြင်း၊ သန့်ရှင်းခြင်းဖြစ်ပါတယ်။ ယခင်ကျောင်းသားတွေဖြတ်သန်းခဲ့ရတဲ့ အခင်းအကျင်းမှာ တိုင်းတစ်ပါး နိုင်ငံခြားသားတွေရဲ့ ဖိနှိပ်ချုပ်ချယ်ခြင်းခံရတဲ့အတွက် တိုက်ပွဲဝင်တောင်းဆိုရာမှာ ခွပ်ဒေါင်းစိတ်ဓာတ်နဲ့ တွန်းလှန်တိုက်ခိုက်ရာမှာ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိနဲ့ ပြည့်စုံပြီး တိုက်ခိုက်တတ်တဲ့ ခွပ်ဒေါင်းဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ခွပ်ဒေါင်းဖြူဟာ ယနေ့ဖြစ်ပေါ်နေတဲ့ အခင်းအကျင်းအရ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများက နိုင်ငံရဲ့အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတွေကို ဆောင်ရွက်နေကြတဲ့အတွက် ကျွန်တော်တို့ပါတီဟာ ဖြူစင်ခြင်းနဲ့အညီ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ ထောက်ကူခြင်းတွေ ပူးတွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်များခင်ဗျား -**

ကျွန်တော်တို့ပါတီဟာ အောက်ဖော်ပြပါ ဆောင်ရွက်မှုတွေကို အသိအမှတ်ပြု ထောက်ခံပါတယ်။

(၁) နိုင်ငံတော်တည်ထောင်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီတွေ၊ ပြည်သူတွေပူးပေါင်းဆောင်ရွက်ခြင်းကို ထောက်ခံပါတယ်။

(၂) အမျိုးသားရေးဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေးဆွေးနွေးပွဲကို ကြိုဆိုထောက်ခံပါတယ်။

(၃) အမျိုးသားရင်ကြားစေ့ရေးအတွက် (၂၁)ရာစုပင်လုံညီလာခံအောင်မြင်ရေးကို နိုင်ငံရေးပါတီတွေအားလုံး ပါဝင်နိုင်ရေး ဆောင်ရွက်ပေးပါရန် တိုက်တွန်းထားမှုတွေကို ထောက်ခံပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများခင်ဗျား -**

ကျွန်တော်တို့ပါတီရဲ့ ရည်မှန်းချက်ကတော့ စည်းကမ်းပြည့်ဝပြီး စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးပဲ ဖြစ်ပါတယ်။

**ကျွန်တော်တို့ပါတီရဲ့မူဝါဒများကတော့ -**

(၁) ကျွန်ုပ်တို့ပါတီသည် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့် နိုင်ငံရေးစနစ်ကို ယုံကြည်သည်။

(၂) ကျွန်ုပ်တို့ပါတီသည် ပါတီတွင်း/ပါတီပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်များဖြစ်သော အများဆန္ဒကို ဖော်ဆောင်ပြီး အနည်းဆန္ဒကို အသိအမှတ်ပြုမည်။

(၃) ကျွန်ုပ်တို့ပါတီသည် အမျိုးသားရေးကို အမြဲဦးစားပေးဆောင်ရွက်မည်။

(၄) ကျွန်ုပ်တို့ပါတီသည် ပါတီအားလုံးနှင့် တန်းတူရည်တူ ဆက်ဆံသွားမည်။

(၅)ကျွန်ုပ်တို့ပါတီသည် ရည်ရွယ်ချက်/ယုံကြည်ချက်တူသော ပါတီများနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့ပါတီသည် အခြားပါတီများအား နိုင်ငံရေးအရ ကောင်းမွန်သော ယှဉ်ပြိုင်ခြင်းဖြင့် ယှဉ်ပြိုင်သွားမည်။

**မဲဆန္ဒရှင်များခင်ဗျား -**

ကျွန်တော်တို့ပါတီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဝင်ယုံကြည်တဲ့ ပါတီတစ်ရပ်ဖြစ်ပါတယ်။ အမျိုးသားရေးကို ဦးစားပေးဆောင်ရွက်နေတဲ့အတွက် ယနေ့ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိခံစားနေကြရပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်(၃)ရပ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တွေ ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အစိုးရအဖွဲ့ပေါ်ပေါက်ပြီး နိုင်ငံတော်ကို ဒီမိုကရေစီနည်းနဲ့ တာဝန်ယူနေပြီး ဖြစ်ပါတယ်။

အလားတူပဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေ ပေါ်ပေါက်ခဲ့ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ် ဝန်ကြီးတွေဦးဆောင်တဲ့ အစိုးရအဖွဲ့တွေဟာ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ အုပ်ချုပ်ရေးစနစ်တွေ ဖြစ်ပေါ်လျက်ရှိပါတယ်။ လွှတ်တော်တွေက ဥပဒေပြုပေးပြီး အုပ်ချုပ်ရေးအဖွဲ့တွေက ဥပဒေနဲ့အညီ ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေက မိမိတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လိုက်လျောညီထွေတဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်နေကြသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ဖွဲ့စည်းပုံအရ ပေါ်ပေါက်လာကြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက ကြိုဆိုထောက်ခံပါတယ်။

ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုဖွား ၁၃၅ မျိုးသော တိုင်းရင်းသားတွေရဲ့ အရေးကို ဦးထိပ်ထားတဲ့ အမျိုးသားရေးမှာ တိုင်းရင်းသားအချင်းချင်း သွေးခွဲတိုက်ခိုက်ခြင်းတွေ ပြုလုပ်နေခြင်းအား လုံးဝကန့်ကွက်ရှုတ်ချပါတယ်။ ၁၃၅ မျိုးသော တိုင်းရင်းသားတွေအရေးသည် ကျွန်တော်တို့ပါတီရဲ့ အရေးအဖြစ် လက်ခံထားတဲ့ ပါတီဖြစ်ပါတယ်။ ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေအရ နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်သည် အသက်သွေးချွေးများ စတေးကာ သက်စွန့်ကာကွယ်နေကြခြင်း ဖြစ်ပါတယ်။ တပ်မတော်သည် တိုင်းပြည်အတွက် ဖြစ်သလို ပြည်သူတွေဟာလည်း တပ်မတော်ရဲ့အင်အားအဖြစ် တည်ရှိကြောင်း ကျွန်တော်တို့ပါတီမှ အမြဲ လက်ခံထားရှိပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ၁၃၅ မျိုးရှိ လူမျိုးတစ်မျိုးကို ထိခိုက်လာမယ်ဆိုရင် တိုင်းရင်းသားစည်လုံးညီညွတ်မှုမပြိုကွဲစေရေးအတွက် ပြည်သူတွေနဲ့ အတူတကွ ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ကျွန်တော်တို့ ပြည်သူ့အကျိုးပြု ကျောင်းသားများ ဒီမိုကရေစီပါတီဟာ လာမယ့် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမယ့် ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ယခုလက်ရှိ အနိုင်ရပါတီနဲ့ ပူးတွဲပြီး တိုင်းရင်းသား ပြည်သူတွေအကျိုးကို ဆောင်ရွက်လိုပါတယ်။ ကျွန်တော်တို့ ပါတီဟာ ပြင်ပနိုင်ငံရေးမှာထက် လွှတ်တော်တွင်း နိုင်ငံရေးကို ပိုမိုအားသွန်ခွန်စိုက် လုပ်ဆောင်လိုပါတယ်။ ဒါမှသာ ပြည်သူ့အကျိုးကို ထဲထဲဝင်ဝင် ဆောင်ရွက်နိုင်မှာဖြစ်သလို လက်ရှိဆောင်ရွက်နေတဲ့ လွှတ်တော်ကြီးကို တစ်တပ်တစ်အားပူးပေါင်းပါဝင်ပြီး အထောက်အကူပေးချင်ပါတယ်။ ပြည်သူတွေရဲ့ ယုံကြည်စွာတာဝန်ပေးအပ်မှုကို လိုလိုလားလား လက်ခံရယူရေး မျှော်မှန်းလျက်ရှိပါတယ်။

**မဲဆန္ဒရှင် ညီအစ်ကိုမောင်နှမများခင်ဗျား -**

ကျွန်တော်တို့ ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီရဲ့သင်္ကေတဖြစ်တဲ့ သန့်ရှင်းသော၊ ဖြူစင်သော၊ မည်သည့်အရောင်မျှဆိုးထားခြင်းမရှိသော ခွပ်ဒေါင်းအဖြူကို ထောက်ခံတံဆိပ်ရိုက်နှိပ်ပေးပါရန် ရိုးသားစွာနဲ့တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ဒေါင်းဖြူလေးဟာ ပြည်သူတွေရဲ့ယုံကြည်စွာပေးအပ်လာမယ့် တာဝန်ကိုရိုးသားစွာနဲ့ စောင့်မျှော်ခံယူနေလျက်ပါ။

ပြည်သူအများက ကျွန်တော်တို့ပါတီရဲ့ ဒေါင်းဖြူလေးကို စဉ်းစားတွေးတောငေးမောမနေဘဲချက်ချင်းဆုံးဖြတ် တံဆိပ်ခတ်ပြီး "ဒေါင်းဖြူကိုဝိုင်းကူ" ပေးစေလိုကြောင်း တင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ**
**အားလုံးကျေးဇူးတင်ပါတယ်။**

## ဒို့ဒေါင်းဖြူ

**(ဟေ့...ဟေ့...ဟေ့...ဟေ့...ဒေါင်းဖြူလာပြီဟေ့....)၂**
**အရွေးမမှားစေဖို့...အတွေးမမှားစေဖို့...**
**ဒေါင်းဖြူကိုသာ မဲပေးကြစို့လေ...**
**လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ**
**စဉ်ဆက်မပြတ်လူထုအတွက်**
**အားသွန်ခွန်စိုက် ထမ်းရွက်မှာဗျ**
**ပြည်သူချစ်တဲ့ ဒေါင်းဖြူပါ...**
**ဟေ့...ဟေ့...ဟေ့...ဒေါင်းဖြူလာပြီဟေ့**
**ဟေ့...ဟေ့...ဟေ့...ဒေါင်းဖြူလာပြီဟေ့**
**တို့ဒေါင်းဖြူကိုမဲပေးစို့...ဒေါင်းဖြူကိုလေမဲပေးစို့...**
**ဒေါင်းဖြူကိုသာမဲပေးကြစို့လေ...**
**ဟေ့...ဟေ့...ဟေ့...ဒေါင်းဖြူလာပြီလေ...**
**ဟေ့...ဟေ့...ဟေ့...ဟေ့...ဒေါင်းဖြူလာပြီလေ...**
**အရွေးမမှားစေဖို့... အတွေးမမှားစေဖို့...**
**ဒေါင်းဖြူကိုသာမဲပေးကြစို့လေ...**
**အရွေးမမှားစေဖို့...အတွေးမမှားစေဖို့...**
**ဒေါင်းဖြူကိုသာမဲပေးကြစို့လေ...**
**ကျောင်းသားပြည်သူလက်တွဲကူ ပြည်သူ့အတွက်**
**တို့ဒေါင်းဖြူ**

# လူမျိုးအလိုက် ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ပအိုဝ်းလူမျိုးအလိုက် ပအိုဝ်းတစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ပထမရက်ကို ဖေဖော်ဝါရီ ၁၆ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ဒေသ ဦးစီးရုံးမြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် ယခုအမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲကြီးကို ကျင်းပပြုလုပ်နိုင်ခြင်းသည် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ပုံဖော်ထူထောင်ရန်အတွက် ယုံကြည်မှုရှိရှိ ဝိုင်းဝန်း ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးများ၏ ဆွေးနွေးမှုများသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို နိုင်ငံရေးနည်းလမ်းဖြင့် ယုံကြည်မှုရှိရှိ တည်ဆောက်မည်ဆိုသော သန္နိဋ္ဌာန်ကို ရှင်းလင်းပြတ်သားစွာ တွေ့မြင်ရပါကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးမှတစ်ဆင့် အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းစွာနေထိုင်နိုင်သောဒေသအဖြစ် နမူနာပေးနိုင်အောင် အားလုံးမျှော်လင့်တောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ်သို့ ရောက်ရှိနိုင်ပါစေရန် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ဂန့်ဂေါ ဖေဖော်ဝါရီ ၁၇**

ဂန့်ဂေါမြို့နယ် လယ်မကျေးရွာအုပ်စု မဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင်သစ်ခိုးထုတ်မှု မရှိစေရေးကိုလည်းကောင်း၊ လယ်ယာသီးနှံ အထွက်တိုးရေးအတွက် မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးရေးကို လည်းကောင်း၊ သစ်တောသစ်ပင် ပြုန်းတီးမှုမရှိစေရန် တောမီးမရှို့ရေးကိုလည်းကောင်း၊ မီးဘေးကြိုတင်ကာကွယ်ဆောင်ရွက်ကြရေးကို လည်းကောင်း တာဝန်ရှိသူများကဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အရှေ့တောင်အာရှဒေသနိုင်ငံများ နာကျင်မှုဝေဒနာကုသရေးအဖွဲ့ (၇)ကြိမ်မြောက် ညီလာခံဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ နာကျင်မှုဝေဒနာကုသရေးအဖွဲ့ (၇)ကြိမ်မြောက်ညီလာခံ (7th Association of South-East Asian Pain Societies Congress)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Sule




Shangri-La Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နာကျင်မှုဝေဒနာနှင့်ပတ်သက်လျှင် ထိခိုက်ဒဏ်ရာကြောင့် နာကျင်မှုများနှင့် ကလေးမွေးဖွားသည့်အခါ နာကျင်မှုများမှစ၍ နာတာရှည်နာကျင်ရောဂါနှင့် ပြင်းထန်ကင်ဆာရောဂါတို့တွင် အလွန်ပြင်းထန်၍ တာရှည်နာကျင်ခံစားရတတ်ပါကြောင်း၊ နာကျင်မှုဝေဒနာကိုကုသရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်တန်းတူ ကုသမှု ပေးနိုင်ရေးအတွက် ညီလာခံများကို မကြာခဏ ကျင်းပသွားရန် လိုအပ်ပါကြောင်း။

**သင်ကြားပေးစေလို**

မြန်မာနိုင်ငံဆရာဝန်အသင်းရှိပြင်ပအထွေထွေရောဂါကု ဆရာဝန်များကိုလည်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရာတွင် နာကျင်မှုဝေဒနာနှင့်ပတ်သက်၍လည်း သင်ကြားပေးစေလိုပါကြောင်း။

ဆေးတက္ကသိုလ် တက်ရောက်နေသည့် ကျောင်းသားများအနေဖြင့်လည်း ကျောင်းသားဘဝကပင် လေ့လာထားသင့်သည့် ပညာရပ်တစ်ခုဖြစ်ပါကြောင်း၊ နာကျင်မှုဝေဒနာသည် ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများကိုပါ ထိခိုက်ခံစားရသည့် ဝေဒနာဖြစ်၍ ဝေဒနာလျော့ပါးစေရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**လေးရက်တာ ကျင်းပသွားမည်**

အဆိုပါညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့မှ ညီလာခံကိုယ်စားလှယ် ၄၀၀ ကျော် တက်ရောက်အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ လေးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုကြုံတွေ့ပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှုအခြေအနေ (၄-၁၁-၂၀၁၆) မှ (၁၇-၂-၂၀၁၇) အထိ**

ရက်စွဲ၊ ၁၇-၂-၂၀၁၇

| စဉ် | စားသောက်ကုန်ပစ္စည်းများ၊ အိမ်သုံး နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှု အခြေအနေ | ဌာန/ အဖွဲ့အစည်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန | နယ်စပ်ရေးရာ ဝန်ကြီးဌာန | နိုင်ငံတကာအဖွဲ့ အစည်းများ(WFP အပါအဝင်) | ရခိုင်ပြည်နယ် အစိုးရအဖွဲ့ | ပြည်တွင်း အလှူရှင်များ | |
| ၁ | ငွေသား(ကျပ် သန်း) | ၁၄၀.၂၂ | - | ၉.၃၉၅ | ၄.၉၅ | ၁၄၂.၉၀၉ | ၂၉၇.၄၇၄ |
| ၂ | ဆန် (အိတ်) | ၃၃၅၁ | ၄၅၀၀ | ၁၂၅၇၀.၀ | ၄၃၀၀ | ၂၈၂၇.၅၀ | ၂၇၅၄၈.၅ |
| ၃ | ငါးခြောက် (ပိဿာ) | ၄၃၄၄ | ၄၀၀ | ၆၅၀ | ၁၀၀၀ | ၁၂၇၅ | ၇၆၆၉ |
| ၄ | စက်သုံးဆီ (ဂါလံ) | ၆၂၆၉ | - | - | ၈၄၈၈ | - | ၁၄၇၅၇ |
| ၅ | စားဆီ (ပိဿာ) | ၂၉၆၈ | ၈၂၁၂ | - | ၅၀ | ၁၄၉၄ | ၂၁၃၃၀.၄၂၆ |
| ၆ | ဆား (ပိဿာ) | ၃၂၁၃ | ၈၂၁၂ | | - | ၇၉၈ | ၁၃၇၄၃.၃၇၂ |
| ၇ | ပဲ (ပိဿာ) | ၆၄၇၀ | ၈၂၁၂ | - | ၁၃၅၀ | ၁၂၁၀၉ | ၄၁၄၅၇.၁၀၂ |
| ၈ | ငါးသေတ္တာ (ဗူး) | ၁၄၈၀၀ | - | - | - | - | ၁၄၈၀၀ |
| ၉ | သီးစုံ (ထုပ်) | - | - | - | - | - | ၄၁၁ |
| ၁၀ | ဘီစကစ် (ဖာ) | - | - | ၁၀၄၈ | - | - | ၁၀၄၈ |
| | (တန်) | | - | ၁၆.၁၃၇ | | | ၁၆.၁၃၇ |
| ၁၁ | ကြက်သွန် (ပိဿာ) | - | - | - | - | ၉၆၈ | ၉၆၈ |
| ၁၂ | ခေါက်ဆွဲခြောက်(ဖာ) | - | - | - | - | ၈၀ | ၅၆၅၉ |
| ၁၃ | အဝတ်အထည်(ထုပ်) | - | - | - | - | ၆ | ၇၇ |
| ၁၄ | ရေတ်သီးမှုန့်(ထုပ်) | - | - | - | - | ၃၂၂ | ၃၂၂ |
| ၁၅ | ဟင်းချိုမှုန့် (ထုပ်) | - | - | - | - | ၁၄၂ | ၁၄၂ |
| ၁၆ | အာလူး (အိတ်) | - | - | - | - | ၅၆ | ၅၆ |
| ၁၇ | ဂေါ်ဖီခြောက်(အိတ်) | - | - | - | - | ၃ | ၃ |
| ၁၈ | ငါးပိ (အိတ်) | - | - | - | - | ၁၂ | ၁၂ |
| ၁၉ | ငရုတ်သီးခြောက် (ပိဿာ) | - | - | - | - | ၁၆၅ | ၁၆၅ |
| ၂၀ | ကြက်ဥ (လုံး) | - | - | - | - | ၅၀၀ | ၅၀၀ |
| ၂၁ | ခြင်ထောင် (လုံး) | - | - | - | - | ၈၀ | ၈၀ |
| ၂၂ | စပါးရိတ်သိမ်း ခြွေလှေ့စက် (လုံး) | - | - | - | ၃၀ | - | ၃၀ |
| ၂၃ | မီးစက် (လုံး) | - | - | - | ၅ | - | ၅ |
| ၂၄ | အာဟာရမှုန့် (တန်) | - | - | ၅၇.၇၁၃ | - | - | ၅၇.၇၁၃ |
| ၂၅ | ဂုံ (အိတ်) | - | - | ၂၂၂၂ | - | - | ၂၂၂၂ |
| ၂၆ | ရွက်ဖျင်တဲ (ခု) | - | - | ၁၂ | - | - | ၁၂ |
| ၂၇ | ရေဒီယို (လုံး) | - | ၃၀၀၀ | - | ၅ | - | ၃၀၀၀ |
| ၂၈ | ဆိုလာမီး (စုံ) | - | ၄၆၅ | - | - | - | ၄၆၅ |
| ၂၉ | မော်တော်ယာဉ် (စီး) | - | ၁ | - | - | - | ၁ |

**ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်ခံရမှုကြုံတွေ့ပြီးနောက်ပိုင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်မှုအခြေအနေ (၂၇-၁-၂၀၁၇) မှ (၁၇-၂-၂၀၁၇) အထိ**

ရက်စွဲ၊ ၁၇-၂-၂၀၁၇

| စဉ် | စားသောက်ကုန်ပစ္စည်းများ အိမ်သုံး နှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့မှု အခြေအနေ | ဌာန/ အဖွဲ့အစည်း | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန | နယ်စပ်ရေးရာ ဝန်ကြီးဌာန | နိုင်ငံတကာအဖွဲ့ အစည်းများ (WFP အပါအဝင်) | ရခိုင်ပြည်နယ် အစိုးရအဖွဲ့ | ပြည်တွင်း အလှူရှင်များ | |
| ၁ | ငွေသား(ကျပ် သန်း) | | | | | | |
| ၂ | ဆန် (အိတ်) | | | ၂၉၉.၄၄ | | | ၂၉၉.၄၄ |
| ၃ | ငါးခြောက် (ပိဿာ) | | | | | | |
| ၄ | စက်သုံးဆီ (ဂါလံ) | | | - | | | - |
| ၅ | စားဆီ (ပိဿာ) | | | ၆၂၀.၇၆၅ | | | ၆၂၀.၇၆၅ |
| ၆ | ဆား (ပိဿာ) | | | ၁၀၃.၂၅၂ | | | ၁၀၃.၂၅၂ |
| ၇ | ပဲ (ပိဿာ) | | | ၁၂၄၁.၅၁၂ | | | ၁၂၄၁.၅၁၂ |
| ၈ | ငါးသေတ္တာ (ဗူး) | - | - | - | | | |
| ၉ | သီးစုံ (ထုပ်) | - | - | | | | |
| ၁၀ | ဘီစကစ် (ဖာ) | - | - | | | | |
| | (တန်) | | | ၁၀.၃၆၆ | | | ၁၀.၃၆၆ |
| ၁၁ | ကြက်သွန် (ပိဿာ) | - | - | - | | | |
| ၁၂ | ခေါက်ဆွဲခြောက် (ဖာ) | - | - | | | | |
| ၁၃ | အဝတ်အထည်(ထုပ်) | - | - | | | | |
| ၁၄ | ငရုတ်သီးမှုန့် (ထုပ်) | - | - | - | | | |
| ၁၅ | ဟင်းချိုမှုန့် (ထုပ်) | - | - | - | - | - | - |
| ၁၆ | အာလူး (အိတ်) | - | - | - | - | - | - |
| ၁၇ | ဂေါ်ဖီခြောက် (အိတ်) | - | - | - | - | - | - |
| ၁၈ | ငါးပိ (အိတ်) | - | - | - | - | - | - |
| ၁၉ | ငရုတ်သီးခြောက်(ပိဿာ) | - | - | - | - | - | - |
| ၂၀ | ကြက်ဥ (လုံး) | - | - | - | - | - | - |
| ၂၁ | ခြင်ထောင် (လုံး) | - | - | - | - | - | - |
| ၂၂ | စပါးခြွေလှေ့စက် (လုံး) | - | - | - | - | - | - |
| ၂၃ | မီးစက် (လုံး) | - | - | - | - | - | - |
| ၂၄ | အာဟာရမှုန့် (တန်) | - | - | ၃.၄၉၃ | | | |
| ၂၅ | ဂုံ (အိတ်) | - | - | | | | |
| ၂၆ | ရွက်ဖျင်တဲ (ခု) | - | - | | | | |
| ၂၇ | ရေဒီယို (လုံး) | - | ၃၀၀၀ | | | - | ၃၀၀၀ |
| ၂၈ | ဆိုလာမီး (စုံ) | - | ၄၆၅ | | - | - | ၄၆၅ |
| ၂၉ | မော်တော်ယာဉ် (စီး) | - | ၁ | | - | - | ၁ |

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကျောက်မြောင်း၊(၂)ရပ်ကွက်နေ ဦးအောင်မင်း၏သား ဦးဟန်မင်းထက်(ခ)ဦးဖိုးသဲ ၅/ရဘန(နိုင်)၂၀၅၉၀၁ သည် တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၈-၆-၁၉၈၈ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အနောက်(မြခွာညိုအိမ်ရာ)၊ မြေကွက်အမှတ် ၃၇၊ ဧရိယာ ဝ.၁၁၄ဧက၊ နှစ် ၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးပြည်အောင် ဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်(၆၉၁၃/၂၀၁၆) ၁၀-၁-၂၀၁၇တင်ပြ၍ ဦးအိုက်ယီ ၁၃/နခန(နိုင်)၀၃၃၆၉၉အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ၊မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ရောင်းမည်**

ဗိုလ်မှူးဗထူးလမ်းမ(၄၅)ရပ်ကွက်၊ မ/ဒဂုံ၊ နှစ်ကွက်တွဲ ဂရန်(80x60) ကျပ် သိန်း ၈၂၀၀
ဗိုလ်မှူးဗထူးလမ်းသွယ် (၄၈)ရပ်ကွက်၊ U9 မ/ဒဂုံ 65 x 87 ဂရန် ကျပ်သိန်း-၁၅၀၀
သာကေတ၊ အောင်သုခလမ်းသွယ်၊ မြေညီ 18 x 55 ကျပ် သိန်း-၅၅၀ (ဗဟန်းမြို့နယ် လမ်းမကျယ် ရောင်းရန်ရှိသည်။) **ဖုန်း-၀၉-၅၁၉၉၆၈၅**

**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**
**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့(တောင်ပိုင်း)လက်အောက်ရှိ မြို့နယ်/ရဲစခန်းများတွင် ရုံးလုပ်ငန်းများအသုံးပြုရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ရုံးသုံးပစ္စည်းများ ဝယ်ယူခြင်းကို မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ပရိဂျက်တာ | ၄၀ လုံး |
| (ခ) | ကွန်ပျူတာ | ၄၀ လုံး |
| (ဂ) | ပရင်တာ | ၄၀ လုံး |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၂-၂၀၁၇ရက်
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂၃-၂-၂၀၁၇ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၂၄-၂-၂၀၁၇ရက် မွန်းလွဲ ၁ နာရီ

၃။ တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရုံး(တောင်ကြီး)၊ ဖုန်းနံပါတ်-၀၈၁-၂၀၂၁၀၃၊ ၀၈၁-၂၁၂၁၅၀၅၊ ၀၈၁-၂၁၂၁၀၁၃တို့တွင် တင်ဒါပုံစံစတင်ရောင်းချမည့်ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၆/ဘီ) ရပ်ကွက်၊ လူနေရပ်ကွက်-ကုန်းဘောင်အိမ်ရာ၊ မြေကွက်အမှတ် (၆၈)၊ ဒုတိယဗိုလ်မှူးကြီးလင်းနိုင်(ငြိမ်း)(၇/ဖမန(နိုင်) ၁၂၇၆၄၆) အမည်ပေါက် ပါမစ်မြေကွက်၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက်သူ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**ပိုင်စေ ဘာသာစုံ**

၄ တန်း၊ ၈ တန်း၊ ၁၀ တန်း

ဘာသာရပ်တစ်ခုချင်းအလိုက် ကျွမ်းကျင်ပညာရှင် အငြိမ်းစား/ဝါရင့် တက္ကသိုလ်ဆရာကြီး၊ ဆရာမကြီးများ ကိုယ်တိုင် နေအိမ်သို့ လာရောက်သင်ကြားပေးပါသည်။ (Study Guide) များလိုအပ်လျှင်လည်း ဆက်သွယ်နိုင်ပါသည်။

(၂၄)၊မဟာဇေယျလမ်း၊ ရေကျော်၊ ပုဇွန်တောင်။

ဆရာဦးလှမြင့်ဦး (သင်္ချာ) 09-73177816, 09-795888783

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4H/7476 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5E/4387 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ထွန်းလင်း ၉/မတရ(နိုင်)၀၀၀၄၁၇ ၏ CDC-46229, Passport No.MA292291, BST, SSA နှင့် ရုံးလုပ်ငန်း စာရွက်စာတမ်းများ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၄၃၆၈၈**

**ရောင်းမည်**

ဗိုလ်ရာညွန့်လမ်း၊ မြေညီပေ၃၀ × ပေ၄၀ နဝဒေးလမ်း၊ ၉လွှာ ပေ ၃၀× ပေ ၅၀ ယောမင်းကြီးရပ်ကွက်၊ ဒဂုံ
**ဖုန်း-၀၉-၈၇၇၃၁၅၉၅၄**
**၀၉-၂၅၃၃၀၆၄၈၁**

# အိမ်မိုးရန် ရှုံး(သက်ငယ်)ခုတ်သွားရာမှ ပြည်သူတစ်ဦး မိုင်းထိသေဆုံး

**မိုးကောင်း ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လွဲလောကျေးရွာအုပ်စု လွဲစွန်းကျေးရွာ၌ နေထိုင်သော မိသားစုတစ်စု အိမ်မိုးရန် ရှုံး(သက်ငယ်) ခုတ်သွားစဉ် အမျိုးသမီးတစ်ဦး တိုက်မိုင်းထိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွဲလောကျေးရွာအုပ်စု လွဲစွန်းကျေးရွာနေ မစိုးစိုးအေး(ခ) ကြီးချော(၂၃ နှစ်)သည် ဖခင်ဖြစ်သူ ဦးအောင်အောင်(၅၃ နှစ်)၊ အစ်မဖြစ်သူ မစိုးစိုးအောင်(၃၀ နှစ်)တို့နှင့် အတူ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက



အိမ်မိုးရန် ရှုံး(သက်ငယ်)ခုတ်ရန် သွားစဉ် တိုက်မိုင်းထိမိ ပေါက်ကွဲမှုဖြစ်ခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် မစိုးစိုးအေး(ခ)ကြီးချောသည် နေရာတွင် သေဆုံးခဲ့သည်။ သေဆုံးသူအား လောကဏ္ဍ စရိယ လူမှုကူညီရေးအသင်း(မိုးကောင်း)က အခင်းဖြစ်သည့်နေရာအထိ သွားရောက်ယူဆောင်ကာ မိုးကောင်း ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။ အဆိုပါတောင်ကြောတွင် နင်းမိုင်း၊ တိုက်မိုင်းများ ထိမိ၍ ယခုရက်ပိုင်းအတွင်း သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ငါးဦးထက်မနည်း ရှိခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်အရှေ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က မှော်ဘီမြို့နယ် ဖန်ခါးကုန်းကျေးရွာနေ စိန်မြင့်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ နှင့် ဆေးခြောက် ၇၅ ဂရမ်ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က မဟာအောင်မြေမြို့နယ်နေ စိုးဝင်း၏နေအိမ်မှ ဘိန်းဖြူ ၁၂ ဒသမ ၅ ဂရမ်၊ အိုက်စ် ၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၈ ပြား၊ ဘိန်းဆီခဲ ၆၀ ဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိပြီး သတင်းကွင်းဆက်အရ ဖေဖော်ဝါရီ ၁၆ ရက်က ဘိုင်ကြီး နေထိုင်သည့် ၎င်း၏ မိခင်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၅ ပြား၊ ဘိန်းဖြူ ၅ ဂရမ်၊ အိုက်စ် ၃၁၀ ဂရမ်၊ ဘိန်းဆီခဲ ၈၃၂ ဂရမ်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဘိုင်ကြီးနေထိုင်သည့် ပုသိမ်ကြီးမြို့နယ် စည်သာယာကျေးရွာရှိ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇော်ဝင်းထွဋ်၊ သိန်းအောင်၊ အိုက်ရွှေတို့ လေးဦးထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၁၇၀၈၅၈ ပြား၊ ဘိန်းဖြူ ၃၄၈ ဂရမ်၊ အိုက်စ် ၁ ဒသမ ၀၅ ကီလို၊ ဘိန်းဆီခဲ ၇၅၀ ဂရမ်၊ အက်တက်စီဆေးပြား ၃၄ ပြား၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၃၀၀၀ ပြား၊ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ၈၃ တောင့်၊ မော်တော်ယာဉ် နှစ်စီးနှင့် ဆိုင်ကယ်နှစ်စီးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။ **(အောက်ပုံ)**

အလားတူ မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက်က ကျိုင်းတုံမြို့နယ် ဆွန်စပ်ကုန်းကျေးရွာမှ ဟိုနောင်ဆင်ကျေးရွာသွား လမ်းမပေါ်တွင် ကျထူ ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၄ ပြား သိမ်းဆည်းရမိပြီး သတင်းကွင်းဆက်အရ ကျိုင်းတုံမြို့နယ် ပန်ကုလားကျေးရွာနေ ဇာခရိ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀ နှင့် ဘိန်းစိမ်း ၁ ဒသမ ၀၅ ကီလို၊ ငွေကျပ် ၁ ဒသမ ၃ သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# လွတ်မြောက်သွားသော ဒုစရိုက်သမားအား ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေနေဆဲဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မူးယစ်ဆေးဝါးမှု၊ လုယက်မှုတို့ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရဲစခန်းနှင့် လမ်းမတော်မြို့မရဲစခန်းတို့မှ တရားခံပြေးအဖြစ် အလိုရှိနေသော နဂါးလေး(ခ)အောင်နိုင်မြင့်(၃၄ နှစ်)ကို ဖေဖော်ဝါရီ၁၆ ရက် ညနေ ၅ နာရီ ၂၅ မိနစ်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀) ရပ်ကွက် လှော်ကားလမ်းနှင့် ဥဿဘုရားလမ်းဆုံအနီးရှိ ကားဝပ်ရှော့တစ်ခုတွင် ရောက်ရှိနေကြောင်းသတင်းအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ဒဂုံမြို့သစ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းဖမ်းဆီးရာ ကားဖြင့်ထွက်ပြေးသဖြင့် သေနတ်ဖြင့် လေးချက်ပစ်ခတ်ခဲ့ပြီး ထိုပါဂျဲရိုးခဲရောင် 5D/----- အမျိုးအစားယာဉ်ကို ကျိုစုအနောက်ကွင်း မြေသားလမ်းပေါ်တွင် ကားစက်နိုးလျက် မီးလင်းနေကာ ဟွန်းသံရှည်မြည်၍ ရှေ့ဘီးတာယာကြေလျက် ကားအတွင်းခန်း လေအိတ်နှစ်လုံးပွင့်၍ ရပ်တန့်ထားသည်ကို တွေ့ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁၇ ရက်တွင် ထွက်ပြေးလွတ်မြောက်သွားသော တရားခံပြေးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် မြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစုံစမ်းလျက်ရှိကြောင်း သိရသည်။

"အဲဒီ ညနေက ပါဂျဲရိုးယာဉ်အတွင်းပိုင်းမှာရှိတဲ့ TV လိုင်းပျက်နေလို့ လာပြင်တာ ကားမှန်မချဘူး။ လူလည်းကားပေါ်က မဆင်းဘူး။ အရင်ရက် ၂၀ လောက်က တစ်ခါပြင်ပြီးသွားပြီ။ အခုထပ်ပျက်လို့ လာပြင်တာ။ မိနစ်ပိုင်းအတွင်းပဲ ရဲတွေရောက်လာလို့ သူက ကားနောက်ဆုတ်ပြီး မောင်းပြေးတယ်။ ရှေ့က တက္ကစီတစ်စီးကို ဝင်တိုက်လို့ တက္ကစီယာဉ်ခေါင်းပိုင်းကြေသွားတယ်။ နောက်တော့ ရဲက ပစ်တယ်။ လူမထိဘူးလို့ သိရတယ်။ ညနေပိုင်းလမ်းပေါ်မှာ ပစ်ခတ်သံကြားတော့ နီးရာဆိုင်ထဲ ဝင်ပြေးကြတယ်။ ဘယ်သူ့ကိုမှ ထိခိုက်မိတယ် မကြားရဘူး"ဟု မျက်မြင်တွေ့ခဲ့ရသူ အမျိုးသားတစ်ဦးက ပြောသည်။

တရားခံပြေးမှာ ယခင်က ထိုနေရာတွင် ကားအတွင်းပိုင်း TV ပြင်ခဲ့ဖူးပြီး ကားပေါ်မှ မဆင်းဘဲ ကားမှန်လည်း မချပေးသောကြောင့် ကားအတွင်းပိုင်း ဝင်ရောက်ပြင်ဆင်ရန် ပြောဆိုနေစဉ် ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး ရဲတပ်ဖွဲ့က ရော်ဘာတုတ်ဖြင့် ကားတံခါးအားဖွင့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်သည်။ တရားခံပြေးနှင့် အတူ အသက်(၂၀)ကျော် လူငယ်တစ်ဦးလည်း ယာဉ်အတွင်း လိုက်ပါလာကြောင်း သိရသည်။

"တရားခံပြေးကို ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့တွေ ပူးပေါင်းပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်နေပါတယ်။ ဒဂုံဆိပ်ကမ်း၊ ဒဂုံ(တောင်)မြို့နယ်၊ သာကေတနဲ့ ရွှေပြည်သာမြို့နယ်တွေမှာ ပိတ်ဆို့ရှာဖွေနေတယ်။ သူ့ကားကိုလည်း ကညန မေးပြီး စိစစ်နေတယ်။ ဖမ်းဆီးရမိနိုင်ရေးကို ရဲတပ်ဖွဲ့က ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲမှူး လှဝေက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)၊ မျိုးမင်းသိန်း(မရမ်းကုန်း)**

# ချဉ်ပေါင်ပင်ခြောက်အပုံအောက်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဗန်းမော် ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ၌ ချဉ်ပေါင်ပင်ခြောက်အပုံအောက်တွင် ဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအုပ်စု ဘုန်းပင်ရပ်၌ သတင်းအရ ခရိုင် မှုခင်းအကူဌာနမှ ရဲအုပ်မြင့်ထူးဦးစီးအဖွဲ့က ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၆ နာရီခွဲခန့်က စင်းခန်းကျေးရွာနေ ဒေါ်ညိုနွဲ့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်တောင်ဘက် ၂၅ ပေ ခန့်အကွာတွင် စုပုံထားရှိသော ချဉ်ပေါင်ပင်ခြောက်ပုံအောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၇၅ ပြား(အလေးချိန် ၇ ဒသမ ၅ ဂရမ်)တွေ့ရှိခဲ့သဖြင့် စင်းခန်းကျေးရွာနေထိုင်သူ ဒေါ်ညိုနွဲ့(၅၅ နှစ်)ကို စင်းခန်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**


# ယုဇနဥယျာဉ်မြို့တော်၌ အမျိုးသားတစ်ဦး တိုက်ပေါ်မှ ပြုတ်ကျသေဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခန့်က ယုဇနဥယျာဉ်မြို့တော်(၉၄)ရပ်ကွက် ငုဝါလမ်း တိုက်(၃၃)တွင်နေထိုင်သူ အမျိုးသားတစ်ဦး တိုက်အမြင့် ငါးလွှာ နောက်ဖေးဝရန်တာမှ အောက်သို့ ပြုတ်ကျသေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူး သိန်းစိုးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ ဦးဌေးဝင်း(၅၂ နှစ်)ဖြစ်ပြီး လေဖြတ်၊ လေငန်းရောဂါ ခံစားနေရသူတစ်ဦးဖြစ်ကြောင်း သိရသည်။

၎င်း၏ ဇနီးဖြစ်သူ ဈေးရောင်းသွားနေ၍ ပြုတ်ကျသေဆုံးရခြင်းဖြစ်ကြောင်း အနီးပတ်ဝန်းကျင်မှ လူများက ပြောပြသည်။ အလောင်းကို စံပြဆေးရုံကြီးသို့ ပို့ဆောင်အပ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် သေမှုသေခင်းဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**




**S.D.C ကားမောင်းသင်တန်းကျောင်း**

ခေတ်မီ SIMULATOR စက်များ၊ ခေတ်မီ မော်တော်ယာဉ်များဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးပါသည်။ ၂၈၃ (A) ဖြဟ္မစိုရ်လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ

**09-798306373၊09-780090759**

## အိမ်ငှားရန်

နှစ်ထပ် RC, M2 /S2 Aircon 5 လုံး၊ ကား ၂ စီးရပ်ရန် ပါကင်ပါ လုံးချင်းအိမ်နှင့် Master 16 ခန်းပါ ၄ ထပ်ခွဲတိုက် ငှားရန်ရှိပါသည်။

**ဆက်သွယ်ရန် ၀၉-၂၅၀၂၇၄၁၅၂**
**၀၉-၉၇၅၁၁၁၃၄၈**


## ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် 9I/2167 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/နောက်) အနောက်မြို့ပတ်လမ်း၊ အမှတ် (၂၄)နေ ဖခင်ဦးမျိုးမြင့် ၁၂/ဗဟန(နိုင်)၀၅၃၇၀၉၊ မိခင် ဒေါ်သီတာမြင့် ၁၂/ဗဟန(နိုင်)၀၅၃၃၇၅ တို့၏သမီး မသဥ္ဇာမျိုး(ခ)မသင်းသင်းမျိုး ၁၂/ဗဟန(နိုင်)၀၉၆၆၈၂ သည် မိဘများပြောဆိုဆုံးမမှုကို မနာခံဘဲမိမိသဘောအတိုင်း ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ဤအိမ်အမှတ် (၂၄) တွင် နေထိုင်သော မိသားစုများနှင့် လုံးဝမပတ်သက်ပါကြောင်း ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးမျိုးမြင့်-ဒေါ်သီတာမြင့်**

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ရတနာသီရိလမ်း၊ မြေကွက်အမှတ်(၂၈၄-က)ဟုခေါ်သည့် မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ဦးနေအောင် နှင့် အများသိစေရန် ကြေငြာခြင်း။**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၃)၊ အမှတ်(၁၀)ရပ်ကွက်၊ ရတနာသီရိလမ်း မြေကွက်အမှတ်(၂၈၄-က)ဟုခေါ်တွင် သည့် အလျား ပေ ၂၀၊ အနံ ပေ ၆၀ရှိ ဦးနေအောင် (၁၄/ကလန(နိုင်)၀ရ၆ရ၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ထံမှ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသူ ဒေါ်ရွှေ (၁၂/ဥကမ(နိုင်)၁၅၂ရ၁၀)ထံ မှ ကျွန်ုပ်၏မိတ်ဆွေက အပြီးပိုင်ဝယ်ယူရန် စရံငွေပေးချေထားခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများ ရှိပါက ကြေငြာပါသည့်နေ့မှ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာပါသည်။

လွှဲအပ်ချက်များအရ
ဒေါ်ရီရီစိုး
အထက်တန်းရှေ့နေ (စဉ်-၂၉၄၃၀)
Ph : 09-448012393, 09-5083084
အမှတ်(၅၀)၊ ဒု-ထပ်၊ အခန်း (A-5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅အီး°၊ မြေကွက်အမှတ် ၆၂F°/C.၁ ၊ ဧရိယာ ၀ဒသမ၀၅၄ဧကရှိသော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၇၂/ဘီ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်အမည်ပေါက် အမွေဆက်ခံပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးရဲတင့် ၁၂/ဗဟန(နိုင်)၀၂၅၆၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L အထက်တန်းရှေ့နေ**
**တိုက်အမှတ် -၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊**
**သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

# ဂျပန်နိုင်ငံ၌ ကျင်းပသည့် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဒေ့ဗ်လက်ဒပ်က ဖိုးကေကို ဒုတိယအချီမှာပင် အလဲထိုးဖြင့်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
ဂျပန်နိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းက တိုကျိုမြို့ရှိ ခိုလခုအန်ခန်းမ၌ ကျင်းပခဲ့ရာ ကနေဒါနိုင်ငံသား ဒေ့ဗ်လက်ဒပ်က မြန်မာနိုင်ငံ ပထမတန်းလက်ဝှေ့ကျော် ဖိုးကေကို ဒုတိယအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မြန်မာ မီဒီယာဂရု(ပ်)နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်က ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စုစုပေါင်းတွဲဆိုင်းခြောက်ဆိုင်း ပါဝင်ယှဉ်ပြိုင် ထိုးသတ်ခဲ့သည်။ အဓိကတွဲဆိုင်းဖြစ်သည့် ကနေဒါနိုင်ငံသား ဒေ့ဗ်လက်ဒပ်နှင့် ဖိုးကေတို့ တွဲဆိုင်းတွင် ပြိုင်ပွဲမကျင်းပခင်ကတည်းကပင် ရိုးရာလက်ဝှေ့ချစ်ပြည်သူများက ဖိုးကေ မရှုံးမလုရှုံးနိမ့်မည်ဟု ခန့်မှန်းပြောဆိုမှုမှာ မှန်ကန်ခဲ့သည်ဟု ပြောရမည်ဖြစ်သည်။ ပထမအချီမှာပင် ဒေ့ဗ်၏ နောက်ပြန်တံတောင် ရိုက်ချက်မိခဲ့ပြီး ဖိုးကေအနားတောင်းခဲ့ရသည်။ သို့သော် ဒုတိယအချီတွင် ဖိုးကေ ဘယ်လိုမှ ရင်ဆိုင်ယှဉ်ပြိုင်နိုင်ခြင်းမရှိဘဲ ဒေ့ဗ်၏ ဘယ်၊ ညာလက်သီး တွဲလုံးအောက်တွင် အကြိမ်ကြိမ်ပြိုလဲခဲ့ရကာ အလဲထိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အခြားတွဲဆိုင်းများဖြစ်သည့် သားအသည်းတစ်ပွင့်(မြန်မာ)နှင့် ယူကီယာမာမို (ဂျပန်)တို့ပွဲတွင် သားအသည်းတစ်ပွင့်က ပထမအချီမှာပင် အလဲထိုးဖြင့် နိုင်ပြီး ချမ်းကို(မြန်မာ)နှင့် ခိုင်ဇူကီအိုကူဒါ (ဂျပန်) တို့ပွဲတွင်လည်း ဒုတိယအချီ၌ ချမ်းကိုအနားတောင်းခဲ့ရသော်လည်း စတုတ္ထအချီတွင် ခိုင်ဇူကီအိုကူဒါ မျက်ခုံးကွဲ၍ ဆေးရှုံးခဲ့သဖြင့် ချမ်းကို အနိုင်ရခဲ့သည်။ တစ်ဖန်ဖျံသွေး(မြန်မာ) နှင့် ယာမာဇာကီ(ဂျပန်)တို့ပွဲတွင် ပထမအချီ၌ပင် ဖျံသွေးကအလဲထိုးဖြင့် အနိုင်ရခဲ့ပြီး စောရာဇာ(မြန်မာ)နှင့် ခိုင်မာ(ဂျပန်)တို့ပွဲတွင် ခိုင်မာ နှာခေါင်းတွင် ထိခိုက်ဒဏ်ရာပြင်ထန်းစွာရခဲ့သော်လည်း အသည်းမာမာဇွဲပါပါဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သောကြောင့် သရေဖြင့်ပြီးဆုံးခဲ့သည်။

အလားတူ မကျေပွဲ ဒုတိယအကြိမ် ပြန်လည်တွေ့ဆုံသည့် ရွှေစင်မင်း (မြန်မာ)နှင့် မိုမိုကို(ဂျပန်) တို့ပွဲတွင်လည်း တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်ထိုးသတ်သော်လည်း သရေဖြင့်ပြီးဆုံးခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ဂျပန်နိုင်ငံ၏ ဒုတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ် အရှေ့အာရှဥက္ကဋ္ဌ မစ္စတာမစ်ဆူအီက ပုဂံလျှောင်ဒဏ်သင့်ဘုရားများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေ ယန်းတစ်သန်း(မြန်မာငွေကျပ်သိန်း ၁၂၀) ကို မြန်မာသံရုံးသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**


ဒေ့ဗ်လက်ဒပ် (ကနေဒါ)နှင့် ဖိုးကေတို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

# လက်ရှိချန်ပီယံရတနာပုံအသင်း နှစ်ပွဲဆက်သရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
၂၀၁၇ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၆)ပထမနေ့ကို ယနေ့ညနေ ၄ နာရီက မန္တလာသီရိကွင်း၌ ကျင်းပရာ ရတနာပုံနှင့် ရခိုင်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

လက်ရှိချန်ပီယံရတနာပုံအသင်းသည် နှစ်ပွဲဆက်သရေရလဒ်ကြောင့် ဖိအားဝင်သွားရပြီး ခြောက်ပွဲကစားအပြီးတွင် ရှုံးပွဲ မရှိသေးသော်လည်း သုံးပွဲအထိ သရေကျခဲ့သောကြောင့် ချန်ပီယံဆုကို ကာကွယ်နိုင်ရန် ရုန်းကန်ရတော့မည်ဖြစ်သည်။ ရခိုင်အသင်းသည် ယခုရာသီတွင် ခြောက်ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ ရန်ကုန်၊ လက်ရှိချန်ပီယံ ရတနာပုံစသည့် အသင်းကြီးများအား သရေကစားနိုင်ခဲ့သည်။လက်ရှိချန်ပီယံရတနာပုံအသင်းသည် ယခုပွဲတွင် ဦးဆောင်ဂိုးရခဲ့သော်လည်း ဒုတိယပိုင်းတွင် ပယ်နယ်တီမှတစ်ဆင့် ဂိုးပြန်ပေးခဲ့ရကာ တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းတွင် ဒဏ်ရာမှ ပြန်ကောင်းလာသည့် အောင်သူနှင့် သိန်းသန်းဝင်းတို့ ပြန်ပါလာပြီး ရခိုင်အသင်းမှာမူ နိုင်ငံခြားသား ကစားသမားသုံးဦးအပါအဝင် လူစုံခဲ့သည်။

ရတနာပုံအသင်းသည် ပွဲအစတွင် ရခိုင်အသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့ပြီး ကိုးမိနစ်တွင် အသင်းခေါင်းဆောင်ရန်ပိုင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၃ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဆန်းဒေးမက်သယူးက သွင်းယူခဲ့သောကြောင့် ရခိုင်အသင်း ချေပဂိုးပြန်ရခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် ရတနာပုံအသင်း အနိုင်ဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ရခိုင်နောက်တန်းက အမှားအယွင်းမရှိ ဖျက်ထုတ်ခဲ့သည်။ ရခိုင်အသင်းသည် ခြောက်ပွဲဆက်ရှုံးပွဲမရှိ ကစားထားနိုင်သော်လည်း နိုင်ပွဲတစ်ပွဲသာ ရရှိထားပြီး ငါးပွဲအထိ သရေကျထားသည်။



ပွဲစဉ်(၆)ဒုတိယနေ့ကိုဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရွှေဝတီအသင်း၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**

# မန်ယူတို့အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
ယူအီးအက်ဖ်အေယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၆ ရက် ( ကြာသပတေးနေ့) ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနှင့် စိန့်အက်တီယန်ပွဲတွင် အိုးထရက်ဖို့ဒ်ကွင်း၌ အိမ်ရှင်မန်ယူအသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် အီဘရာဟီမိုဗစ်ကို အထောင်ထားခဲ့သည်။ ဧည့်သည် စိန့်အက်တီယန်သည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ မန်ယူအတွက် အနိုင်ဂိုးများမှာ တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ ဟက်ထရစ် သွင်းဂိုး သုံးဂိုးစလုံးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မိုဗစ်သည် ပွဲချိန် ၁၅ မိနစ်တွင် ပြစ်ဒဏ်ဘောမှ အဖွင့်ဂိုး သွင်းယူခဲ့ပြီး ဒုတိယပိုင်း ၇၅ မိနစ်တွင် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲပြီးခါနီး ပွဲချိန် ၈၈ မိနစ်တွင် ပယ်နယ်တီကန်သွင်းယူခဲ့ပြီး မန်ယူအသင်းနှင့်အတူ ပထမဦးဆုံးဟက်ထရစ်သွင်းယူခဲ့ ခြင်းဖြစ်သည်။ ယင်းနှစ်သင်းတွေ့ဆုံမှုမှာ ပရိသတ်အတွက် စိတ်ဝင်စားဖွယ်ပွဲဖြစ်ခဲ့ပြီး ညီအစ်ကိုရင်းနှစ်ယောက် တစ်ဖက်တစ်သင်းစီ ကျရောက်တွေ့ဆုံခဲ့သည်။ မန်ယူကွင်းလယ် ကစားသမား ပေါ့ဂ်ဘာနှင့် ၎င်း၏အစ်ကို စိန့်အက်တီယန် နောက်တန်းကစားသမား ဖလော်ရန်တင်ပေါ့ဂ်ဘာတို့ ပထမဦးဆုံးအကြိမ် ပြိုင်ဘက်အဖြစ် တွေ့ဆုံခြင်းဖြစ်သည်။

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပထမအကျော့တခြားပွဲစဉ် ဂိုးရလဒ်များအဖြစ် ခရက်စ်နိုဒါက ဗီနာဘာချီကို တစ်ဂိုး-ဂိုး မရှိ၊ အက်စ်ထရာနှင့် ဂျန့်ခ်တို့က တစ်ဖက်နှစ်ဂိုး၊ လိုင်ယွန်က အယ်ခမာကို လေးဂိုး-တစ်ဂိုး၊ ဖီအိုရင်တီးနားက ဂလာဘတ်ကို တစ်ဂိုး-ဂိုးမရှိ၊ ရုက်တာဒိုးနက်က ဆယ်တာဗီဂိုကို တစ်ဂိုး-ဂိုးမရှိ၊ ဂျန့်က စပါးကိုတစ်ဂိုး-ဂိုးမရှိ၊ ကိုဘင်ဟောင်ဂ်က လူဒိုဂိုရက်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ အိုလံပီယာကို့စ်နှင့် အော့စ်မန်လီစပေါ်က ဂိုးမရှိသရေ၊ ရော့စ်တော့က စပါတာပရပ်ကို လေးဂိုး-ဂိုးမရှိ၊ အန်ဒါလက်ချ်က ဇင်းနစ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘီလ်ဘာအိုက အေပိုးလ်ကို သုံးဂိုး-နှစ်ဂိုး၊ ဘက်ဆစ်တပ်စ်က ဟာပိုးဘီယာ ရှီဗာကို သုံးဂိုး-တစ်ဂိုး၊ ဝါဆောနှင့် အေဂျက်ဂိုးမရှိသရေ၊ ရှော်လ်ကေးက PAOK ကို သုံးဂိုး-ဂိုးမရှိနှင့် ရိုးမားက အဝေးကွင်း၌ ဗီလာရီးရဲလ်ကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယူရိုပါလိဂ် ဒုတိယအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက် ညပိုင်းတွင် ပြန်လည်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **သီဟ**


**တစ်ဦးတည်းဖြစ်ပါကြောင်း**
မြင်းခြံမြို့၊ ကံသာအောင်ကိုယ်ပိုင် အထက်တန်းကျောင်း အဌမတန်းမှ မောင်ဟိန်းသီဟနှင့် ဆဌမတန်းမှ မအိန္ဒြေသူတို့၏ ဖခင်အမည်မှန်မှာ ဦးနေလင်းစိုး(ခ)ဦးဇော်ဇော် ၁၀/မလမ (နိုင်)၁၃၉၅၈၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အမည်မှန်**
ချောက်မြို့နယ်၊ ကူဖြူကျေးရွာနေ ဦးနေဝင်း ၈/ခမန(နိုင်)၁၁၇၂၃၉၏ သမီး စလေမြို့၊ ဖိုးချမ်းဘော်ဒါ နဝမတန်းမှ မဇာနီအောင်၏အမည်မှန်မှာ မဇာနည်အောင် ဖြစ်ပါကြောင်း။ **မဇာနည်အောင်**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 6H/2392,Mazda Scrim DG 63 T, P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိမ့်သိမ့်ကျော် ၁၂/တတန(နိုင်) ၁၃၃၃၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

**(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖိတ်ကြားခြင်း**
(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အား အောက်ပါ အစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် မပျက်မကွက် တက်ရောက်ပေးပါရန် လူကြီးမင်းအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။
**နေ့ရက်** - ၂၀-၂-၂၀၁၇ရက် (တနင်္လာနေ့)
**အချိန်** - မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ
**နေရာ** - ဖရင့်ခန်းမ၊ အမှတ်(၄၀၄-က)၊ အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ်၊ ရန်ကုန်မြို့
**(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ**
**ခ-စ-ယ(တက္ကသိုလ်များ-ရန်ကုန်)**

ထာဝရ ... Ph: 09 260360006, 09 260360066, 09 250570004

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါစိစစ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အလုံဓာတ်အားပေးစက်ရုံဝင်းအတွင်း ရန်ကုန်ဓာတ်အား ကွပ်ကဲရေး အဆောက်အအုံသစ်၊ ကြမ်းခင်းဧရိယာ(၁၃၇၅၂) စတုရန်းပေရှိ (၃)ထပ် အဆောက်အအုံ တစ်လုံးအားပုတ်ပြတ်စနစ် (EPC Contract) စနစ်ဖြင့် ဆောက်လုပ်ရန် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။
၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၂-၂၀၁၇ရက် ၉း၃၀ နာရီ
၃။ **တင်ဒါအရောင်းပိတ်ရက်** - ၂၇-၂-၂၀၁၇ရက် ၁၆း၃၀နာရီ
၄။ **Company Profile အပါအဝင် Technical Proposal & Financial Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်** - ၁၇-၃-၂၀၁၇ရက် ၁၆း၃၀နာရီ
၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာ ပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။
**တင်ဒါစိစစ်ရေးနှင့်ကြီးကြပ်မှုကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး**
**လွှတ်တော်ဝင်း၊ အလုံမြို့နယ်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့တွင် လိုအပ်သော Projector(၇၄) စုံနှင့် Computer/Printer(၃၃)စုံ ဝယ်ယူရန် ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါသွင်းရန် ကြေညာအပ်ပါသည်။
၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၂-၂၀၁၇ရက် နံနက် ၉ နာရီမှ ၁၆း၃၀နာရီအထိ
၃။ **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** - ၂၄-၂-၂၀၁၇ရက် ၁၆း၃၀နာရီအထိ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၇-၂-၂၀၁၇ရက် ၁၀ နာရီ
၅။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ် ၅၀၀၀ (ကျပ်ငါးထောင်)နှုန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ထောက်(၁/၂) ဌာနစိတ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်အားသိရှိလိုပါက အောက်ပါဖုန်းနံပါတ်ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-
**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**
ဖုန်း-၀၇၁-၂၆၅၁၁

**ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုရစာအုပ် ဖြန့်ချိရောင်းချ**
ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၃ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရရှိ သည့်လွင်ဦး(ကွမ်းခြံကုန်း)၏ “ညွှတ်နှင့်အခြား ဝတ္ထုတိုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်သည် လူသားတို့မျက်စိဖြင့် မြင်နိုင်သော သုတ်ကိုင်းသံညှပ်၊ လည်တိုးကွင်း၊ တွင်းကျစသော အကောင်အထည်၊ ဒြပ်ထုရှိ ‘ညွှတ်’သာမကဘဲ မျက်စိဖြင့်မမြင်နိုင်သော မာယာ၊ ပရိယာယ်အပါအဝင်ညွှတ်များအကြောင်းကို ဝတ္ထုတိုပုံစံများဖွဲ့၍ ရေးသားထားခြင်းဖြစ်သည်။ လောကီထုပ္ပါတ်လူတို့ဇာတ်ကားရှုပ်ထွေးနက်နဲ၍ ထူးထွေဆန်းကြယ်သလို ညွှတ်များကလည်း ထွေပြားလှပါသည်။ စာရေးသူသည် ယခုစာအုပ်တွင် တောတောင်၊ မြစ်ချောင်းများတွင် ကျက်စားလေ့ရှိသည့် သက်ရှိသားကောင်း တိရစ္ဆာန်များအား ဖမ်းဆီးရာတွင် အသုံးပြုသည့် ညွှတ်များအကြောင်းကို အလေးပေးရေးသားထားပါသည်။

ရောင်းဈေးကျပ် ၉၀၀ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၆၇-၄၁၄၆၈၁)၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း-၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ပါသည်။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကဒါရပ်ကွက်၊ ကမ်းနားလမ်းနေ မနှင်းစုမွန်၏ ဖခင် ဦးမင်းစံသိန်း(ခ)ဦးပေါ်လာ ၁၀/ပမန(နိုင်) ၀၀၃၀၇၄မှာ တစ်ဦးတည်းဖြစ်ပါသည်။**ဦးမင်းစံသိန်း(ခ)ဦးပေါ်လာ**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7K/3501 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 1K/6859 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7G/9807 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**
နေပြည်တော်၊ ဥတ္တရသီရိမြို့၊မြေတိုင်းရပ်ကွက်အမှတ်၂/ဥတ္တရသီရိအလယ်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ ဦးဟိန်းထက်အောင် (ဘ)ဦးမြဟိန်း ၉/မထလ(နိုင်)၂၂၄၁၀၁ အမည်ပေါက် မြေကွက်အမှတ် (ဥ-၄၀၆၂) ဧရိယာဝဒသမဖဖဲဒေါဇကေနှင့် ဒေါ်မေလှဲ့ဟိန်း (ဘ) ဦးမြဟိန်း ၁၂/လမန(နိုင်) ၁၄၅၉၁၇ အမည်ပေါက်မြေကွက်အမှတ် ၄၀၇၂၊ ဧရိယာ ဝဒသမ ဖဖဲဒေါဇကေ၊ မြေကွက်နှစ်ကွက်အား ဒေါ်မေလှဲ့ဟိန်း(ဘ)ဦးမြဟိန်း ၁၂/လမန(နိုင်)၁၄၅၉၁၇ က မြေပေး မိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာနိုင်ငံတွင် ကလေးလုပ်သား တစ်သန်းကျော်ရှိပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲမည့် အဆင့်သို့ရောက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံတွင် ကလေးလုပ်သား ၁ ဒသမ ၁ သန်းကျော်ရှိသဖြင့် ကလေးလုပ်သားပပျောက်ရေးစီမံချက်ဆောင်ရွက်ရာတွင် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP)ရေးဆွဲနိုင်ရေးအတွက် အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံတို့တွင် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနိုင်က ပြောသည်။

တတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့ နိုဗယ်မြန်မာဟိုတယ်၌ ဖေဖော်ဝါရီ ၁၄ ရက်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်များ၏ အမြင်နှင့် အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြ၍ ဘုံသဘောတူညီချက်ကို NAP (National Action Plan )တွင်ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည်။

"ကလေးတွေရဲ့ အနာဂတ်ကို ပြုစုပျိုးထောင်နိုင်ဖို့ အရွယ်မရောက်သေးခင်လုပ်နေရတဲ့ ကလေးလုပ်သားဆိုတာ ပပျောက်ဖို့လိုတယ်။ သူ့ဒေသနဲ့သူ ကလေးလုပ်သားဖြစ်ရတဲ့ အကြောင်းအရင်းတွေ၊စိန်ခေါ်မှုတွေကို အထက်မြန်မာပြည်/အောက်မြန်မာပြည်မှာ ဆွေးနွေးမှုတွေကျင်းပခဲ့ရာမှာ အောင်မြင်ပါတယ်။ တက်ရောက်လာတဲ့ လူငယ်တွေရဲ့အမြင်၊ သဘောထားတွေအရ ကလေးလုပ်သားတွေ ပပျောက်ရေးအတွက် ဘယ်လိုရှိသလဲဆိုတာ တွေ့ဆုံညှိနှိုင်းခဲ့ကြတယ်"ဟု ၎င်းကပြောသည်။

ကလေးလုပ်သားများရှိနေခြင်း၏ အဓိကအချက်မှာ ဆင်းရဲမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းနှင့် မိသားစုဆင်းရဲမှုများကြောင့် ကလေးသူငယ်များမှာ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေကို အရွယ်မတိုင်မီမှာ ရှာနေကြရကြောင်းနှင့် အသိအမြင်ပိုင်းလိုအပ်ချက်များဖြစ်၍ ၎င်းတို့ကိုဖြည့်ဆည်းရန် ပညာရေးစနစ်ကို နိုင်ငံတော်မှ ပြောင်းလဲပြုပြင်မှုများကို အထူးအားပေးဆောင်ရွက်နေကြောင်း သိရသည်။

"ILO နဲ့ အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၅ ခုနှစ်ကစပြီး ကလေးလုပ်သားစစ်တမ်းကောက်ယူတဲ့ စာရင်းတွေအရ ကလေးလုပ်သား တစ်ဒသမ တစ်သန်းကျော်ရှိတယ်။ အရင်ကကောက်ယူခဲ့တဲ့ စာရင်းမရှိတော့ အတိုး/အလျှော့မသိရသေးဘူး"ဟု ILO မှ ကလေးလုပ်သားပပျောက်ရေးစီမံကိန်း အကြီးတန်းအကြံပေးအရာရှိ Mr. Selim Benaissa က ပြောသည်။

ကလေးလုပ်သားစာရင်းများကို နှစ်စဉ်ကောက်သွားမှာဖြစ်ပြီး လက်ရှိစာရင်းများအရ စိုက်ပျိုးရေးကဏ္ဍမှာ ကလေးလုပ်သားအများဆုံးဟု ပြောနိုင်ကြောင်း၊ ၁ ဒသမ ၁ သန်းကျော်အနက် တစ်ဝက်ခန့်သည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် ရောက်ရှိနေကြောင်း ၎င်းကဆက်လက်ပြောပြသည်။

ကလေးလုပ်သားပပျောက်ရေးစီမံကိန်း လုပ်ငန်းစဉ်တွင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရနှင့်ပူးပေါင်းလုပ်ဆောင်မည့်အပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် တွဲဖက်ကာ လုပ်ငန်းစီမံချက် ကဏ္ဍငါးခုဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း နွေစပါးကေခြောက်သောင်းကျော် လျာထားစိုက်ပျိုးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် တောင်ပိုင်းခရိုင်အတွင်း နွေစပါးလျာထားကေခြောက်သောင်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒလမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များတွင် ခေတ်မီစိုက်ပျိုးမှု နည်းစနစ်ဖြင့် နွေစပါးလျာထားကေ ခြောက်သောင်းကျော် လျာထားရာ ကေ ငါးသောင်းငါးထောင်ကျော် စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားကေ ပြည့်မီကျော်လွန်သည်အထိ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးမည့် မျိုးစပါး မျိုးကောင်းမျိုးသန့် အထွက်နှုန်းကောင်းမွန်သော သီးထပ်ရင် မျိုးစပါး၊ ရတနာအောင်မျိုးစပါး၊ ရက်ကိုးဆယ်မျိုးစပါးများကို ခေတ်မီစိုက်ပျိုးမှု နည်းစနစ်ဖြင့် စိုက်ပျိုးလျက်ရှိပြီး တောင်သူများ ခေတ်မီစိုက်ပျိုးမှုနည်းစနစ်များဖြင့် စိုက်ပျိုးလာနိုင်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေး ဦးစီးဌာနမှ BMP နည်းစနစ်စံပြကွက် ကေ ၁၇၀၊ SRI နည်းစနစ်စံပြကွက် ၂၅ ကေ၊ စိုက်စနစ် စံပြကွက် ၁၅ ကေ၊ မျိုးသန့် မျိုးစေ့ထုတ် နည်းစနစ်စံပြကွက် ၃၅ ကေ၊ ခေါင်နှံမျိုးသန့်ပွားစံပြကွက် နှစ်ကေတို့ကို ခေတ်မီစိုက်ပျိုးမှု နည်းစနစ်များဖြင့် တောင်သူများ သိရှိလိုက်နာလာစေရန် လက်တွေ့စိုက်ပျိုးပြသထားသည်။ တောင်သူတစ်ဦးချင်းစီအလိုက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးမှုနည်းစနစ်၊ စိုက်ပျိုးမှု နည်းပညာစံပြကွက်အလိုက် စိုက်ပျိုးရေး ဦးစီးဌာနမှ တောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နွေစပါးစိုက်ပျိုးထုတ်လုပ်မှု သတ်မှတ်လျာထား ကေထက်ကျော်လွန် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန် တောင်ပိုင်းခရိုင်ရုံး ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**သက်ခိုင် (သန်လျင်)**



သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)၌ ဖေဖော်ဝါရီ ၁၄ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆေးဘူးအသုံးပြုတတ်ရေး လက်တွေ့သရုပ်ပြသစဉ် မုံရွာ(ကိုယ်ပွား)

# သီလရှင်ကျောင်းအတွက် ငွေကျပ်သိန်းတစ်ရာ လှူဒါန်း

**လောက်ကိုင် ဖေဖော်ဝါရီ ၁၇**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ် ချမ်းမြေ့ဂုဏ်ဝေ ပရိယတ္တိ၊ပဋိပတ္တိ ပရဟိတ သီလရှင်ကျောင်းတိုက် ဘိုးဘွားရိပ်သာ၊ ကလေးသူငယ်စွမ်းရည်မြှင့်ကျောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုးရေး ဆွမ်း၊ ဆွမ်းဟင်း ဝေယျာဝစ္စအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးရန်လင်းအောင်က သီလရှင်ဆရာမကြီးထံသို့ အလှူငွေကျပ် သိန်း ၁၀၀ ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သီလရှင်ဆရာမကြီးကိုယ်စား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးအောင်ထိန်လင်းက အလှူငွေဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဂျပန်ချဉ်ပေါင်လျှော်စိုက်နည်းစနစ်ပညာပေးဆွေးနွေး

**ကျွန်းလှ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဂျပန်ချဉ်ပေါင်လျှော်စိုက်နည်းစနစ်ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပကြောင်း သိရသည်။ အဆိုပါ ပညာပေးဆွေးနွေးပွဲတွင် ချဉ်ပေါင်လျှော်ကို မိုးရာသီတွင် စိုက်ပျိုးသင့်ကြောင်း၊ မြေအမျိုးအစားမရွေးဘဲ ရာသီဉတုဒဏ်နှင့် ပိုးမွှားရောဂါဒဏ်ခံနိုင်၍ စိုက်ပျိုးစရိတ်သက်သာပြီး အထွက်နှုန်းကောင်းကြောင်း၊ တောင်သူများစိုက်ပျိုးရန် မျိုးစေ့ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သဇင်ဦးကုမ္ပဏီအထွေထွေမန်နေဂျာ ဦးစောလှထွန်းက ပြောကြားသည်။

ကျွန်းလှမြို့နယ်၌ ၂၀၁၆ ခုနှစ်မှစ၍ ချဉ်ပေါင်လျှော်မျိုးစေ့ထုတ်ကွက်အဖြစ် စိုက်ပျိုးကြကြောင်း၊ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းခန့် အကျိုးအမြတ်ရှိသည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်လှကြိုင်က ဆွေးနွေးကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဖေဖော်ဝါရီ ၇ ရက်မှ ၁၄ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဦးသိန်းကိုကို (ပြည်နယ်တရားလွှတ်တော် တရားသူကြီး) | မြေယာအဆောက်အဦးနှင့် ငွေကြေးဆိုင်ရာပြန်လည်ရရန် ဆောင်ရွက်ရမည့် တရားမဇာရီမှုခင်းများ | ၅၀၀၀ိ/- | မနော၊ဖြူစာပေ |
| ၂ | ပန်းချီ-မျိုးမာန် | ဗုဒ္ဓမြတ်ဘုရား၏ သားတော်ရာဟုလာ | ၁၅၀၀ိ/- | မြင့်မိုရ်မေမေစာပေ |
| ၃ | ပန်ဒိုရာ | လေသံပြင်းပြင်းမြန်မာ့အမျိုးသမီးကဗျာစုစည်းမှု (အမှတ်-၂) | ၃၅၀၀ိ/- | နှင်းကာလများစာပေ |
| ၄ | ကောင်းမြတ် | အိပ်မက်မြစ်ကမ်းနှင့်အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၅ | သျှင်အရိယဝံသ (ရေလယ်ကျွန်းတောရ) | မြတ်ဗုဒ္ဓ၏တိုတိုရှင်းရှင်း ပိဋကမူရင်းဒေသနာများ အတွဲ-၂ | ၁၅၀၀ိ/- | အနတ္တစာပေ |
| ၆ | အရှင်ပညာဝံသ (မရမ်းကုန်း) | အံ့ဖွယ်ထူးခြားစေတီပုထိုးများ(၂) | ၂၀၀၀ိ/- | ခရီးဖော်စာပေ |
| ၇ | ရောမောင် | ကုန်းမှာမြွေပွေး ထောင်မှာ စိန်ဒွေးနှင့် အခြားဆောင်းပါးများစုစည်းမှု | ၂၀၀၀ိ/- | မုခစာပေ |
| ၈ | အရှင်ပညာသီရိ(ရမ္မာကျွန်း) | စင်ကြယ်ခြင်းဓမ္မဆီသို့အခြေခံဝိပဿနာ | ၂၀၀၀ိ/- | ချန်ချန့်စာပေ |
| ၉ | ဦးကျော်ညွန့်(ကောကန) | ခေတ်သစ်တွေးခေါ်ဝဂ္ဂစက်+အာယစက်များအကြောင်း | ၅၀၀၀ိ/- | အမေ့သားတိုက်စာပေ |
| ၁၀ | မောင်ဝံသ | ရှေ့နေကြီးပယ်ရီမေဆင်နှင့် ခုနစ်လွှာပျိုဖြူအမှု | ၃၀၀၀ိ/- | ဒေါင်းစာပေ |
| ၁၁ | မြတ်ငြိမ်း | အကောင်းဆုံး ဆုံးဖြတ်ချက်များချမှတ်နိုင်ဖို့ | ၁၇၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၂ | စိုပြေ | စိုပြေရေးတဲ့သရော်စာများ -၃ | ၃၀၀၀ိ/- | လွင်ဦးစာပေ |
| ၁၃ | ကောင်းမြင့်မြတ်စိန် | နေညိုရောင်ဘဝမှာ ရွှေအိုရောင်အလှဖြာစေသတည်း | ၁၈၀၀ိ/- | ဦးမြင့်စိန်စာပေ |
| ၁၄ | မုံရွာအရှင်ဝဏ္ဏိတ (ဒွိပိဋကဓရ) | ဆန္ဒဖြည့်တရားပဒေသာ | ၃၅၀၀ိ/- | ဓမ္မသရဖူစာပေ |
| ၁၅ | ဇင်အောင် | မုဆိုးရွှက်ပေတလူတောလုံးဆူ | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၆ | ဦးဝမ်ထိန် | ကျောင်းသားစွယ်စုံ | ၂၅၀၀ိ/- | ပတ္တမြားငမောက်စာပေ |
| ၁၇ | မြတ်ငြိမ်း | လူဖြစ်ကျိုးနပ်ဘဝနေနည်း | ၁၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၈ | မင်းခိုက်စိုးစံ | ကမ္ဘာရည်းစား | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၉ | ကောင်းသာ(မြန်မာပြန်) | အောင်မြင်ရေးအတွက်တန်ခိုးစွမ်းအား | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၀ | ခင်မောင်တိုး(မိုးမိတ်) | နိုင်ငံက ပုံပြင်၃၁ပုဒ် | ၂၀၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၁ | ခင်မောင်တိုး(မိုးမိတ်) | တစ်ခေတ်ကကျောင်းသုံးစာအုပ်လာကလေးကြိုက်ပုံပြင်များ | ၂၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၂ | နေစိုးလှိုင် | လုပ်ငန်းခွင်နှင့်နေ့စဉ်ဘဝဘေးကင်းကျန်းမာရေး | ၁၆၀၀ိ/- | ပညာမြန်မာစာပေ |
| ၂၃ | လှစိုးဝေ | မဟာတို့၏ကျဆုံးခန်း | ၂၅၀၀ိ/- | ရိုးမချယ်ရီစာပေ |
| ၂၄ | မောင်သာချို | ကောက်ကွေ့တဲ့လမ်းများနှင့် ဖြောင့်တန်းတဲ့ခြေရာ | ၃၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၂၅ | ဦးဇော်မျိုး (ရန်ကုန်တက္ကသိုလ်) | မြကျွန်းညို(အထက်တန်းအဆင့်) စာစီစာကုံးများ တွေးတောရေးသားပုံ | ၂၀၀၀ိ/- | ပစ်တိုင်းထောင်စာပေ |
| ၂၆ | ကိုကိုလေး | ခေတ်သစ်လက်ဝဲဝါဒမူလအစ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၂၇ | မြတ်ဝေ | ကြွေ | ၃၀၀၀ိ/- | ချန့်ချန်စာပေ |
| ၂၈ | မသက်ဇင် | စောရအိုင်မြစ်ဆုံရယ် | ၃၀၀၀ိ/- | ဂန္ထဝင်ပညာအိမ်စာပေ |
| ၂၉ | မောင်ကိုကို(အမရပူရ) | ကျွန်တော်၏မေမေနှင့်တခြားဆောင်းပါးများ | ၂၅၀၀ိ/- | ဆန်းစသော်တာစာပေ |
| ၃၀ | ကောင်းဆက်နိုင် | အာဏာရှင်မိခင်နှင့် အခြားဝတ္ထုတိုများ | ၂၂၀၀ိ/- | ကောင်းဆက်နိုင်စာပေ |
| ၃၁ | ထားထားမြင့် | ကလေးတွေကိုတိုးတိုးတိတ်တိတ်အသိပေးစရာများ | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၃၂ | နေဇင်လတ် | မျိုးဆက်သစ်ခေါင်းဆောင်များအတွက် | ၄၅၀၀ိ/- | ရွှက်စိမ်းစာပေ |
| ၃၃ | မောင်ခေတ်ထွန်း | ၄က်ညိုကလေးများ၏နားခိုရာနှင့်အခြားပုံပြင်များ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၃၄ | ပန်းချီ-ဦးစိန် | စုံထောက်ဦးစံရှားရုပ်ပြဇာတ်လမ်းများ | ၃၀၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၃၅ | ပန်းချီအောင်ကြောင်းဖြာ | တို့ဗိုလ်ချုပ်အောင်ဆန်းသည် | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၃၆ | ပန်းချီအောင်ကြောင်းဖြာ | တပည့်ကျင့်ဝတ် | ၁၂၀၀ိ/- | နဂါးပျံစာပေ |
| ၃၇ | Dr. Vince(Physics) | Get Ready for Exam Physics (လေ့ကျင့်ရန်မေးခွန်း(၇)စုံ) | ၁၀၀၀ိ/- | Apex စာပေ |
| ၃၈ | ရိုဒီ | ရိုဒီ=၄၀=ကဗျာ | ၁၀၀၀ိ/- | သင်းစာပေ |
| ၃၉ | ဇော်ထွဋ် | သုခဝပ်ကျင်းရသစာတမ်းများ | ၂၀၀၀ိ/- | ဇော်ထွဋ်စာပေ |

(ဆက်လက်ဖော်ပြပါမည်)

# တိုင်းရင်းသားသေးချင်းများအတွက် ချစ်သူများနေ့လက်ဆောင်

**မြင့်စိုး (နတလ)**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့။ လူငယ်လူရွယ် အများစုကတော့ ဤနေ့ကို ချစ်သူများနေ့ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ကြသည်။ သို့သော် ထိုနေ့မတိုင်မီက ကျော်ဖြတ်လာခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံအတွက်၊ တိုင်းရင်းသားအားလုံးအတွက် အလွန်အရေးကြီးသော၊ အလွန်တန်ဖိုးကြီးမားသော ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်ဖြစ်ခဲ့သည်။ နောက်တစ်ရက် ဖေဖော်ဝါရီ ၁၃ က လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့ဖြစ်သည်။ ထိုနေ့ရက်များနှင့် နှိုင်းယှဉ်လျှင် ချစ်သူများနေ့က သိပ်ပြီး အခရာကျလှသည်တော့မဟုတ်။

ထိုနေ့မှာမှ တိုက်တိုက်ဆိုင်ဆိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ လမ်းညွှန်ချက်အရ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ခြုံစောင်များကို ဒုတိယအကြိမ် ထောက်ပံ့လှူဒါန်းပေးရန် ခရီးတစ်ခုထွက်ခဲ့ရသည်။ နေပြည်တော်မှ တောင်ကြီးမြို့သို့ သွားရောက်ရသော ခရီးစဉ်ပါတည်း။ ချစ်သူများနေ့ပုံရိပ်များကို ဟဲဟိုးနှင့် ရွှေညောင်ကြားမှာ စပြီးတွေ့မြင်နေရပြီ။ ဘဝသံသရာတံတားကြီးပေါ်မှာ အမှတ်တရ ဓာတ်ပုံလာရိုက်နေကြသော လူငယ်လူရွယ်လေးတွေ အနမတဂ္ဂပင်၊ ကားပေါ်ကလှမ်းကြည့်လိုက်မိသည့်အခါ ကိုယ်ပါ ရောပြီး ပျော်နေမိသလိုလို......။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသော မိသားစုဝင်များအတွက် ဒုတိယအကြိမ် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ခြုံစောင်များ လှူဒါန်းထောက်ပံ့မှုအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုးက ဆန်အိတ် ၁၂၅၀၊ ဆီ ၂၁၀၀ ပိဿာ၊ ဆား ၆၀၀ ပိဿာ၊ ပဲ ၆၀၀၀ ပိဿာနှင့် စောင် ၁၃၉၈ ထည်တို့ ကိုပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်က ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မိမိတို့ ယခုလို ထောက်ပံ့ငွေပေးခြင်းမှာ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးကို ဦးစားပေးစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးသည် အာဟာရပြည့်ဝရေးနှင့်လည်း ဆက်နွှယ်နေသည့်အတွက် နိစ္စဓူဝစားသောက်ရေးကိုလည်း အဓိကထားရမည်ဖြစ်ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကလေးသူငယ်များလည်း ရှိသည့်အတွက် ကလေးသူငယ်များ ပညာရေးကို ဆက်လက်သင်ယူနိုင်အောင် ကူညီရမည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်စဉ်အတွင်း အကျိုးတစ်ခုခု ရစေချင်ပါကြောင်း၊ ပညာတစ်ခုခု ရသွားစေချင်ပါကြောင်း၊ ကလေးများသာမက လူကြီးများအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာများကို တတ်နိုင်သမျှ ပံ့ပိုးပေးစေချင်ပါကြောင်း၊ ယခုလိုစခန်းမျိုးတွင် နေထိုင်သည်မှာ မည်သို့မျှ မကောင်းဘဲ မည်သူမျှ ရေရှည်မနေချင်ပါကြောင်း၊ ထို့ကြောင့် အမြန်ဆုံး ကိုယ့်အိမ်ကိုယ်သာပြန်နိုင်အောင် လုပ်ပေးစေချင်ပါကြောင်း၊ နယ်မြေတည်ငြိမ်သွားပြီး လုံခြုံသွားပြီဆိုလျှင် မိမိတို့ပြည်သူများက နောင်ယခုလိုစခန်းများတွင် နေရန်မလိုတော့ဘူးဟု မျှော်လင့်ပါကြောင်း၊ ထို့အတွက်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံငြိမ်းချမ်းမှ ယခုလိုစခန်းများလည်း ပပျောက်သွားမည်ဖြစ်ပါကြောင်း၊ မပပျောက်မချင်း ယခုလိုစခန်းများတွင် နေနေရသည့် ပြည်သူပြည်သားများ၏ အကျိုးကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ၌ ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက်လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း နှစ်ဖက်လူ့အဖွဲ့အစည်း မိသားစုဝင်များအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးအပ်ခဲ့ရာ ယခုအကြိမ်သည် ပဉ္စမအကြိမ်ဖြစ်ပါသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ဇန်နဝါရီ ၉ ရက်က ရခိုင်ပြည်နယ် မောင်တောဒေသရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ မိသားစုဝင်များအတွက် ဆန်အိတ် ၄၀၀၀၊ ဆီ ၈၁၁၂ ပိဿာ၊ ဆား ၈၁၁၂ ပိဿာ၊ ပဲ ၈၁၁၂ ပိဿာ၊ ငါးခြောက် ပိဿာ ၄၀၀ တို့ကို ပေးအပ်ခဲ့ရာ ယင်းအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်လက်ခံရယူခဲ့ကြပါသည်။ ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်သည် ပြီးခဲ့သည့် ဇန်နဝါရီ ၁၁ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေလုံခြုံရေး အခြေအနေအရ ကယ်ဆယ်ရေးစခန်းများတွင် ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် ဆန်အိတ် ၁၂၅၀၊ ဆီ ပိဿာ ၂၁၀၀၊ ဆား ပိဿာ၆၀၀၊ ပဲ ပိဿာ ၆၀၀၀၊ စောင်အထည် ၁၀၀၀ တို့ကို ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ကိုယ်စား ထောက်ပံ့ပေးအပ်ခဲ့ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့သွားရောက်၍ ဆမားဒူးဝါးဆင်ဝါးနောင်ခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ နယ်မြေလုံခြုံရေးအခြေအနေအရ ကယ်ဆယ်ရေးစခန်းများသို့ ခေတ္တပြောင်းရွှေ့နေထိုင်သူများအတွက် ဆန်အိတ် ၃၀၀၀ အိတ်၊ ဆီ ပိဿာ ၆၀၀၀၊ ပဲ ပိဿာ ၆၀၀၀၊ စောင်အထည် ၅၀၀၀ တို့ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ကချင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများအဖြစ် ပထမအကြိမ်လှူဒါန်းမှုဖြစ်သော ဆန်အိတ် ၂၀၁၀ အိတ်၊ ဆီ ပိဿာ ၄၀၂၀၊ ပဲ ပိဿာ ၄၀၂၀၊ ဆား ပိဿာ ၄၀၂၀၊ စောင်အထည် ၁၀၀၀ တို့ကို ဇန်နဝါရီလ ၈ ရက်နေ့က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်စိုး သွားရောက်လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများကဲ့သို့ပင် ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို နယ်စပ်ရေးရာဝန်ကြီးဌာနက ထပ်မံထောက်ပံ့ပေးဦးမည်ဖြစ်သည်။




**နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ နှစ်ဟောင်းက ဆိုးမွေတွေကို ချန်ရစ်ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ် အမြင်သစ်၊ အတွေးအခေါ်သစ်များနှင့် ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။ လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ဖို့ အခွင့်အရေးများလည်း ရှိနေကြသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရယူခြင်းကသာ နိုင်ငံသားအားလုံးအတွက် နှလုံးစိတ်ဝမ်းချမ်းမြေ့မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ ထိုသောအခါ နေ့ရက်တိုင်းသည် တိုင်းရင်းသားသေးချင်းများ အားလုံးအတွက် ချစ်သူများနေ့ ဖြစ်လာမည်ဟူ၍**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားသကဲ့သို့ ကယ်ဆယ်ရေးစခန်းအသီးသီးတွင် ခေတ္တပြောင်းရွှေ့ နေထိုင်ရသူများထဲတွင် ကျောင်းနေအရွယ် ရင်သွေးငယ်များစွာ ပါဝင်နေပါသည်။ စာရေးသူသည် မြစ်ကြီးနားမြို့ရှိ ဂျာမိုင်ကောင်း ကယ်ဆယ်ရေးစခန်းသို့ ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်လှူဒါန်းစဉ် မိသားစုဝင်များနှင့်တွေ့ဆုံကာ ကလေးငယ်များ၏ ပညာရေးအတွက် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအားပေးစကား ပြောကြားခဲ့သည်။ ထိုစခန်းများသို့ သုံးကြိမ်ခန့် ရောက်ဖူးခဲ့ပြီဖြစ်ရာ ကလေးငယ်များ၏ပညာရေးသည် ကျွန်တော်စိတ်အဝင်စားဆုံးအရာ ဖြစ်ခဲ့သည်။ ယနေ့တွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား တိုင်းရင်းသားသေးချင်းများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲအစရှိသည့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းခွင့်ရသဖြင့် ကြည်နူးဝမ်းမြောက်မိပါသည်။ တိုင်းရင်းသားသေးချင်းများအတွက် ဖေဖော်ဝါရီ ၁၄ ရက်နေ့၌ နယ်စပ်ရေးရာဝန်ကြီးဌာနကပေးသော ချစ်သူများနေ့လက်ဆောင်ဟူ၍လည်း မှတ်ယူနိုင်ပါသည်။

ထိုနေ့အခမ်းအနား မစမီလေးမှာ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်က ကျွန်တော့်အား ကမ္ဘောဇတိုင်းမဂ္ဂဇင်း စာအုပ်တစ်အုပ် လက်ဆောင်ပေးလာသည်။ ထိုစာအုပ်ထဲ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် (ကလောင်အမည် ပလာယာ)က 'တစ်သက်မှာနှစ်ဘဝ လင်းယုန်'(The Story of The Eagle)အမည်ရ ဘာသာပြန်စာစုလေးတစ်ခု ရေးသားထားရာ နောက်ဆုံးစာပိုဒ်ကလေးကို ကျွန်တော် နှစ်ခြိုက်ခဲ့မိသည်။ "သက္ကရာဇ်ဟောင်းတွေထဲက မလိုအပ်တော့တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ပွေ့ဖက်မထားမှ နေ့သစ်ရဲ့ အသီးအပွင့်တွေကို ကျွန်တော်တို့အားလုံး ဆွတ်လှမ်းခူးယူနိုင်ကြမှာလေ..."တဲ့။ "Only freed from past burdens, can we take advantage of the present." ဟူ၏။

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ နှစ်ဟောင်းက ဆိုးမွေတွေကို ချန်ရစ်ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ် အမြင်သစ်၊ အတွေးအခေါ်သစ်များနှင့် ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် လိုပါသည်။ လက်ရှိဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ဖို့ အခွင့်အရေးများလည်း ရှိနေကြသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရယူခြင်းကသာ နိုင်ငံသားအားလုံးအတွက် နှလုံးစိတ်ဝမ်းချမ်းမြေ့မှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ ထိုသောအခါ နေ့ရက်တိုင်းသည် တိုင်းရင်းသားသေးချင်းများ အားလုံးအတွက် ချစ်သူများနေ့ ဖြစ်လာမည်ဟူ၍....။ ။

## သပြေကုန်း ပျံကျဈေးရုံသစ်ကြီးကို အဆင့်မြင့်တည်ဆောက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော် သပြေကုန်းပျံကျဈေး ဈေးရုံသစ်ကြီးကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် တက်လင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ၍ ဖေဖော်ဝါရီလဆန်းပိုင်းမှ စတင်ကာ တည်ဆောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဈေးရုံသစ်ကြီးဆောက်လုပ်ခြင်းတွင် Foundation Level မြှင့်ခြင်း၊ အမြင့် နှစ်ပေခွဲရှိ ဈေးခုံ၊ ရေမြောင်းများနှင့် လျှပ်စစ်မီးများ စနစ်တကျတပ်ဆင်ခြင်း စသည့်လုပ်ငန်းများ ပါဝင်ကြောင်း၊ ယခင်က ပျံကျဈေးသည်များသည် ဈေးရောင်းရာတွင် အချို့မှာ ဈေးခုံများမရှိဘဲ ရောင်းချခဲ့ကြရပြီး ယခု ပျံကျဈေးရုံသစ်ကြီးကို စနစ်တကျ တည်ဆောက်ပေးနေပြီဖြစ်သောကြောင့် လမ်းဘေးပျံကျဈေးသည်များ၏ ဈေးရောင်းချမှု အဆင့်မြင့်လာမည်ဖြစ်သလို ပြည်သူများအနေဖြင့်လည်း ဈေးဝယ်ရာတွင် ပိုမိုအဆင်ပြေစေမည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



## ရပ်ကွက်/ကျေးရွာများသို့ ဆေးစိမ်ခြင်ထောင်များ လှူဒါန်း

**မြိုင် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းမှ ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သော ရပ်ကွက်/ကျေးရွာများသို့ Global-Fan(G-F) ဂလိုဘယ်ဖန်မှ ထောက်ပံ့လှူဒါန်းပေးသော ဆေးစိမ်ခြင်ထောင်များကို မြို့နယ်ကျန်းမာရေးဆရာဝန်ကြီး၏ အကူအညီဖြင့် မြို့နယ်ငှက်ဖျားဌာနမှ ဆရာ ဆရာမများနှင့် ရပ်ကွက်/ကျေးရွာကျန်းမာရေး လုပ်သားများက တာဝန်ယူ၍ ဖေဖော်ဝါရီ ၁၄ ရက်က ပြန်လည်ဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ဆေးစိမ်ခြင်ထောင်များကို ဗဟင်းတိုက်နယ်ကျန်းမာရေးဌာန၊ ဆူးဝင်းကျန်းမာရေးဌာနခွဲ၊ လက်ယက်မ ကျန်းမာရေးဌာနနှင့် ရွာရှည်၊ ဘန့်ဘိုး၊ ဘုန်းကြီးကန်၊ ကျောက်ကန် ကျေးရွာကျန်းမာရေးဌာနခွဲများ၊ အောင်သုခကျန်းမာရေးဌာနနှင့် ဖျာသီး၊ ရွှေလင်းဆွဲ၊ ကန်နီ ကျေးရွာကျန်းမာရေးဌာနခွဲများ၊ ဝယ်တောင်ကျန်းမာရေးဌာနနှင့် သဒ္ဒတ်၊ သာယာကုန်း၊ ဆင်စွယ် ကျန်းမာရေးဌာနခွဲများ၊ ကိုင်းတောမ ကျန်းမာရေးဌာနနှင့် တွင်းမကျန်းမာရေးဌာနခွဲနှင့် မြိုင်မြို့ပေါ်ရှိ အမှတ်(၁/၂/၃)ရပ်ကွက်များမှ ပြည်သူများထံသို့ ဆေးစိမ်ခြင်ထောင် ၃၈၀၂၈ လုံးကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**

# ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး



**ဘားအံ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ်အတွင်း ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့ သီရိဘားအံဟိုတယ်၌ ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း ရော်ဘာကို စပါးပြီးလျှင် ဒုတိယအများဆုံး စိုက်ပျိုးပြီး ရော်ဘာစိုက်ပျိုးကေပေါင်း ၂၆၀၀၀၀ ကျော်ရှိကာ ပျမ်းမျှအထွက်နှုန်းမှာ ရော်ဘာတစ်ကေလျှင် ပေါင် ၇၀၀ ကျော် ထွက်ရှိကြောင်း၊ ဈေးနှုန်းမှာ တစ်ပေါင်လျှင်ငွေကျပ် ၁၀၀၀ ကျော်ရရှိနေသည့်အတွက် ခြံရှင်များအနေဖြင့် သင့်တင့်မျှတသည့် ဈေးအနေထားကို ရရှိနေကြောင်း။ အိမ်နီးချင်းနိုင်ငံများမှာ တန်ဖိုးမြင့် ရော်ဘာကုန်ချောပစ္စည်းများကို ထုတ်လုပ်နေကြပြီး မြန်မာနိုင်ငံမှာ ကုန်ကြမ်းရောင်းသည့်အဆင့်တွင်သာ ရှိနေသေးကြောင်း၊ ထို့အပြင် အရည်အသွေးနိမ့်သည့် ရော်ဘာအထူပြားများ၊ အမှိုက်ပါသည့်ရော်ဘာပြားများ ထုတ်လုပ်နေခြင်းကြောင့် ကြာရှည်မသိုလှောင်နိုင်ခြင်းအပြင် စိုက်ပျိုးရာတွင်လည်း ရရာမျိုးများကို စိုက်ပျိုးထားသည့်အတွက် အထွက်နှုန်းနည်းနေကြောင်း၊ ထို့ကြောင့်ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရော်ဘာ မျိုးသစ်များ စိုက်ပျိုးရန်နှင့် ထုတ်လုပ်ရောင်းချခြင်း၊ သုတေသနပြုခြင်းများ စနစ်တကျရှိရန်လိုကြောင်း၊ ရော်ဘာဥပဒေမူကြမ်းတစ်ခု ရေးဆွဲပြီး နယ်မြေဒေသအလိုက် ဥပဒေမူကြမ်းကို ရှင်းပြခြင်း၊ အကြံဉာဏ်တောင်းခံခြင်း၊ ပြင်ဆင်ခြင်းများကို အောက်ခြေတွင် အရင်လုပ်ဆောင်နေကြပြီး ဥပဒေမူကြမ်းတစ်ခု ခိုင်ခိုင်မာမာ ရရှိပြီးပါက လွှတ်တော်များတွင် တင်ပြဆွေးနွေး အတည်ပြုပြီး ဥပဒေပြဋ္ဌာန်းနိုင်မည်ဖြစ်၍ မြန်မာ့ရော်ဘာဥပဒေမူကြမ်းအပေါ် တက်ရောက်လာသူများက အပြုသဘောဖြင့် ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုကြောင်း အမှာစကားပြောကြားသည်။

"ကရင်ပြည်နယ်အတွင်း ရော်ဘာကဏ္ဍ ဖွံ့ဖြိုးရေးကို ကျွန်တော်တို့ အလေးထားပါတယ်။ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသလည်းဖြစ်တယ်။ ကျွန်တော်တို့စာရင်းဇယားကောက်ယူမှုအရ ရော်ဘာစိုက်ပျိုးတဲ့ ဧရိယာ ၂၆၀၀၀၀ ကျော်ရှိပေမယ့် တကယ်တမ်းကျတော့ ဒီထက်မက ရှိနေမှာပါ။ ဒေသကြီး ငြိမ်းချမ်းသွားမယ်ဆိုရင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုတွေ အများကြီးဖြစ်လာမှာပါ။ ရော်ဘာစိုက်ပျိုးမှုနဲ့ပတ်သက်ရင် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးနဲ့ ဆက်သွယ်ပြီး လိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်သွားနိုင်ပါတယ်။ စိုက်ပျိုးနည်းပညာနဲ့ပတ်သက်တဲ့ နည်းပြဆရာတွေ မလုံလောက်ခဲ့ရင်လည်း ကျွန်တော်တို့ရုံးချုပ်ကို ချက်ချင်း အကြောင်းကြားနိုင်ပါတယ်။ သုံးလေးရက်အတွင်း လိုအပ်တဲ့နေရာမှာ သင်တန်းလာပြပေးပါမယ်။ ကျွန်တော်တို့ဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုရင် မကြာမီကာလများမှာ အရည်အသွေးမြင့်ပြီး အထွက်နှုန်းကောင်းတဲ့ အဆင့်မြင့်ရော်ဘာ ရရှိလာပြီး နိုင်ငံတကာဈေးကွက်မှာ မျက်နှာပန်းလှ ထိုးဖောက်ရောင်းချသွားနိုင်မယ်"ဟု ပြောကြားသည်။

(စက်မှုသီးနှံပညာပေးရေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က "ကျွန်တော်တို့ လက်ရှိရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အဓိကပြဿနာက အထွက်နှုန်းလျော့နည်းနေတာတွေ့ရတယ်။ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် စိုက်ပျိုးကေတွေ တိုးချဲ့ရမယ်။ တစ်ကေအထွက်နှုန်းတိုးအောင် လုပ်ရမယ်။ ဒါပေမယ့် စိုက်ကေတိုးချဲ့ဖို့ အခက်အခဲတော့ ရှိတယ်။ ဒါကြောင့် လက်ရှိစိုက်ပျိုးထုတ်လုပ်မှုတွေကို နှစ်ဆခွဲလောက် အထွက်နှုန်းတိုးအောင် လုပ်နိုင်မယ်ဆိုရင် ရော်ဘာစိုက်တောင်သူတွေလည်းဝင်ငွေများများရလာမယ်။ ဈေးနှုန်းမြင့်မြင့်ရဖို့အတွက်လည်း ဌာနအနေနဲ့ နည်းပညာတွေ ပေးသွားမယ်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း(Myanmar Rubber Planters and Producers Association)မှ တာဝန်ရှိသူများ၊ ရော်ဘာလုပ်ငန်းနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ ရော်ဘာခြံရှင်များ၊ ရော်ဘာရောင်းဝယ်ရေး လုပ်ကိုင်ကြသည့် ကုန်သည်များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## မှုခင်းသတင်းတိုများ

### ဇန်းမော်တွင် တယ်လီဖုန်းကြိုးဖြုတ်ခိုးနေသူအား ဖမ်းဆီးရမိ

ကချင်ပြည်နယ် ဇန်းမော်မြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်းလိုင်းကြိုး (Drop Wire)ကို ဖြုတ်ခိုးနေသူတစ်ဦးအား ဖေဖော်ဝါရီ ၁၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဇန်းမော်မြို့ မင်းကျောင်းကုန်းရပ်ကွက်ရှိ အော်တိုတယ်လီဖုန်းလိုင်းများကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးနော်ထွဲနှင့် ဦးချမ်းမြေတို့က ဖေဖော်ဝါရီ ၁၄ ရက်က သွားရောက်ပြုပြင်စဉ် မင်းကျောင်းကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးရှိ ဖုန်းတိုင်ပေါ်၌ ဖုန်းလိုင်းကြိုးများကို အမည်မသိသူတစ်ဦးက ဖြတ်တောက်ခိုးယူနေသည်ကို တွေ့ရ၍ အော်တိုအိတ်ချိန်းတာဝန်ခံ ဦးဘရန်ရှောင်ထံ သတင်းပို့ခဲ့ပြီး ဇန်းမော်မြို့မရဲစခန်းမှ ဒုတပ်ကြပ်ယဉ်ဝင်းထွန်းနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ရာ ဖုန်းကြိုးဖြုတ်ခိုးသူအား မီတာ ၁၅၀၀ ခန့်ရှိ တယ်လီဖုန်းကြိုးခွေ ၁၄ ခွေ၊ ဖုန်းတိုင်ပေါ်တက်သည့် သံခြေနင်းကွင်းတစ်စုံ၊ ပလာယာတစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ခိုးယူသူအား စစ်ဆေးချက်အရ ဇန်းမော်မြို့ ဟန်းတဲရပ်နေ ဝေလင်း(၂၈ နှစ်)ဖြစ်ကြောင်း သိရ၍ ၎င်းအား ဇန်းမော်မြို့မရဲစခန်း၌ အရေးယူထားကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

### တရားမဝင် တမလန်းသစ်ခားရွေတုံးများ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း ပင်လည်ဘူး-ကောလင်းလမ်းပေါ်၌ တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် ခားရွေတုံးများ ဖေဖော်ဝါရီ ၁၄ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာကြောင်း သတင်းအရ မြေလင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါလမ်းပေါ်၌ စောင့်ဆိုင်း၍ ဦးသာထွန်းစိန်(၄၇ နှစ်)မောင်းနှင်ပြီး ဖိုးတုတ်၊ ကျော်လွင်နှင့် မြင့်နိုင်ဝင်းတို့ လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ် ခားရွေတုံး ၁၁ တုံး(အလေးချိန် ၂ ဒသမ ၃၄၃၂ တန်)ကို တွေ့ရှိခဲ့သဖြင့် ယင်းတို့ လေးဦးအား ပင်လည်ဘူးမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

### မိုးညှင်းမြို့တွင် လျှပ်စစ်မီးခုံအပူလွန်မှုကြောင့် မီးလောင်

ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်တွင် လျှပ်စစ်မီးခုံ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းမှု ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၃ နာရီခန့်က ဖြစ်ပွားခဲ့ပြီး အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မိုးညှင်းမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့သဖြင့် ပတ်ဝန်းကျင်သို့ ကူးစက်မှုမရှိဘဲ ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မြို့နယ်မီးသတ်စခန်းတာဝန်ခံ၏ သုံးသပ်ချက်အရ လျှပ်စစ်မီးခုံ အပူလွန်ကဲရာမှ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်မှု ဖြစ်ပွားသည့် နေအိမ်ပိုင်ရှင် ဦးကျော်မင်းအား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

(ဝ၆၇)

# စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းမရှိစေရေး စစ်ဆေးအသိပညာပေး

**ဇန်းမောက် ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် မြို့မစည်ပင်သာယာရေးဈေးအတွင်း ဈေးဆိုင်များ၌ ပြည်သူများ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချခြင်းမရှိစေရေးအတွက် ခရိုင်စားသုံးသူကာကွယ်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြို့နယ်စားသုံးသူကာကွယ်ရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များ ဖေဖော်ဝါရီ ၁၄ ရက်က လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စားသုံးသူကာကွယ်ရေးဦးစီးဌာနမှူး ဦးမင်းဇော်ဦး၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးဦးသန်းဇော်ဌေးနှင့် မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးရာတွင် စားသုံးရန်မသင့်သည့် တရုတ်ခေါက်ဆွဲခြောက် အထုပ် ၁၀၀ ကို ဈေးဆိုင်လေးဆိုင်တွင် တွေ့ရှိ၍ သိမ်းဆည်းပြီး ဆိုင်ရှင်များအား ပြည်သူများစားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းမပြုရန် သတိပေးခဲ့ကာ ခေါက်ဆွဲထုပ်များကို မြို့နယ်အားကစားကွင်းအတွင်း၌ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဇန်းမောက်)**

# ရေးမြို့နယ် ပြည်သူ့အားကစားရုံကို အဆင့်မြှင့်တင်ပြုပြင်လျက်ရှိ

**ရေး ဖေဖော်ဝါရီ ၁၇**

မွန်ပြည်နယ် ရေးမြို့ရှိ မြို့နယ်ပြည်သူ့အားကစားရုံကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ်သန်း ၇၀ အကုန်ကျခံ၍ အဆင့်မြှင့်တင် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အားကစားနည်းများထဲတွင် ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘက်စကတ်ဘောကြက်တောင်နှင့် စားပွဲတင်တင်းနစ် အားကစားနည်းများကို ထည့်သွင်းကျင်းပနိုင်ရန်အတွက် အားကစားရုံ ပြုပြင်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယခင်က ပြိုင်ပွဲကျင်းပရာတွင် အားကစားရုံ မကောင်းမွန်ခြင်းကြောင့် ကစားသမားများမှာ ကောင်းမွန်စွာ မကစားနိုင်ကြ၍ ယခုအခါ အင်ဒိုကြမ်းခင်းခင်း၍ အဆင့်မြှင့်ပြင်ဆင်ထားကြောင်းနှင့် ယခု ပြင်ဆင်လိုက်သည့်အတွက် အားကစားနည်းများကို အဆင်ပြေစွာ ကစားနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အားကစားရုံအတွင်း အင်ဒိုကြမ်းခင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုမှာ အလျား ၆၇ ပေ၊ အနံ ပေ ၁၂၀ ဖြစ်ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစတင်၍လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ မတ် ၁၃ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ ပြင်ဆင်ပြီးစီးမှုအခြေအနေမှာ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း၊ ရေးမြို့နယ်အတွင်း အားကစားကွင်းနှင့် အားကစားရုံများကို အဆင့်မြှင့်တင်ပေးသည့်အတွက် လာမည့်နွေရာသီတွင် အားကစားအခြေခံသင်တန်းများကို ဖွင့်လှစ်နိုင်မည့်အပြင် မြို့နယ်အတွင်းမှ အားကစားသမားကောင်းများပေါ်ပေါက်လာရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။



**နေမျိုးထွဋ်(ရေး)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော

**အမ်း ဖေဖော်ဝါရီ ၁၇**

ရခိုင်ပြည်နယ် အမ်းမြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မီးဘေးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က အမှာစကားပြောကြားပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်စံရွှေက လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးက တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ တပ်ကြပ်ကြီး အောင်သူရိန်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန်းဌေးက မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးအရာရှိက မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြခဲ့ကာ သင်တန်းကျောင်းမှ သင်တန်းသူများကိုလည်း လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်ပြုလုပ်စေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အလုံ၊ ကြည့်မြင်တိုင်ဈေးများ စစ်ဆေး

**ကြည့်မြင်တိုင် ဖေဖော်ဝါရီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (DOCA) မှ အတွင်းရေးမှူး ဦးကျင်ဌေး၊ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဌေးတို့ ဦးဆောင်ပြီး ဆိုင်နှင့်မြို့နယ်မှ သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန် ဖေဖော်ဝါရီ ၁၆ ရက် နံနက်က အလုံမြို့နယ် အလုံဈေးနှင့် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေး ကုန်စုံဆိုင်များသို့ လှည့်လည်စစ်ဆေး ပညာပေးမှုများပြုလုပ်ကြသည်။

အတွင်းရေးမှူး ဦးကျင်ဌေးက "စားသောက်ကုန်တွေထဲမှာ အရည်အသွေးအာမခံချက်မရှိတဲ့ ဧရာတ်သီးမှုန့်၊ မဆလာမှုန့်နဲ့ ငါးပိတွေ ပါဝင်နေပါတယ်။ အဲဒီလို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဈေးကွက်နမူနာကောက်ယူစစ်ဆေးခဲ့ပါတယ်။ အဲဒီမှာ အမှတ်တံဆိပ် ၅၉ မျိုးက စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ အရည်အသွေးအာမခံချက်မရှိတာ တွေ့ရှိခဲ့ကြပါတယ်။ အဲဒါတွေကိုလည်း နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာနဲ့ ကြေးမုံသတင်းစာတွေမှာ ပြည်သူအများသိရှိအောင် ကြေညာထားပြီးဖြစ်ပါတယ်။ အခု ဈေးကွက်အတွင်း ထပ်မံဝင်ရောက်ခြင်းမရှိအောင် ထိန်းသိမ်းကွပ်ကဲခြင်းအပြင် ပညာပေးမှုတွေ လိုက်လံဆောင်ရွက်နေတာပါ" ဟု ဆိုသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ဆင်းကတ်များ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အူရီဒူး၊ တယ်လီနောတို့နှင့် တွေ့ဆုံမေးမြန်းခြင်း

မိုဘိုင်းဖုန်းအသုံးပြုသူတိုင်းအနေဖြင့် မိမိတို့၏ ဆင်းကတ်များကို သက်ဆိုင်ရာ အော်ပရေတာများထံတွင် မှတ်ပုံတင်ပြုလုပ်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ၂၀၁၆ ဇူလိုင်လကုန်ပိုင်းက အသိပေးခဲ့ရာ ဩဂုတ်လဆန်းမှစ၍ ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် တယ်လီနော၊ MPT နှင့် အူရီဒူးတို့အနေဖြင့် မိမိတို့၏ ဆင်းကတ်သုံးစွဲသူများအား မှတ်ပုံတင်ပြုလုပ်ကြရန် တိုက်တွန်းပြီး အလွယ်တကူ မှတ်ပုံတင်နိုင်ရန်လည်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားထားသည့် ဆင်းကတ်မှတ်ပုံတင်ရန် နောက်ဆုံးရက်မှာ မတ်လ ၃၁ ရက်ဖြစ်ရာ ယခုအချိန်တွင် မှတ်ပုံတင်ပြုလုပ်နိုင်သည့်ကာလ ရှစ်လအနက် ခြောက်လခွဲခန့် အချိန်ကုန်ဆုံးသွားပြီး တစ်လကျော်သာ ကျန်ရှိတော့သည်။ ထိုအချိန်တွင် ဆင်းကတ်အသုံးပြုသူများ၏ မှတ်ပုံတင်ပြုလုပ်ပြီးသည့် အခြေအနေနှင့်ပတ်သက်၍ အူရီဒူးမြန်မာနှင့် တယ်လီနောမြန်မာမှ တာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းခဲ့ပါသည်။

**ဒေါ်ပွင့်ဦးဆွေ**
**(Marketing and Communication Director, အူရီဒူးမြန်မာ)**

မေး။ ။ အခု ဖေဖော်ဝါရီ လလယ်ပိုင်းအထိ ဆင်းကတ်မှတ်ပုံတင်ပြီးသူ ဘယ်လောက်ရာခိုင်နှုန်း ရှိပါပြီလဲ။

ဖြေ။ ။ မှတ်ပုံတင်ထားတဲ့ဆင်းကတ်တွေ ဘယ်လောက်ရှိနေပြီလဲဆိုတာကို တစ်လတစ်ခါ ကြေညာပေးပါတယ်။ ယခု ၂၀၁၇ ဇန်နဝါရီ နောက်ဆုံးပတ်အထိ အူရီဒူးဆင်းကတ်ကို အောင်မြင်စွာဖြင့် မှတ်ပုံတင်ထားသူစုစုပေါင်း ၅၈ ရာခိုင်နှုန်းကျော် ရှိနေပြီဖြစ်ပါတယ်။

မေး။ ။ လအလိုက်ပြောမယ်ဆိုရင် စပြီး မှတ်ပုံတင်လို့ရတဲ့ ဩဂုတ်ကနေ ပြီးခဲ့တဲ့ ဇန်နဝါရီအတွင်း တစ်လထက်တစ်လ ပိုများလာသလား၊ နည်းသွားလား။

ဖြေ။ ။ နေ့စဉ်နေ့တိုင်း မိုဘိုင်းဖုန်းအသုံးပြုသူတွေဟာ သူတို့ရဲ့ဆင်းကတ်ကို မှတ်ပုံတင်ခြင်းပြုလုပ်လာကြပါတယ်။ အူရီဒူးဆင်းကတ် အသုံးပြုသူတွေအနေနဲ့ ဆင်းကတ် မှတ်ပုံတင်တာဟာ တဖြည်းဖြည်း များလာပါတယ်။ အူရီဒူးအနေနဲ့လည်း သုံးစွဲသူတွေအတွက် ဆင်းကတ်မှတ်ပုံတင်ဖို့ မြန်ဆန်လွယ်ကူမယ့်နည်းလမ်းများစွာနဲ့ကူညီပြီး ဝန်ဆောင်မှုပေးလျက်ရှိနေပါတယ်။ ဒါ့အပြင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ တိုက်တွန်းချက်နဲ့အတူ ဆက်သွယ်ရေး အော်ပရေတာအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်း ဆင်းကတ်မှတ်ပုံတင်သူတွေများလာကြပါတယ်။

မေး။ ။ အွန်လိုင်းနဲ့ Ground မှာ ဘယ်ကနေ မှတ်ပုံတင်ကြတာ ပိုများလဲ၊ ရာခိုင်နှုန်းအားဖြင့် ဘယ်လောက်ကွာသလဲ။ မြို့ကြီးတွေနဲ့ နယ်တွေ ကွာခြားတာရှိသလား။

ဖြေ။ ။ အူရီဒူး အသုံးပြုသူတွေအနေနဲ့ ယင်းတို့အတွက် အဆင်ပြေတဲ့နည်းတွေသုံးပြီး ဆင်းကတ်မှတ်ပုံတင်ကြပါတယ်။ ဆင်းကတ်မှတ်ပုံတင်နိုင်တဲ့ နည်းတွေထဲမှာမှ အူရီဒူးရဲ့ဆင်းကတ်ကို အသုံးပြုသူတွေအတွက် အလွယ်ကူဆုံးနဲ့ အမြန်ဆန်ဆုံး ဆင်းကတ်မှတ်ပုံတင် နည်းကတော့ *666# ကို ဖုန်းခေါ်ပြီး ဆင်းကတ်မှတ်ပုံ တင်တဲ့ နည်းပါပဲ။ မှတ်ပုံမတင်ရသေးသူတွေအနေနဲ့ ဖုန်းခေါ်လိုက်ပြီဆိုတာနဲ့ မှတ်ပုံတင်ဖို့အတွက် SMS ကို Link နဲ့အတူ ရရှိမှာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ မိုဘိုင်းအင်တာနက်ကို ဖွင့်ပြီး Google Chrome နဲ့ Mozilla Firebox browser တွေကို အသုံးပြုပြီး link ကိုနှိပ်ပါ။ ပြီးတော့ အမည်၊ ရှေ့/နောက် ဓာတ်ပုံရိုက်ထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုတွဲပြီး submit ဆိုသည့်ခလုတ်ကို နှိပ်ခြင်းဖြင့် မှတ်ပုံတင်နိုင်မှာ ဖြစ်ပါတယ်။ မြို့ကြီးတွေမှာနေတဲ့ ပြည်သူလူထုအနေနဲ့ ဆင်းကတ်ဘာလို့မှတ်ပုံတင်ရန် လိုအပ်သလဲဆိုတာကို သေချာ နားလည်သဘောပေါက်ပါတယ်။ ဒါပေမယ့်လည်း နယ်က ပြည်သူလူထုတွေကိုတော့ ဆင်းကတ်မှတ်ပုံတင်ဖို့ ဘာကြောင့်လိုအပ်သလဲဆိုတာကို အရင်ဆုံး အသိပညာပေးခြင်း ပြုလုပ်ပေးရပါတယ်။

မေး။ ။ ဆင်းကတ်တွေ မှတ်ပုံတင်ကြဖို့ ကျန်တဲ့ရက်တွေအတွင်းမှာ ဘယ်လိုတွေ ဆက်ပြီးလုပ်သွားမလဲ။

ဖြေ။ ။ လက်တလောမှာ ဆင်းကတ်မှတ်ပုံတင်နိုင်မယ့်နည်းလမ်းတွေ တိုးချဲ့ပေးထားပါတယ်။ ဆင်းကတ်အသုံးပြုသူတွေအနေနဲ့ မြန်မာနိုင်ငံအနှံ့အပြားရှိ အူရီဒူးအမှတ်တံဆိပ်အရောင်းဆိုင်တွေမှာ ဆင်းကတ်မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ဒီဂျစ်တယ်ချန်နယ်များဖြစ်တဲ့ *666# ကိုခေါ်ဆို၍သော်လည်းကောင်း၊ 234 သို့ ခေါ်ဆို၍သော်လည်းကောင်း၊ အူရီဒူးဝက်ဘ်ဆိုက် www.ooredoo.co.mm တွင်သော်လည်းကောင်း၊ My Ooredoo အက်ပလီကေးရှင်းမှတစ်ဆင့် သော်လည်းကောင်း၊ reg@ooredoo.com.mm သို့ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် ဖုန်းနံပါတ်တို့ကို အီးမေးလ်ပေးပို့၍သော်လည်းကောင်း ဆင်းကတ်မှတ်ပုံတင်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် သုံးစွဲသူများနဲ့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်တွေ့ဆုံပြီး ဆင်းကတ်မှတ်ပုံတင်ပေးသည့် အစီအစဉ်များမှလည်း ဆင်းကတ်မှတ်ပုံတင်ပေးသည့်အစီအစဉ်များ ဆောင်ရွက်ထားပါတယ်။ ဆင်းကတ်မှတ်ပုံတင်ခြင်း မရှိသေးတဲ့ သုံးစွဲသူတစ်ဦးချင်းစီကို ဖုန်းခေါ်ဆိုပြီး အွန်လိုင်းမှတစ်ဆင့် ကိုယ်တိုင် ဆင်းကတ်မှတ်ပုံတင်နိုင်မယ့်နည်းလမ်းများကို ရှင်းပြခြင်းဖြင့်လည်း သုံးစွဲသူတိုင်း အချိန်မီဆင်းကတ်မှတ်ပုံတင်နိုင်ဖို့ ကူညီဆောင်ရွက်ပေးပါတယ်။

မေး။ ။ မှတ်ပုံတင်ကာလ ကုန်ဆုံးချိန်အထိမှာ လက်ရှိရောင်းထားပြီးတဲ့ ဆင်းကတ်စုစုပေါင်းရဲ့ ဘယ်လောက်ရာခိုင်နှုန်းအထိ မှတ်ပုံတင်လိမ့်မယ်လို့ မျှော်လင့်ထားလဲ။

ဖြေ။ ။ မှတ်ပုံတင်ကာလ ကုန်ဆုံးချိန်အထိ ဆင်းကတ် စုစုပေါင်းရဲ့ ဘယ်လောက်ရာခိုင်နှုန်းဟာ မှတ်ပုံတင်ဖြစ်မလဲဆိုတာ အူရီဒူးအပါအဝင် အခြားသော ဆက်သွယ်ရေး အော်ပရေတာတိုင်းအနေနဲ့ ခန့်မှန်းရာခိုင်နှုန်းကို ပြောပြဖို့ မလွယ်လှပါဘူး။ အူရီဒူးအနေနဲ့ကတော့ အသုံးပြုသူတွေအတွက် အလွယ်ကူဆုံးနဲ့ မြန်ဆန်လှတဲ့နည်းကိုအသုံးပြုပြီး ဆင်းကတ်မှတ်ပုံတင်နိုင်အောင် အကောင်းဆုံး ဝန်ဆောင်မှုပေးထားပါတယ်။

မေး။ ။ ဆင်းကတ်အသုံးပြုသူတွေကို မှတ်ပုံတင်ကြဖို့ ဘယ်လိုတိုက်တွန်းချင်ပါသလဲ။

ဖြေ။ ။ မိုဘိုင်းဖုန်းအသုံးပြုသူများအတွက် ဆင်းကတ်မှတ်ပုံတင်ဖို့ဟာ တကယ်ကို အရေးကြီးပါတယ်။ ဆိုင်ဘာမှုခင်းတွေကို ကာကွယ်နိုင်မှာလည်းဖြစ်ပါတယ်။ အင်တာနက်မှတစ်ဆင့် ဖြစ်ပေါ်နိုင်တဲ့ မှုခင်းတွေမှာ ပြစ်မှုကျူးလွန်သူအများစုက ပြစ်မှုကျူးလွန်ဖို့စီစဉ်တဲ့အခါနဲ့ ပြစ်မှုအထမြောက်တဲ့အခါမှာ မိုဘိုင်းဖုန်းတွေ အသုံးပြုကြပါတယ်။ လူတိုင်း တာဝန်သိစွာနဲ့ ဆင်းကတ်မှတ်ပုံတင်ခြင်းက ပြစ်မှုကျူးလွန်မယ့်သူတွေ မိုဘိုင်းဖုန်းတွေအသုံးချပြီး တရားမဝင်လုပ်ဆောင်ချက်တွေ လုပ်ဆောင်ခြင်းက ကာကွယ်ဟန့်တားပေးနိုင်ပါတယ်။

မေး။ ။ ဆင်းကတ်မှတ်ပုံတင်ကိစ္စနဲ့ပတ်သက်လို့ တခြားဘာများ ဖြည့်စွက်ပြောချင်ပါသေးလဲ။

ဖြေ။ ။ မိုဘိုင်းဖုန်း အသုံးပြုသူတွေအနေနဲ့ မိမိတို့ရဲ့ဖုန်းနံပါတ်ဆုံးရှုံးမှုမရှိစေဖို့အတွက် အချိန်မီမှတ်ပုံတင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဆင်းကတ်မှတ်ပုံတင်ထားသူတွေရဲ့ကိုယ်ပိုင်အချက်အလက်တွေအားလုံးကို လုံခြုံမှုရှိတဲ့ database ထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းထားမှာဖြစ်ပြီး မြန်မာ့ တယ်လီကွန်းအက်ဥပဒေနဲ့အညီသာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆင်းကတ်ကို အချိန်မီမှတ်ပုံတင်ထားတဲ့ အူရီဒူးအသုံးပြုသူများကို အထူးကျေးဇူးတင်ရှိပါတယ်။ ဆင်းကတ်မှတ်ပုံတင်ရန် နောက်ဆုံးနေ့ရက်ရောက်ဖို့ တစ်လခွဲနီးပါးလောက်သာ ကျန်တဲ့အတွက် အူရီဒူးဆင်းကတ်ကို အောင်မြင်စွာမှတ်ပုံတင်ထားသူများကိုလည်း မိမိတို့ ပတ်ဝန်းကျင်မှာရှိတဲ့ ဆွေမျိုးမိတ်ဆွေများကို အချိန်မီ ဆင်းကတ်မှတ်ပုံတင်ရန် ပြောပေးစေလိုပါတယ်။

**ကိုအဲလက်စ်ညီညီအောင်**
**(တယ်လီနောမြန်မာ ပြန်ကြားရေးဌာန၊ တာဝန်ရှိသူ)**

မေး။ ။ အခု ဖေဖော်ဝါရီ လလယ်ပိုင်းအထိ ဆင်းကတ်မှတ်ပုံတင်ပြီးသူ ဘယ်လောက်ရာခိုင်နှုန်း ရှိပါပြီလဲ။

ဖြေ။ ။ လက်ရှိမှာ ဆင်းကတ်မှတ်ပုံတင်ပြီးသူပေါင်း ၇၀ ရာခိုင်နှုန်းခန့် ရှိနေပါပြီ။

မေး။ ။ လအလိုက်ပြောမယ်ဆိုရင် စပြီး မှတ်ပုံတင်လို့ရတဲ့ ဩဂုတ်ကနေ ဇန်နဝါရီအတွင်း တစ်လထက်တစ်လ ပိုများလာသလား၊ နည်းသွားလား။

ဖြေ။ ။ တယ်လီနောအနေနဲ့ အွန်လိုင်း၊ app အပြင် တယ်လီနော showroom တွေ၊ လက်လီအရောင်းဆိုင်တွေမှာ အလွယ်တကူ မှတ်ပုံတင်နိုင်အောင် ဆောင်ရွက်ထားတဲ့အပြင် ဆင်းကတ်မှတ်ပုံတင်နေ့တွေကိုလည်း နိုင်ငံတစ်ဝန်းမှာ အပတ်စဉ်၊ လစဉ် ကျင်းပပြုလုပ်ပေးနေတာမို့လို့ မှတ်ပုံတင်သူ တစ်လထက်တစ်လ ပိုပြီးများလာတယ်လို့ ပြောလို့ရပါတယ်။

မေး။ ။ အွန်လိုင်းနဲ့ Ground မှာ ဘယ်ကနေ မှတ်ပုံတင်ကြတာ ပိုများလဲ၊ ရာခိုင်နှုန်းအားဖြင့် ဘယ်လောက် ကွာသလဲ။ မြို့ကြီးတွေနဲ့ နယ်တွေ ကွာခြားတာရှိသလား။

ဖြေ။ ။ အွန်လိုင်းကနေ မိမိကိုယ်တိုင် မှတ်ပုံတင်နိုင်ဖို့ စတင်ကြေညာစဉ်ကတော့ အသစ်လည်းဖြစ်နေတာမို့ မှတ်ပုံတင်သူ အလွန်များပြားခဲ့ပေမယ့် နောက်ပိုင်းတော့ နေ့စဉ်ပုံမှန်အရေအတွက်သာ အွန်လိုင်းအသုံးပြု မှတ်ပုံတင်ကြပါတယ်။ တယ်လီနောရဲ့ showroom နဲ့ မှတ်ပုံတင်ပေးနိုင်တဲ့ လက်လီဆိုင်တွေက နိုင်ငံအနှံ့မှာ ရှိနေတာဖြစ်သလို ဆင်းကတ်မှတ်ပုံတင်နေ့တွေကိုလည်း ပုံမှန်ကျင်းပနေတာမို့လို့ အွန်လိုင်းထက်စာရင် အဲ့ဒီချန်နယ်တွေကနေ မှတ်ပုံတင်တဲ့ အရေအတွက်က ပိုများပါတယ်။ တကယ်တော့ တယ်လီနောရဲ့အွန်လိုင်းဝက်ဆိုက် ecaf.telenor.com.mm သို့မဟုတ် MyTelenor-app ကနေလည်း အချိန်အနည်းငယ်သာပေးပြီး အလွယ်တကူ အခမဲ့ မှတ်ပုံတင်နိုင်ကြပါတယ်။

မေး။ ။ ဆင်းကတ်တွေ မှတ်ပုံတင်ကြဖို့ ကျန်တဲ့ရက်တွေအတွင်းမှာ ဘယ်လိုတွေ ဆက်ပြီး လုပ်သွားမလဲ။

ဖြေ။ ။ တယ်လီနောအနေနဲ့ မှတ်ပုံမတင်ရသေးတဲ့သူတွေ အလွယ်တကူ မှတ်ပုံတင်နိုင်အောင် အခုဆောင်ရွက်ပေးနေတဲ့ ချန်နယ်တွေအပြင် အခြား နည်းလမ်းတွေ ကိုလည်း သုံးစွဲသူတွေအဆင်ပြေစေဖို့ ဆက်လက် ဆောင်ရွက်သွားမှာပါ။ အထက်ပါနည်းလမ်းတွေအပြင် တယ်လီနောအနေနဲ့ မြို့နယ် ၅၂ မြို့နယ်မှာရှိတဲ့ အလင်းအိမ်စင်တာတွေနဲ့ပေါင်းပြီး ဆင်းကတ်မှတ်ပုံတင်တဲ့ နည်းလမ်းတွေကိုလည်း သင်ကြားပြသပေးလျက်ရှိပါတယ်။ ဒါကြောင့် သုံးစွဲသူတွေအနေနဲ့ မိမိအတွက်သာမက မိသားစုနဲ့ မိတ်ဆွေသူငယ်ချင်းတွေအတွက်ပါ လမ်းညွှန်ပြသ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့လည်း မှတ်ပုံတင်ဝန်ဆောင်မှုပေးနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။

မေး။ ။ မှတ်ပုံတင်ကာလ ကုန်ဆုံးချိန်အထိမှာ လက်ရှိ ရောင်းထားပြီးတဲ့ ဆင်းကတ်စုစုပေါင်းရဲ့ဘယ်လောက်ရာခိုင်နှုန်းအထိ မှတ်ပုံတင်လိမ့်မယ်လို့ မျှော်လင့်ထားလဲ။

ဖြေ။ ။ တယ်လီနောအနေနဲ့ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားထားတဲ့အတိုင်း သုံးစွဲသူတွေအားလုံးရဲ့ ဆင်းကတ်တွေကို မှတ်ပုံတင်ပြီးသားဖြစ် အောင် အစွမ်းကုန် နည်းလမ်းမျိုးစုံ စီစဉ်ဆောင်ရွက် လျက်ရှိပါတယ်။

မေး။ ။ ဆင်းကတ်အသုံးပြုသူတွေကို မှတ်ပုံတင်ကြဖို့ ဘယ်လို တိုက်တွန်းချင်ပါသလဲ။

ဖြေ။ ။ ဆင်းကတ်တွေကို မှတ်ပုံတင်ဖို့ရာသည် ဥပဒေကြောင်းအရ ပြဋ္ဌာန်းသတ်မှတ်ချက်တစ်ခုဖြစ်ပါတယ်။ မိမိဆင်းကတ်ကို မှတ်ပုံတင်ထားခြင်းဖြင့် သုံးစွဲသူအနေနဲ့ မိုဘိုင်းမှတစ်ဆင့် ဆောင်ရွက်နိုင်တဲ့ Wave Money လို ငွေရေးကြေးရေးဝန်ဆောင်မှုတွေကို ပိုမိုလုံခြုံစိတ်ချစွာ အသုံးပြုနိုင်မှာဖြစ်သလို ဆင်းကတ်ပျောက်ဆုံးတာ သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ ပြဿနာတွေ ရှိလာပါကလည်း ဖြေရှင်းနိုင်တဲ့အကျိုးကျေးဇူးတွေ ရရှိကြမှာဖြစ်လို့ ဆင်းကတ်တွေကို အွန်လိုင်းကတစ်ဆင့်ဖြစ်စေ၊ နီးစပ်ရာဆိုင်တွေမှတစ်ဆင့်ဖြစ်စေ အမြန်ဆုံး သွားရောက်မှတ်ပုံတင်ထားကြဖို့ တိုက်တွန်းလိုက်ပါရစေ။ မှတ်ပုံတင်ရာမှာလည်း အွန်လိုင်းကနေဆိုရင် မိမိမှတ်ပုံတင်ရဲ့ ရှေ့နဲ့နောက်ဘက်တွေကို ကြည်လင်ပြတ်သားစွာ ကြိုတင်ဓာတ်ပုံရိုက်ကူးထားဖို့ အကြံပြုလိုပါတယ်။ ဆင်းကတ်မှတ်ပုံတင်ရာမှာ ပေးပို့ထားတဲ့မှတ်ပုံတင်က မှုန်ဝါးနေရင် မှတ်ပုံတင်လိုက်သော်လည်း အောင်မြင်ပြီးစီးမှာမဟုတ်ဘဲ ထပ်မံမှတ်ပုံတင်ဖို့ လိုပါလိမ့်မယ်။ ဒါ့ကြောင့် ဓာတ်ပုံတွေကို ကြည်လင်ပြတ်သားစွာ ပြည့်ပြည့်စုံစုံရိုက်ကူးဖို့ ထပ်လောင်းအကြံပြုလိုက်ပါတယ်။

မေး။ ။ ဆင်းကတ်မှတ်ပုံတင်ကိစ္စနဲ့ပတ်သက်လို့ တခြား ဘာများ ဖြည့်စွက်ပြောချင်ပါသေးလဲ။

ဖြေ။ ။ သုံးစွဲသူတွေအနေနဲ့ ဆင်းကတ်မှတ်ပုံမတင်မီ မိမိဆင်းကတ်ရဲ့မှတ်ပုံတင်ထားရှိမှုအခြေအနေကို ကြိုတင်စစ်ကြည့်နိုင်ပါတယ်။ တယ်လီနောဆင်းကတ်တွေဆိုရင် *979*3*3# ကို ဖုန်းခေါ်ဆို၍ ဖြစ်စေ ၅၀၀ သို့ REG ကို စာတိုပို့၍ ဖြစ်စေ စစ်ဆေးနိုင်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေကို စာတိုပြန်လည်ပေးပို့ အကြောင်းကြားပေးမှာဖြစ်ပါတယ်။ ဆင်းကတ်မှတ်ပုံတင်ထားကြောင်း အကြောင်းပြန်စာတို ရရှိပေမယ့်လည်း ဆင်းကတ်မှတ်ပုံတင်ထားတဲ့ နိုင်ငံသားစိစစ်ရေးအမှတ်က မိမိကိုင်ဆောင်တဲ့ မှတ်ပုံတင်အမှတ်မဟုတ်လို့ မိမိကိုယ်ပိုင်အမည်နဲ့ ပြောင်းလဲမှတ်ပုံတင်လိုတယ်ဆိုရင် နိုင်ငံတစ်ဝန်းရှိ တယ်လီနောရဲ့ showroom တွေမှာ သွားရောက်ဆောင်ရွက်နိုင်ပါတယ်။ အွန်လိုင်းကနေ အမည်ပြောင်းဆောင်ရွက်လို့ရရင်လည်း ထပ်မံကြေညာသွားမှာ ဖြစ်ပါတယ်။ သုံးစွဲသူတွေက ဆင်းကတ်ကို မှတ်ပုံတင်လိုက်ပေမယ့် မှတ်ပုံတင်မှုပြီးစီးရန် အချိန်အတိုင်းအတာတစ်ခု ကြာမြင့်တာမို့ သုံးစွဲသူတွေအနေနဲ့ စောင့်ဆိုင်းပေးကြဖို့လည်း မေတ္တာရပ်ခံပါတယ်။ မှတ်ပုံတင်မှု အောင်မြင်စွာပြီးစီးသွားတာနဲ့တစ်ပြိုင်နက် စာတိုပို့ပြီး အကြောင်းပြန်ကြားပေးသွားမှာ ဖြစ်ပါတယ်။ မိမိဆင်းကတ်ကို မှတ်ပုံတင်ထားခြင်းဖြင့် ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေ လက်လွတ်မသွားရအောင် မှတ်ပုံမတင်ရသေးရင်လည်း အမြန်ဆုံးမှတ်ပုံတင်ထားကြဖို့ ထပ်မံတိုက်တွန်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ အော်ပရေတာများထံ လမ်းညွှန်မှာကြားထားချက်အရ မတ်လကုန်အထိ ဆင်းကတ်များကို မှတ်ပုံတင်ခြင်းမရှိပါက နိုင်ငံတော်အစိုးရက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုမရှိသည့်အတွက် သက်ဆိုင်ရာဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများမှ ပေးအပ်ထားသော မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်သွားမည်ဖြစ်ပြီး ဆင်းကတ်မှတ်ပုံတင်ပြီးမှသာ ဝန်ဆောင်မှုများ ပြန်လည်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ။

**သူရဖြိုး**

## ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနမှ ထူးချွန်ကျောင်းသားများအတွက် ဆမ်ဆောင်းက ပညာသင်ဆုမတည်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပညာရေးနှင့်သက်ဆိုင်သည့် လူမှုအကျိုးလုပ်ငန်းဆောင်ရွက်မှုအဖြစ် ရန်ကုန်တက္ကသိုလ်၊ ကွန်ပျူတာဌာနမှ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ကြားစရိတ် ထောက်ပံ့ပေးအပ်ရန် ပညာသင်ဆု ရန်ပုံငွေကို ဆမ်ဆောင်းမြန်မာက ကျပ် သိန်း ၁၀၀ ဖြင့် စတင်မတည်လှူဒါန်းထားကြောင်း သိရသည်။

ပညာသင်ဆုရန်ပုံငွေလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ရန်ကုန်တက္ကသိုလ် သိပ္ပံခန်းမ၌ ကျင်းပခဲ့သည်။ လူငယ်များ၏ပညာရေးမှာ နိုင်ငံအတွက် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ပြီး လူငယ်များ ပညာရေး အုတ်မြစ်ခိုင်မာမှသာ ၎င်းတို့၏ အနာဂတ်လှပမည်ဖြစ်၍ ထူးချွန်ကျောင်းသား ကျောင်းသူများအား တစ်တပ်တစ်အား ထောက်ပံ့ပေးနိုင်ရန် ပညာသင်ဆုရန်ပုံငွေကို မတည်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဆမ်ဆောင်းမြန်မာက လာမယ့်မတ်လထဲမှာပဲ ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် Mobile Application Training ရက်တိုသင်တန်းကိုလည်း ဖွင့်လှစ်ပေးဦးမယ်လို့ သိရပါတယ်။ ဆမ်ဆောင်းမြန်မာက မြန်မာနိုင်ငံရဲ့ပညာရေးကို အခုလိုတတ်စွမ်းသရွေ့ ကူညီထောက်ပံ့ပေးနေတဲ့အတွက် ဝမ်းသာမိပါတယ်။ အခု ဆမ်ဆောင်းမြန်မာက မတည်လှူဒါန်းတဲ့ ရန်ပုံငွေကနေပြီးတော့လည်း တကယ် ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေကို ကူညီထောက်ပံ့ပေးသွားမှာပါ”ဟု ရန်ကုန်တက္ကသိုလ် ကွန်ပျူတာဌာနမှ ပါမောက္ခ ဒေါက်တာစိုးမြမြအေးက ပြောသည်။

ယခု မတည်လှူဒါန်းလိုက်သော ပညာသင်ဆုရန်ပုံငွေကို အကျိုးရှိစွာသုံးစွဲသွားရန် ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူများ၏ ဦးဆောင်လမ်းညွှန်မှုနှင့် ကော်မတီတစ်ခု ဖွဲ့စည်းကာ ပညာသင်ဆုရန်ပုံငွေကို ရေရှည်သုံးစွဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ထူးချွန်ပြီး ရည်မှန်းချက်မြင့်မားတဲ့ လူငယ်တွေကို ကူညီပံ့ပိုးလိုတဲ့အတွက် ရန်ကုန်တက္ကသိုလ်က ဆရာကြီး ဆရာမကြီးတွေရဲ့လမ်းညွှန်ဦးဆောင်မှုနဲ့ ဒီပညာသင်ဆုရန်ပုံငွေကို စတင် မတည်ဖြစ်သွားတာပါ။ ဆမ်ဆောင်းမြန်မာအနေနဲ့ မြန်မာနိုင်ငံကလူငယ်တွေရဲ့ ပညာရေးအတွက် တစ်ဖက်တစ်လမ်းက တတ်နိုင်သလောက် အမြဲကူညီပံ့ပိုးပေးသွားမှာပါ။ ဒီပညာသင်ဆုကို ရရှိမယ့် ကျောင်းသား ကျောင်းသူတွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ”ဟု ဆမ်ဆောင်းမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆမ်ဆောင်းမြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ မိုဘိုင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်နှင့် မိုဘိုင်းအပလီကေးရှင်းများ ဖန်တီး နိုင်သည့် ထူးချွန်လူငယ်များ ပိုမိုထွက်ပေါ်လာစေရန်အတွက် Samsung Tech Institute: Mobile Application Training သင်တန်းများကိုလည်း ၂၀၁၃ ခုနှစ်မှ စတင်ဖွင့်လှစ်ပို့ချလျက်ရှိသည်။ ထို့အတူ Samsung Tech Institute ၏ တိုးချဲ့အစီအစဉ်အဖြစ် တီဗွီနှင့် မိုဘိုင်းဖုန်း ပြုပြင်သင်တန်းကိုလည်း ၂၀၁၆ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး Networking Training သင်တန်း ကိုလည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဖွင့် လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## သိန်း ၁၄၀၀ ကျော်တန်ဖိုးရှိ ပရိဘောဂများ အူရီဒူးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်အစိုးရ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာစီမံကိန်းများအား ပံ့ပိုးကူညီမှုအဖြစ် ဝန်ကြီးဌာန လေးခု၊ တက္ကသိုလ် ရှစ်ခုနှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အပါအဝင် စာကြည့်တိုက်ပေါင်း ၂၀ သို့ ကျပ်သိန်း ၁၄၀၀ ကျော် တန်ဖိုးရှိ ပရိဘောဂနှင့် ရုံးသုံးပစ္စည်းများကို အူရီဒူးမြန်မာက လှူဒါန်းခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ လူထုကျန်းမာရေးဌာန၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် Beyond Access စာကြည့်တိုက်များသို့ စားပွဲခုံ၊ အစည်းဝေးခန်းသုံးစားပွဲများနှင့် ကုလားထိုင်များ၊ ဗီရိုများ၊ White board များ၊ မိတ္တူကူးစက်၊ ဧည့်ခန်းသုံးခုံတန်းလျား၊ ဧည့်ကြို ကောင်တာများ၊ ပရိုဂျက်တာ screen များ၊ ပန်ကာနှင့် လေအေးစက်များ၊ တီဗွီများ၊ ရေအေးစက်၊ ရေခဲသေတ္တာ၊ ပလတ်စတစ်အမှိုက်ပုံး စသည့် ပစ္စည်းမျိုးစုံကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာလူထုတိုးတက်ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများနှင့် လူမှုရေးကဏ္ဍများအတွက် ထောက်ပံ့လှူဒါန်းမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ခြေချောင်းဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေတဲ့ ဂျီဆက်

ခြေချောင်းလေးများ ကျိုးသွားခဲ့တဲ့ မန်စီးတီး လူငယ်တိုက်စစ်မှူး ဂါဘရီရယ်ဂျီဆက်ဟာ ရာသီကုန်သည်အထိ အနားယူရဖွယ်ရှိနေပါတယ်။ မန်စီးတီး လူငယ်တိုက်စစ်မှူး ဂျီဆက်ဟာ ဘုန်းမောက်နဲ့ ကစားတဲ့ ပထမပိုင်းမှာ ဒဏ်ရာရခဲ့တာဖြစ်ပါတယ်။ ဆယ်ကျော်သက်အရွယ် ဂျီဆက်ဟာ မန်စီးတီးအသင်းမှာ ငါးပွဲကစားပြီး သုံးဂိုးသွင်းယူထားသူဖြစ်ပါတယ်။ မန်စီးတီးအသင်းရဲ့ဆေးအဖွဲ့မှတ်ချက်အရ အနည်းဆုံး သုံးလအနားယူရလိမ့်မယ်လို့ ဆိုပါတယ်။ ဘရာဇီး လူငယ်ကစားသမား ဂျီဆက်ဟာ နည်းပြ ဂွာဒီယိုလာ အားထားရတဲ့ ကစားသမားဖြစ်ပြီး တိုက်စစ်မှူး အဂူရိုနေရာအစားထိုးဖို့ ကြိုးစားနေတာလည်း ဖြစ်ပါတယ်။ ဂျီဆက်ရောက်လာပြီးကတည်းက အဂူရိုဟာ အရန်ခုံမှာပဲ ရှိနေခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အဂူရိုဟာ မန်စီးတီးအသင်းရဲ့အဓိက တိုက်စစ်မှူးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါတယ်။ ဂျီဆက်ကတော့ ဒီဒဏ်ရာကြောင့် ရာသီကုန်တဲ့အထိ အနားရယူရဖွယ်ရှိနေပါတယ်။



# ချန်ပီယံလိဂ်မှာ ရှုံးထွက်အဆင့်မှ ထွက်ခွာရဖို့သေချာနေတဲ့ အာဆင်နယ်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပြိုင်ပွဲ ပထမအကျော့မှာ ဘိုင်ယန်မြူးနစ်ကို ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားခဲ့ရတဲ့ အာဆင်နယ်ဟာ ပြိုင်ပွဲကနေ ထွက်ခွာရဖို့ သေချာသလောက်ဖြစ်နေပါတယ်။ ဒုတိယအကျော့အဖြစ် ကစားမယ့်ပွဲဟာ အာဆင်နယ်ကစားသမားတွေအနေနဲ့ ငါးဂိုးပြန်သွင်းနိုင်ဖို့ မလွယ်လှပါဘူး။ သို့ပေမယ့် အာဆင်နယ်ကစားသမားတွေဟာ ဂျာမနီမြေမှာ ကစားတဲ့ ပထမအကျော့မှာ ဘောလုံးပိုင်ဆိုင်မှု ၇၅ ရာခိုင်နှုန်းနဲ့ ကစားခဲ့တာပါ။ အာဆင်နယ်အသင်းဟာ ၁၆ သင်းအဆင့်ကနေ ထွက်ရမယ်ဆိုရင် ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ၁၆ သင်းအဆင့်ကနေ ထွက်ရတဲ့အသင်းဖြစ်လာမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအတွက် ဆန်းချက်ဇ်က ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပေမယ့် အာဂျင်ရော်ဘင်ရဲ့ချေပဂိုးနဲ့အတူ ဂိုးတွေဆက်တိုက်ကန်သွင်းခဲ့တဲ့အတွက် အာဆင်နယ်အသင်းဟာ မရှုမလှရှုံးနိမ့်ခဲ့ရပါတယ်။ ဒီရလဒ်ကြောင့်ပဲ အာဆင်နယ်အသင်းဟာ ဒုတိယအကျော့မှာ ငါးဂိုးပြန်မသွင်းနိုင်ခဲ့ဘူးဆိုရင် ချန်ပီယံလိဂ်ကနေ ထွက်ခွာရဖို့ ရှိနေပါတယ်။ ၁၆ သင်း ရှုံးထွက်အဆင့်ကနေ ထွက်ခွာဖို့ သေချာနေပြီဖြစ်ပါတယ်။



# ပွဲကျပ်နေတဲ့ မန်ယူ၊ ပွဲချောင်နေတဲ့ အာဆင်နယ်တို့ရဲ့ အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်

*အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၉ ရက်မှာ ဆက်လက်ကစားတဲ့အခါ ပရီမီယာလိဂ် ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်ယူ၊ စပါး၊ အာဆင်နယ်တို့ကို နိုင်ပွဲရလိုစိတ်ပြင်းပြင်းနဲ့ ကစားမှုတွေကို မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။ အက်ဖ်အေဖလားဟာ ပရီမီယာလိဂ်အသင်းတွေ အလေးထားရယူလိုတဲ့ ဖလားတစ်လုံးဖြစ်တာမို့ မျှော်မှန်းချက်ထားပြီး အားထုတ်ကြမယ့် ပွဲစဉ်ဖြစ်ပါတယ်။ အထူးသဖြင့် အက်ဖ်အေဖလားပြိုင်ပွဲမှာ အစဉ်အလာကြီးမားတဲ့အသင်းတွေပဲ အောင်ပွဲခံသွားမလားဆိုတာကလည်း အပြတ်ပြောလို့မရတာမို့ စိတ်လှုပ်ရှားစွာ အကဲဖြတ်သုံးသပ် အားပေးရဦးမှာပဲ ဖြစ်ပါတယ်။*



**ဘလက်ဘန်းနှင့် မန်ယူ**

အက်ဖ်အေဖလားကို (၁၂)ကြိမ်ရယူထားတဲ့ မန်ယူဟာ အက်ဖ်အေဖလားကို ငါးကြိမ် သိမ်းပိုက်နိုင်ခဲ့တဲ့ ဘလက်ဘန်းကို သေသေချာချာပြင်ဆင်ကစားမှရပါလိမ့်မယ်။ ယူရိုပါလိဂ်ပွဲစဉ်ကို ကစားပြီး အခုအက်ဖ်အေဖလားပွဲကို ဆက်တိုက်နွဲရတာမို့ မန်ယူကစားသမားတွေလည်း ပွဲပန်းနေတာ အမှန်ပါပဲ။ အခုတလော မန်ယူတို့က ရှုံးပွဲမရှိ မှတ်တမ်းကောင်းကို ရေးထိုးဖို့ကြိုးစားနေချိန်မှာ ပွဲတိုင်း နိုင်ပွဲတော့ မဖြစ်ခဲ့ပါဘူး။ တိုက်စစ်နဲ့ ခံစစ်ပိုင်းတွေမှာ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပြီး အထူးသဖြင့် တိုက်စစ်မှူးတွေက အခွင့်အရေးကို အပြည့်အဝ အသုံးမချနိုင်ဘဲ ဆုံးရှုံးမှုတွေများနေတာတော့ အမှန်ပါပဲ။ ဘလက်ဘန်းတို့ကတော့ ပုံမှန်ခြေစွမ်းမရသေးဘဲ အတက်အကျပြနေပါတယ်။ ဘလက်ဘန်းရဲ့နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဘလက်ပူးနဲ့ ကျူပီအာအသင်းတွေကို အနိုင်ရခဲ့ပေမယ့် လိဒ်ယူနိုက်တက်နဲ့ ရှက်ဖီးလ်တို့ကို ရှုံးပွဲကြုံခဲ့ပြီး ရိုသာဟန်ကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရတော့ ဘလက်ဘန်းတို့ မန်ယူကို အသာစီးရယူနိုင်ဖို့တော့ မလွယ်ပါဘူး။ ခြေစွမ်းကောင်းကို ထိန်းသိမ်းနေတဲ့ မန်ယူဟာ အခုပွဲက အဝေးကွင်းဖြစ်ပေမယ့် အနိုင်ရရှိရေး ဖိဖိစီးစီး ကစားပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာဆိုရင် ခုခံမှုကောင်းကောင်းနဲ့ ရင်ဆိုင်တတ်တဲ့ ဘလက်ဘန်းကို မန်ယူတို့ အလေးထားကစားရမှာပါ။ မန်ယူတို့ကပဲပြီး နိုင်သွားနိုင်သလို သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဖူလ်ဟမ်နှင့် စပါး**

ဒီနှစ်ဘောလုံးရာသီမှာ ကစားအားကောင်းနေတဲ့ စပါးတို့က ပွဲတိုင်း အမှတ်မဆုံးရှုံးအောင်တော့ ကြိုးစားနေပါတယ်။ ဒါပေမယ့် အခုတလော အဝေးကွင်းမှာ ခြေစွမ်းကျဆင်းပြီး နိုင်ပွဲပျောက်ဆုံးနေတတ်တာကို ဒီပွဲမှာ ပြန်ပြုပြင်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ စပါးရဲ့နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် နှစ်ပွဲနိုင်ပြီး နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပါတယ်။ ဖူလ်ဟမ်တို့ကတော့ အိမ်ကွင်း၊ အဝေးကွင်းတွေမှာ အကောင်းဆုံးခြေစွမ်းတွေ ပြသနိုင်နေပြီး နောက်ဆုံးကစားခဲ့တဲ့အိမ်ကွင်းသုံးပွဲမှာ သုံးပွဲစလုံးနိုင်ပွဲရယူထားနိုင်ခဲ့ပါတယ်။ ဖူလ်ဟမ်တိုက်စစ်မှူးတွေကလည်း ပွဲတိုင်းဂိုးရအောင် သွင်းယူနိုင်သူတွေဖြစ်ပြီး နောက်ဆုံးငါးပွဲမှာ ၁၂ ဂိုးသွင်းထားနိုင်ခဲ့ပါတယ်။ စပါးတိုက်စစ်ကတော့ နေရာစုံက ထိုးဖောက်အားကောင်းပေမယ့် ပြိုင်ဘက်ဂိုး ဧရိယာထဲရောက်ရင် ဘောလုံးဆုံးရှုံးမှုများနေတတ်တာမို့ ပြင်ဆင်ဖို့တော့ လိုအပ်နေပါတယ်။ စပါးတို့က အက်ဖ်အေဖလားကို (၈)ကြိမ်ရယူနိုင်ခဲ့တဲ့အသင်းဖြစ်တာမို့ အခုပွဲမှာလည်း နောက်တစ်ဆင့်တက်နိုင်ရေး အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။ ဒီပွဲက သရေပွဲလည်း ဖြစ်နိုင်သလို အနိုင်ဆိုရင် စပါးတို့ပဲ ဖြစ်သွားနိုင်ပါတယ်။


**ဆက်တန်နှင့် အာဆင်နယ်**

ဒီနှစ်မှာ အက်ဖ်အေဖလားကို မျှော်မှန်းနေတဲ့ အာဆင်နယ်ဟာ ရှုံးပွဲဆက်တိုက်ကြုံနေရတဲ့ ဆက်တန်လိုအသင်းနဲ့ ဆုံတွေ့ရတာဟာ အခွင့်အရေးကောင်းတစ်ရပ်ပါပဲ။ အက်ဖ်အေဖလားကို (၁၂)ကြိမ် ရယူထားနိုင်ခဲ့တဲ့ အာဆင်နယ်ဟာ ဒီနှစ်မှာ မှတ်တမ်းကောင်းပြန်ရေးထိုးနိုင်မလားကြည့်ရမှာပါ။ အာဆင်နယ်တို့က ဘိုင်ယန်မြူနစ်ကို ငါးဂိုး-တစ်ဂိုးအထိ ရှုံးချက်နာထားတာမို့ အခုပွဲမှာ အရန်ကစားသမားတွေ မသုံးဘဲ အမာခံတွေနဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။ ဆက်တန်တို့ကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လိဒ်ယူနိုက်တက်အသင်းကိုသာ နိုင်ခဲ့ပြီး ကျန်လေးပွဲ ဆက်တိုက်ရှုံးခဲ့တာမို့ အခုပွဲမှာလည်း အာဆင်နယ်ကို ယှဉ်နိုင်ဖို့မလွယ်ပါဘူး။ တိုက်စစ်မှာလည်း အားကိုးစရာခြေစွမ်းထက်မြက်တဲ့ တိုက်စစ်မှူး မရှိသလို ခံစစ်ပိုင်းကလည်း ယိုယွင်းနေတဲ့ ဆက်တန်ဟာ အခုပွဲမှာ အာဆင်နယ်ကို ခုခံဟန့်တားရင်းနဲ့ ဂိုးတွေပေးရပြီး ရှုံးပွဲကြုံသွားရနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းနေတဲ့ ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်ကတော့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှာ နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရထားတဲ့အတွက် နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းနေပါတယ်။ ဧည့်သည်အသင်း နာပိုလီက ပွဲစပြီး ရှစ်မိနစ်အတွင်းမှာ ဦးဆောင်ဂိုးသွင်းယူပေးခဲ့ပေမယ့် ဘင်ဇီမာရဲ့ခေါင်းတိုက်ချေပဂိုး၊ တိုနီခရုစ်နဲ့ ကာဆေး မီရိုတို့ရဲ့ဂိုးတွေကြောင့် ရီးရဲမက်ဒရစ် ကစားသမားတွေ အောင်ပွဲခံခဲ့ကြပါတယ်။ နာပိုလီအသင်းကတော့ မတ် ၇ ရက်မှာ ဒုတိယအကျော့အဖြစ် ရီးရဲမက်ဒရစ်အသင်းကို လက်ခံကစားမှာ ဖြစ်ပါတယ်။ ပထမအကျော့မှာ ရီးရဲမက်ဒရစ်ရဲ့တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ဂိုးသွင်းယူပေးနိုင်ခြင်း မရှိခဲ့ပါဘူး။ သူ ချန်ပီယံလိဂ်ဂိုး မသွင်းတာကြာခဲ့ပြီလို့ ဆိုပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိတဲ့ စီရော်နယ်ဒိုဟာ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နေချိန်မှာ ၁၂ ကိုက်အကွာမှ အပိုင်ကန်သွင်းခွင့်ရခဲ့ပေမယ့် ဂိုးဘားတန်းကျော်တက်ခဲ့တဲ့အတွက် ရွှေရောင်အခွင့်အရေးနဲ့ လွဲချော်သွားခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရီးရဲမက်ဒရစ်ကတော့ ပထမအကျော့ အနိုင်ရထားတဲ့အတွက် နောက်တစ်ဆင့်တက်ဖို့ အလားအလာကောင်းနေပါတယ်။



**▼ ကောင်းမြတ်သူ - စုစည်းသည်။ ▼**

# နျူကလီးယားစွမ်းအင်နှင့် မြန်မာ့လျှပ်စစ်ရှေ့ခရီး

**မောင်ပါဝါ**

*ယမန်နေ့မှအဆက်*

**နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ထုတ်ယူသုံးစွဲမှု ကုန်ကျစရိတ်**

ကမ္ဘာ့နျူကလီးယားစွမ်းအင်အသုံးပြုလျှပ်စစ်ထုတ်ယူသုံးစွဲမှုသည် စုစုပေါင်းစွမ်းအင်ကဏ္ဍအားလုံး၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း လေ့လာသိရှိရသည်။ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ထုတ်ယူသုံးစွဲလျက်ရှိသော ကမ္ဘာ့နိုင်ငံကြီးများတွင် နျူကလီးယားဓာတ်ပေါင်းဖိုု စုစုပေါင်း ၄၄၁ လုံးခန့် တည်ဆောက်ထားကြပြီး အမေရိကန်နိုင်ငံတွင်ပင် ဓာတ်ပေါင်းဖို ၁၀၄ လုံး ရှိသည်ဟု ဖော်ပြထားသည်။

လျှပ်စစ်ဓာတ်အား ၂၂ ဒသမ ၅ ဂစ်ဂါဝပ်နာရီ (GWh) ထုတ်လုပ်ပေးနိုင်စွမ်း (သို့မဟုတ်) ၁၀၀၀ မဂ္ဂါဝပ်နှင့် ညီမျှအရွယ်အစားရှိသော နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံမှ ၁၄ ဘီလီယံအတွင်း ရှိသဖြင့် ကုန်ကျစရိတ်မှာ အလွန်ကြီးမားကြောင်း လေ့လာသိရှိရသည်။ ဥပမာ- Florida Power Light Co. (USA) မှ Miami မြို့အနီးတွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံ မှ ၂၄ ဘီလီယံ ကုန်ကျမည့် Turkey Point နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ်ရုံကို အဆိုပြုခဲ့သည်။ စက်တပ်ဆင်အင်အား ၁၀၀၀ မဂ္ဂါဝပ်နှင့် ညီမျှ နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်မှုကာလမှာ အနည်းဆုံး ငါးနှစ်ခန့်ကြာမည်ဖြစ်ပြီး အဆိုပါ စက်တပ်ဆင်အင်အားနှင့်ညီမျှ ရေအားလျှပ်စစ်စက်ရုံတစ်ရုံတည်ဆောက်မှု ကုန်ကျစရိတ်ထက် သုံးဆမှ ခုနစ်ဆအထိ ပိုမိုသည်ဟု ဖော်ပြထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လက်ရှိရုပ်ကြွင်းလောင်စာ (Fossil Fuel) ၈၇ ရာခိုင်နှုန်းဖြင့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းအသုံးပြုလျက်ရှိကြရာ ကမ္ဘာကြီးပူနွေးလာခြင်းအကြောင်းပြုမှုများဆီမှ ခွဲခွာ၍ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ထုတ်ယူသုံးစွဲမည်ဖြစ်ပါက ယူရေနီယံ (Uranium Ore) ၃ ဒသမ ၃ သန်းတန်ခန့် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ ယူရေနီယံ တစ်ကီလိုဂရမ်၏ ကမ္ဘာ့ပျမ်းမျှပေါက်ဈေးမှာ အမေရိကန်ဒေါ်လာ ၁၃၀ ၏ အထက်ဘက်တွင် ရှိနေသဖြင့် ကုန်ကျစရိတ်မည်မျှကြီးမားသည်ကို ခန့်မှန်းနိုင်သည်။ ထို့အပြင် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု၏ သက်တမ်းမှာ နှစ် ၃၀ မှ နှစ် ၄၀ အတွင်းသာရှိ၍ ကုန်ကျစရိတ်သည် တည်ဆောက်တပ်ဆင်မှုထက် ဖျက်သိမ်းခြင်း (Dismantling) က ပိုမိုများပြားသည်ဟု ဆိုသည်။ နျူကလီးယားဓာတ်အားပေးစက်ရုံကြီး တစ်ခုသည် သက်တမ်းကုန်ဆုံးခြင်း သို့မဟုတ် အကြောင်း တစ်ရပ်ရပ်ကြောင့် လည်ပတ်မှု ရပ်ဆိုင်းခြင်း (Decommissioning) နှင့် ဖြုတ်သိမ်းခြင်း (Dismantling) တို့အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၂၀၀ မှ သန်း ၅၀၀ အထိရှိကြောင်း လေ့လာသိရှိရသည်။

**နျူကလီးယားစွန့်ပစ်အညစ်အကြေး** (Nuclear Wastes)

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ ၂၀၀၆ ခုနှစ် ကျင်းပခဲ့သည့် နျူကလီးယားစွမ်းအင်စွန့်ပစ်ပစ္စည်း (Nuclear Waste) ကွန်ဖရင့် အစည်းအဝေးတွင် စုစုပေါင်း စွန့်ပစ်ပစ္စည်း တန် ၃၀၀၀၀၀ ခန့်ရှိကြောင်း၊ တစ်ဖန် OECD ၏ နျူကလီးယားစွမ်းအင် အေဂျင်စီ (NEA) မှ ထုတ်ပြန်ချက်မှာ ယင်းပမာဏထက် ပိုမိုများပြားပြီး ၂ ဒသမ ၂ သန်းတန်ခန့်ရှိကြောင်း ဖော်ပြခဲ့သည်။ သို့ဖြစ်၍ World Nuclear Association ၏ တွက်ချက်မှုအရ စက်တပ်ဆင်အင်အား ၁၀၀၀ မဂ္ဂါဝပ်ရှိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ နှစ်စဉ် ရေဒီယိုသတ္တိကြွ စွန့်ပစ်အညစ်အကြေး တန် ၃၀ ခန့်ရှိကြောင်း သိရှိရသည်။ ပြင်သစ်နိုင်ငံတွင် တည်ဆောက်ထားသော နျူကလီးယား ဓာတ်ပေါင်းဖို ၅၈ ခုမှ ထုတ်လုပ်သုံးစွဲ လျှပ်စစ်ဓာတ်အား ၈၀ ရာခိုင်နှုန်းခန့်ရှိရာ World Information Service on Energy (WISE) ၏ ဖော်ပြချက်အရ ပြင်သစ်နိုင်ငံ၏ တစ်နှစ်လျှင် နျူကလီးယား စွန့်ပစ်ပစ္စည်း (Nuclear Wastes) ၁၅၀၀၀ တန်ခန့်ရှိ၍ လက်ရှိ ပြင်သစ်တစ်နိုင်ငံလုံးတွင် စွန့်ပစ်ပစ္စည်း တန် ၂၂၀၀၀၀ အထက်တွင်ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ အဆိုပါ များပြားစွန့်ပစ်ပစ္စည်းများကို နိုင်ငံအတွင်း သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းတို့ လုပ်ဆောင်ရန်မှာ အန္တရာယ်ကြီးမားသဖြင့် အခကြေးငွေမြင့်မားစွာပေးလျက် ရုရှားနိုင်ငံ ဆိုက်ဗေးရီးယားဒေသ (Russia , Siberia) သို့ ပို့ဆောင် စွန့်ပစ်ကြောင်းလည်း သိရှိရသည်။ ယင်းလုပ်ဆောင်ချက်များကြောင့် အဆိုပါဒေသတွင် အလွန်အန္တရာယ်များသော ရေဒီယိုသတ္တုကြွမှုများ၊ ယိုစိမ့်မှုများ (Contamination) ဖြစ်ပေါ်နေခြင်း အကြောင်းပြုလျက် Greenpeace အဖွဲ့က ကမ္ဘာသိအောင် ကန့်ကွက်ဆန္ဒပြအော်ဟစ်လျက်ရှိကြသည်။ အမေရိကန်နိုင်ငံတွင် နျူကလီးယားစွန့်ပစ်ပစ္စည်း ၇၀၀၀၀ တန်နှင့် အထက်ရှိပမာဏကို ယာယီအစီအစဉ်ဖြင့် မြေပြင်ပေါ်တွင် သိုလှောင်သိမ်းဆည်းထားရကြောင်း သိရှိရသည်။ ထာဝရသိမ်းဆည်း၊ ဖျက်ဆီးပစ်ရမည့် ဒေသမှာ နီဗားဒါး (Nevada) ပြည်နယ်ရှိ Yucca Mountain Saga တောင်တန်းဒေသသို့ ပို့ဆောင်သိမ်းဆည်းရမည်ဖြစ်ရာ ယင်းကိစ္စသည်လည်း အန္တရာယ်ကြီးမားသည့်အတွက် နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း လေ့လာသိရှိရသည်။ အမေရိကန်နိုင်ငံအတွင်း အဆင့်ဆင့်ဖြတ်သန်း၍ အဆိုပါဒေသသို့ ပို့ဆောင်ရန် ပမာဏမှာ ကုန်တင်ရထားတစ်စီးမှ ခြောက်စင်းအထိ (သို့မဟုတ်) မော်တော်ယာဉ်တန်းဖြင့် နေ့စဉ်ပို့ဆောင် ပါက ၂၄ နှစ်ထိတိုင် ကြာမြင့်နိုင်ကြောင်း ဖော်ပြထားသည်။

နျူကလီးယားဓာတ်ပေါင်းဖိုမှ ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများ (Radioactive Wastes) သိုလှောင်သိမ်းဆည်းရသည့်လုပ်ငန်းမှာ အန္တရာယ်ကြီးမားလှပြီး ကာလအလွန်ရှည်ကြာစွာ ထိန်းသိမ်းရသည်ဟု ဆိုသည်။ နှစ်ပေါင်း ၁၀၀၀၀ ကြာမြင့်ချိန်တွင်မှ ဆွေးမြည့်ပျက်စီးခြင်းအဆင့် (Decayed Stage) သို့ ရောက်ရှိသည်ဟု ခန့်မှန်းထားကြသည်။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီမှ ၂၀၀၆ ခုနှစ် နိုင်ငံတကာ အဏုမြူစွန့်ပစ်ပစ္စည်းဆိုင်ရာ ကွန်ကရက်အစည်းအဝေးတွင် ကမ္ဘာပေါ်ရှိ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်တိုင်းသည် ရေဒီယိုသတ္တိကြွနျူကလီးယားစွန့်ပစ်ပစ္စည်း (Highly Radioactive Waste) ဒသမ ၇၅ ပေါင် (၃၄၀ ဂရမ်) စီ ထမ်းရွက်နေကြရသည်ဟု တင်စားပြောဆိုဆွေးနွေးသွားခဲ့သည်။

**နျူကလီးယားဓာတ်အားပေးစက်ရုံများနှင့် အာမခံထားရှိခြင်းအခြေအနေ**

နျူကလီးယားဓာတ်အားပေးစက်ရုံများအတွက် အာမခံထားရှိပေးရန်မှာ ကြီးမားသော စွန့်စားမှု (High Risk) ရှိသဖြင့် လက်ရှိတွင် မည်သည့်အာမခံကုမ္ပဏီကမျှ နျူကလီးယားဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်ပြီး အာမခံထားရှိပေးခြင်း လုပ်ဆောင်မှု မရှိကြပါ။ ထိုကဲ့သို့ အာမခံကုမ္ပဏီများ (Insurance Companies) မရှိခြင်းကြောင့် နိုင်ငံ့အစိုးရအဖွဲ့အစည်းများအနေဖြင့် ဓာတ်အားပေးစက်ရုံ မတော်တဆဖြစ်ပေါ်မှုအရ ထိခိုက်ပျက်စီးမှုများအပေါ်တွင် လည်းကောင်း၊ ဥပဒေကြောင်းအရ ရင်ဆိုင်ရာတွင်လည်းကောင်း၊ တာဝန်ရှိသည့်အပြင် အခြားထုတ်ဖော်ရန် မဖြစ်နိုင်သော လျှို့ဝှက်ချက်များကိုပါ တာဝန်ယူကြရသည်။

**နျူကလီးယားဓာတ်ပေါင်းဖို မတော်တဆဖြစ်မှုအန္တရာယ်**

ကမ္ဘာတွင် ထင်ရှားသော နျူကလီးယားယိုစိမ့်မှုကြောင့် အသက်အိုးအိမ်များ ကျယ်ပြန့်စွာ ထိခိုက်ပျက်စီးရသည့် အထင်ကရနေရာ သုံးနေရာကို ဖော်ပြလိုပါသည်။ ပထမနေရာမှာ အမေရိကန်နိုင်ငံ ပင်ဆီဗေးနီးယား (Pennsylvania) ဒေသရှိ Three Mile Island တွင် ၁၉၇၉ ခုနှစ် မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်သည်။ ဒုတိယနေရာမှာ ၁၉၈၆ ခုနှစ် ဧပြီလအတွင်း ရုရှားနိုင်ငံ၏ တစ်စိတ်တစ်ဒေသဖြစ်ခဲ့သော ယူကရိန်းပြည်နယ်ရှိ Chernobyl နျူကလီးယား ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုဖြစ်သည်။ အသက်ဆုံးရှုံးမှုလူဦးရေ ၄၀၀၀ ဦးခန့်ရှိသည်ဟု ကြေညာခဲ့သော်လည်း ပတ်ဝန်းကျင်လေ့လာမှု အဖွဲ့အစည်းများ၏ ခန့်မှန်းချက်အရ လူပေါင်း ၃၀၀၀၀ မှ ၄၀၀၀၀ ဦးအတွင်းရှိသည်ဟု ဖော်ပြထားသည်။ နယ်မြေဆက်စပ် ဥရောပပြည်သူ ၁၀ သန်းခန့်သည် ရေဒီယိုသတ္တိကြွ အဆိပ်သင့်ဒဏ်ခံကြရကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ Chernobyl နျူကလီးယားဓာတ်အားပေးစက်ရုံပေါက်ကွဲမှုသည် ဒုတိယကမ္ဘာစစ်အတွင်း (၁၉၄၅ ခုနှစ် ဩဂုတ်လ) အမေရိကန်နိုင်ငံက ဂျပန်နိုင်ငံ ဟီရိုရှီးမား (Hiroshima) နှင့် နာဂါဆာကီ (Nagasaki) မြို့များပေါ်သို့ ကြဲချခဲ့သော ဗုံး၏ပေါက်ကွဲမှုပြင်းအားထက် အဆ ၂၀၀ ခန့် ရှိသည်ဟု ပညာရှင်များက သုံးသပ်ခဲ့ကြသည်။ တတိယအထင်ကရနေရာမှာ ၂၀၁၁ ခုနှစ် မတ်လတွင် ဂျပန်နိုင်ငံ အင်အားပြင်းငလျင်ဆူနာမီကြောင့် ဖူကူရှီးမား (Fukushima Daiichi) နျူကလီးယား ဓာတ်အားပေးစက်ရုံ (၄၆၉၆ မဂ္ဂါဝပ်) မတော်တဆထိခိုက်ပျက်စီးမှုများ၊ နျူကလီးယားယိုစိမ့်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားပေးစက်ရုံမှ ၂၀ ကီလိုမီတာ (၁၂ ဒသမ ၅ မိုင်) အတွင်း နေထိုင်ကြသူအားလုံးကို သတ်မှတ်အန္တရာယ်ကင်းရှင်းဒေသများသို့ ချက်ချင်းပြောင်းရွှေ့စေခဲ့ရသည်။ ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံအပါအဝင် နျူကလီးယားဓာတ်အားပေးစက်ရုံလေးခု၊ အပူရှိန်သုံးဓာတ်အားပေးစက်ရုံ (Thermal Power Stations) ၁၈ ခု ထိခိုက်ခဲ့ရပြီး နျူကလီးယားဓာတ်အားပေးစက်ရုံ လေးခုလုံး ရပ်ဆိုင်းသွားခဲ့သည်။ ကျန်စက်ရုံများကို ပြန်လည်စစ်ဆေးပြီးနောက် ပုံမှန်လည်ပတ်စေခဲ့သည်။


**ဂျပန်နိုင်ငံ၏ နျူကလီးယားဓာတ်အားပေးစက်ရုံများနှင့် ဆက်စပ်စီမံချက်**

၂၀၁၂ ခုနှစ် ဧပြီလတွင် ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ၏ စက်ခြောက်လုံးအနက် လေးလုံးကိုဖျက်သိမ်းခဲ့ရသည်။ ဂျပန်နိုင်ငံ Power Industry (2012) (JEPIC 2013) တွင် ထုတ်ပြန်ဖော်ပြချက်အရ ၂၀၃၀ ပြည့်နှစ်အရောက်တွင် နျူကလီးယားကဏ္ဍ၏ လက်ရှိစုစုပေါင်းစက်တပ်ဆင်အင်အား ၂၁ ဒသမ ၃ ရာခိုင်နှုန်းမှ (က) အမှီခိုကင်း နျူကလီးယားစွမ်းအင် (Zero Nuclear Dependency)၊ (ခ) ၁၅ ရာခိုင်နှုန်း လျှော့ထား နျူကလီးယားစွမ်းအင်နှင့် (ဂ) ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း လျှော့ထားနျူကလီးယားစွမ်းအင် စသည့်နည်းလမ်းသုံးသွယ် (Three Options) လျှော့ထားနျူကလီးယားမူဝါဒများ ချမှတ်ခဲ့သည်။ ဂျပန်နိုင်ငံတွင် စုစုပေါင်းစက်တပ်ဆင်အင်အား ၄၈၉၆၀ မဂ္ဂါဝပ်ရှိကြောင်း ဖော်ပြထားသည်။ လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးခဲ့ရသော ဖြစ်ရပ်ကြောင့် ဂျပန်နိုင်ငံ၏ လက်ရှိ နျူကလီးယား အစားထိုးလျှပ်စစ်စွမ်းအင်ကို နေရောင်ခြည်သုံးစွမ်းအင် (Solar Power) ဘက်သို့ ဦးလှည့်ရန်စဉ်းစားလာခဲ့ကြပြီး လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင် အပေါ်တွင်လည်း စွမ်းအင်အာမခံမှု၊ ယုံကြည်ကိုးစားနိုင်မှုမျှော်လင့်ချက်နည်းပါးသဖြင့် တစ်ဖန် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံသစ်များတည်ဆောက်ရန်ကိုပါ စီမံလျက်ရှိကြောင်း လေ့လာသိရှိရသည်။

ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံ မတော်တဆထိခိုက်ပျက်စီးမှုကြောင့် ဂျပန်နိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ရောစပ်စွမ်းအင် (Energy Mix) နှင့် ရောစပ်လျှပ်စစ် ထုတ်လုပ်ဖြန့်ဖြူးမှု (Generation Mix) စီမံချက်တို့ကို ပုံ (င) နှင့် ပုံ (စ) တို့ဖြင့် ဖော်ပြထားပါသည်။

ပုံ (င)


**ဂျပန်နိုင်ငံ ရောစပ်စွမ်းအင်** (Energy Mix) (2030)




**Source: JAPAN ATOMIC INDUSTRIAL FORUM ASIAN POWER ISSUE 77, 2016 October**

ပုံ (စ)

**ဂျပန်နိုင်ငံ ရောစပ်လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှု** (Generation Mix) (2030)




**Source: JAPAN ATOMIC INDUSTRIAL FORUM ASIAN POWER ISSUE 77, 2016 October**

**အာဆီယံနိုင်ငံများ၏ နျူကလီးယားစွမ်းအင် ရှေ့အလားအလာ**

အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံအချို့၏ လျှပ်စစ်စက်တပ်ဆင်အင်အား (၂၀၁၂) နှင့် နျူကလီးယားစွမ်းအင်၏ရှေ့အလားအလာကို ဆွေးနွေးလိုပါသည်-

အင်ဒိုနီးရှားနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်စက်တပ်ဆင်အင်အားမှာ ၅၁၀၀၀ မဂ္ဂါဝပ်ရှိရာ ၂၀၂၅ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ၁၇ ရာခိုင်နှုန်းရရှိနိုင်ရေး စီမံထားသည်ဟု သိရသည်။ ထို့အပြင် Indonesia's National Atomic Energy Agency မှ ၂၀၁၇ မှ ၂၀၂၀ ခုနှစ်အတွင်း နျူကလီးယားစွမ်းအင်ကို ရုပ်လုံးဖော်ရန် အချိန်သတ်မှတ်ထားကြောင်းနှင့် ဆူမတြားကျွန်း၏ အရှေ့ပိုင်းဒေသတွင် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီမံထားကြောင်း သိရသည်။ Nuclear Power (D.E.Newton) တွင် ဖော်ပြချက်အရ အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး နျူးကလီးယားဓာတ်အားပေးစက်ရုံကို ဂျာဗား (Java) ကျွန်းပေါ် တွင် တည်ဆောက်ရန် ၂၀၁၅ ခုနှစ် ဧပြီလအတွင်း အစိုးရက ခွင့်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်နိုင်ရန် စီမံထားကြောင်း သိရသည်။ မလေးရှားနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်စက်တပ်ဆင်အင်အားမှာ ၂၉၁၄၇ မဂ္ဂါဝပ်ရှိရာ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို အားပေးလျက်ရှိကြောင်း တွေ့ရှိရသည်။ လောလောဆယ်တွင် နျူကလီးယား ဓာတ်အားပေးစက်ရုံများ မရှိသေးသော်လည်း IAEA နှင့် အစဉ်တစိုက်ပူးပေါင်းကြံဆလျက်ရှိရာ ၂၀၂၃ ခုနှစ် နောက်ဆုံးထား၍ အကောင်အထည်ဖော်ရန် စီမံထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသည် ရပ်ဆိုင်းထားလျက်ရှိသော Bataan နျူကလီးယားဓာတ်အားပေးစက်ရုံ (BNPP) ကို နိုင်ငံပိုင် National Power Corp. က ပြန်လည်ပြင်ဆင်မွမ်းမံခြင်း (Rehabilitation) လုပ်ဆောင်နိုင်ရန် ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံ တင်ပြတောင်းခံထားချက်အပေါ် စဉ်းစားနေကြောင်း သိရသည်။ Asian Power Issue 58 နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးဘဲ ၂၀၂၅ ခုနှစ်တွင်သာ လျာထားသည်ဟု ဆိုသည်။ ထိုင်းနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်စက်တပ်ဆင်အင်အားမှာ ၃၄၆၉၀ မဂ္ဂါဝပ်ရှိရာ အိမ်နီးချင်းနိုင်ငံ အချို့မှ ဓာတ်ငွေ့နှင့် လျှပ်စစ်ဝယ်ယူသုံးစွဲလျက်ရှိသည်။ ၂၀၀၇ ခုနှစ်အတွင်းမှာ ၄၀၀၀ မဂ္ဂါဝပ်ရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ကြိုးပမ်းခဲ့ရာ လက်တွေ့မဖြစ်ခဲ့သဖြင့် ၂၀၂၀ ပြည့်နှစ်သို့ ပြင်ဆင်လျာထားခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းစက်တပ်ဆင် အင်အားမှာ ၃၇၆၀၀ မဂ္ဂါဝပ်ရှိရာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်အပေါ် မှီခိုလျက်ရှိသော နိုင်ငံဖြစ်သည်။ နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စိတ်ဝင်စားလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် စတင်ရန် ကြိုးပမ်းလျက်ရှိကြောင်းလည်း သိရသည်။

နျူကလီးယားသုံး ဓာတ်အားပေးစက်ရုံများတည်ဆောက်လျက် လျှပ်စစ်ထုတ်ယူသုံးစွဲမှုသည် ကာဗွန်ထုတ်လုပ်မှုမရှိ၍ သဘာဝပတ်ဝန်းကျင်နှင့် မိတ်ဖက်ဖြစ်လင့်ကစား တိုးတက်မှုများနှင့်ဆုတ်ယုတ်မှုများ၊ ကောင်းကျိုးများနှင့် ဆိုးကျိုးများသည် အတူယှဉ်တွဲဖြစ်ပျက်နေသည်ကို ဘက်ပေါင်းစုံမှ စဉ်းစားနိုင်ကြရန် လိုအပ်မည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းတွင် ရေမြေသဘာဝ၊ တောတောင် ပထဝီအနေအထားအရလည်းကောင်း၊ ထွက်ရှိသယံဇာတအရင်းအမြစ်များအပေါ် မှီခိုအားထားနိုင်မှုအရလည်းကောင်း၊ လူမှုစီးပွားဘဝအတွက် လိုအပ်လျှပ်စစ်ကို နည်းပညာဖွံ့ဖြိုးမှုနှင့်အတူ ရယူအသုံးပြုလျက်ရှိကြရာ တစ်နိုင်ငံချင်းစီ၏ ကျင့်သုံးမှုကို လေ့လာ မှီငြမ်းနိုင်သော်လည်း ပုံတူကူးချ၍ မဖြစ်နိုင်သည်ကို သုံးသပ်နိုင်ကြရန် ဆွေးနွေးလိုပါသည်။ မည်သည့်နိုင်ငံကမျှ လျှပ်စစ်အရင်းအမြစ်တစ်ခု၊ နှစ်ခု သို့မဟုတ် သုံးခုတို့အပေါ်တွင်သာ မှီခိုကြခြင်းမရှိပါ။ ဆိုလိုသည်မှာ စီးပွားရေးရာတွက်ခြေကိုက်မှုရှိသော ရောစပ်စွမ်းအင် (Energy Mix) ရောစပ်လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးသုံးစွဲမှု (Generation Mix) တို့ကို နောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနှင့် ကုစားနိုင်မည့် နည်းလမ်းများကို ရှာဖွေအခြေခံ၍ စီမံလုပ်ဆောင်ကြမည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများကို အားကျအတုယူပြီး ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDC) စာရင်းတွင် ရှိနေသေးသော မိမိတို့မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ ဓနစီးပွားအင်အား၊ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်သည့် လုံလောက်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ရှန်းထထွက်ပေါ်လာစေရန် နိုင်ငံတော်မှ အပတ်တကုပ်ကြိုးပမ်းအားထုတ် ဆောင်ရွက်လုပ်ကိုင်နေချိန်တွင် နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ထုတ်ယူသုံးစွဲနိုင်ရေးအပေါ် ဖြစ်လိုသည်များကို စဉ်းစားနေခြင်းမပြုဘဲ ဖြစ်နိုင်သည်များကိုသာ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ လက်ရှိနှင့် အနာဂတ်အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်လုပ်ဆောင်သွားကြရန် လိုအပ်ပါသည်။ မိမိတို့မြန်မာနိုင်ငံအတွင်း လျှပ်စစ်ရယူနိုင်သော ပေါကြွယ်ဝသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ (Renewable Energies)၊ ရုပ်ကြွင်းလောင်စာများ (Fossil Fuels) ရှိ နေရာစွန့်စားမှု ကြီးမား၍ အန္တရာယ်များပြားသော၊ တစ်နည်းအားဖြင့် ကုန်ကျစရိတ်မြင့်မားသော "နျူကလီးယား စွမ်းအင်နှင့် မြန်မာ့လျှပ်စစ်ရှေ့ခရီး" ကို လက်ရှိအခြေအနေအောက်တွင် လျှောက်လှမ်းရန်ကြိုးစားသင့်၊ မသင့် လေးလေးနက်နက် စဉ်းစားသုံးသပ်နိုင်ကြရန် တိုက်တွန်းလိုက်ရပါသည်။

# ဂန့်ဂေါ- အိုက္ကား- ရေဇ္ဇာလမ်းပိုင်းအတွက် နှစ်စဉ်လျာထားရန်ပုံငွေရရှိပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ဂန့်ဂေါ-အိုက္ကား- ရေဇ္ဇာလမ်းပိုင်းအတွက် နှစ်စဉ် လျာထားရန်ပုံငွေရရှိပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကတ္တရာခင်းပြီး လမ်းချောအဆင့်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းပြည်နယ်အလယ်ပိုင်း ရေဇ္ဇာမြို့မှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့သို့ ဆက်သွယ်ထားသော ဂန့်ဂေါ-အိုက္ကား- ရေဇ္ဇာ လမ်းအပိုင်းသည် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော ဂန့်ဂေါ-အိုက္ကားလမ်းနှင့် ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော ဟားခါး- မတူပီလမ်းတို့ ပါဝင်ပြီးလမ်းအရှည်မှာ ၁၁၁ မိုင် ဖြစ်သည်။ ဂန့်ဂေါ- အိုက္ကားလမ်းပိုင်းသည် မကွေးတိုင်းအပိုင်း၌ မိုင် ၃/၄ မှ ၁၆/၆ ထိ ၁၃ မိုင် နှစ်ဖာလုံ၊ ချင်းပြည်နယ်အပိုင်း၌ မိုင် ၁၆/၆ မှ ၇၅/၄ ထိ ၅၈ မိုင် ခြောက်ဖာလုံ ရှည်လျားပြီး ဟားခါး- မတူပီလမ်းပေါ်ရှိ အိုက္ကား- ရေဇ္ဇာလမ်းအပိုင်းသည် မိုင် ၆၆/၀ မှ ၁၀၅/၀ အထိ ၃၉ မိုင် ရှည်လျားသည်။

ဂန့်ဂေါ -အိုက္ကား လမ်းပိုင်းမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် သန်း ၁၄၂၈ ဒသမ ၉၀ နှင့် ကတ္တရာခင်းခြင်းလုပ်ငန်း ငါးမိုင် ငါးဖာလုံ၊ ကီလိုမီတာတိုင်နှင့် Half ကီလိုမီတာတိုင်များ စိုက်ထူခြင်း ၄၄ တိုင်၊ ဇီးပြားချောင်းတံတား ချဉ်းကပ်လမ်းအား အမာခံလမ်းခင်းကြိတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထူးပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် သန်း ၂၁၈ ဒသမ ၄၀ ကို လျာထားတင်ပြတောင်းခံထားပြီး လျာထားရန်ပုံငွေရရှိပါက ရေထုတ်ပြွန်လေးစင်း တည်ဆောက်ခြင်းနှင့် အန်းတားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ JICA ODA Loan ချေးငွေ၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်း ဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂)မှာ တိုင်းဒေသကြီးအတွင်း ဂန့်ဂေါ- အိုက္ကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းအဆင့် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂန့်ဂေါ- အိုက္ကားလမ်း (ချင်းပြည်နယ်အပိုင်း)သည် အရှည် ၅၈ မိုင် ခြောက်ဖာလုံရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၄၅ သန်းဖြင့် ကတ္တရာခင်းခြင်း နှစ်မိုင် တစ်ဖာလုံအား လုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း၊ ပြည်နယ်ငွေလုံး ငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်း သုံးမိုင် ခြောက်ဖာလုံ၊ အရှည် ၁၂ ပေ သံကူကွန်ကရစ်တံတား တစ်စင်း၊ ၁၈ ပေအရှည် သံကူကွန်ကရစ်တံတားတစ်စင်း၊ ၁၀ ပေအရှည် သံကူကွန်ကရစ်တံတား တစ်စင်း၊ (၅×၅×၂၈)ပေ Box Culvert တစ်စင်း ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ကတ္တရာခင်းရန် ကျန်ရှိသည့် ၄၈ မိုင် ခုနစ်ဖာလုံအနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၁၆ မိုင်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၆ မိုင်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁၆ မိုင် ခုနစ်ဖာလုံအား ဆောင်ရွက်ပေးသွားရန်လျာထားပြီး ရန်ပုံငွေများ တင်ပြတောင်းခံ၍ လျာထားကြောင်း သိရသည်။

ဟားခါး-မတူပီ လမ်းပေါ်ရှိ (အိုက္ကား-ရေဇ္ဇာအပိုင်း)မိုင် ၆၆/၀ မှ ၁၀၅/၀ ထိ ၃၉ မိုင် ရှည်လျား သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၉၀၇ သန်းနှင့် ကတ္တရာလမ်းခင်းခြင်း လေးမိုင် နှစ်ဖာလုံ၊ ကတ္တရာလမ်းပျက် နှစ်ဖာလုံအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်း ငါးမိုင် ငါးဖာလုံအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ ဂန့်ဂေါ-အိုက္ကား-ရေဇ္ဇာလမ်းအပိုင်း၏ ကတ္တရာခင်းရန် ကျန်ရှိသည့် လမ်းအပိုင်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာနှစ်အလိုက် လျာထားရန်ပုံငွေများ တင်ပြတောင်းခံပြီး လျာထားရန်ပုံငွေရရှိပါက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဂန့်ဂေါ-အိုက္ကား-ရေဇ္ဇာလမ်းအပိုင်းကို ကတ္တရာလမ်းအဆင့်သို့ ရောက်ရှိသွားမည် ဖြစ်ကြောင်း၊ ချင်းပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန်က ချင်းပြည်နယ်အလယ်ပိုင်း ရေဇ္ဇာမြို့မှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့သို့ ဆက်သွယ်ထားသော ဂန့်ဂေါ-အိုက္ကား-ရေဇ္ဇာလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မှု ရှိ မရှိ မေးခွန်းကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပသော အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဌမနေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အထက်ပါအတိုင်း ဖြေကြားသွားခဲ့ခြင်း ဖြစ်သည်။ **သန်းဦး(လေးမျက်နှာ)**



ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ မြန်မာ့သစ်လုပ်ငန်း ရေယာဉ်ပို့ဆောင်ရေးဌာနစိတ်နှင့် ပင်မစက်ပြင်အလုပ်ရုံ(သစ်စက်)တို့မှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၁၄ ရက်က စက်ရုံဝင်းအတွင်းပြုလုပ်စဉ်
တင်ဝင်းလေး(ကြည့်မြင်တိုင်)

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**လယ်ဝေး ဖေဖော်ဝါရီ ၁၇**

နေပြည်တော်လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း(၁/၂၀၁၇) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးအေးမောင်စိန်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်စက်မှုလယ်ယာတိုင်းတာဝန်ခံညွှန်ကြားရေးမှူး ဦးခွန်အေးနိုင်က သင်တန်း၏ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီးပြောကြားသည်။ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။ **မောင်မွှေး**

## အမျိုးသမီးငယ်များအတွက် ကွန်ပျူတာအခမဲ့သင်တန်းဖွင့်မည်

**နွားထိုးကြီး ဖေဖော်ဝါရီ ၁၇**

နွားထိုးကြီးမြို့နယ်၌ အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသမီးငယ်များအတွက် ကွန်ပျူတာအခမဲ့သင်တန်းဖွင့်လှစ်ပေးရန် နွားထိုးကြီး လူငယ်စင်တာက စီစဉ်နေပြီး Tech Age Girls (TGL) အစီအစဉ်နှင့် အမျိုးသမီးလူငယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်ခေါင်းဆောင်ဖြစ်ရေးအတွက် အခမဲ့ကွန်ပျူတာ နည်းပညာကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

နွားထိုးကြီးတွင် ကွန်ပျူတာနည်းပညာကို အခမဲ့သင်ကြားပေးခြင်းမှာ ပထမဆုံးဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

## နွေစပါးမျိုးသန့်မျိုးစေ့များရရှိရေး စံပြကွက်စိုက်ပျိုး

**မင်းလှ ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဗျက်ကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၉၅၇ B) တောင်သူဦးသန်းအောင်၏ လယ်မြေ ၁၀ ဧက၌ စပါးမျိုးသန့်မျိုးစေ့များရရှိနိုင်ရန် ကောက်စိုက်စက်ဖြင့် ဖေဖော်ဝါရီ ၁၄ ရက်က စတင်စိုက်ပျိုးခဲ့သည်။

ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းကြောင့် ဒေသတွင်းလုပ်သားရှားမှုပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ခြင်း၊ ကောက်ကွက်ပြည့်မီစွာ စိုက်ပျိုးနိုင်ခြင်း၊ ရိတ်သိမ်းချိန်၌ စက်များဖြင့် အဆင်ပြေစွာ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါကောက်စိုက်စက်ဖြင့် စတင်စိုက်ပျိုးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**ဗထူး**

## တိုက်ကြီးမြို့နယ် တောဆင်ရိုင်းကာကွယ်ရေးနှင့် ဆင်မုဆိုးဖော်ထုတ်ရေး ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်



**တိုက်ကြီး ဖေဖော်ဝါရီ ၁၇**

ဆင်ရိုင်းများသတ်ဖြတ်မှုကာကွယ်ရေးနှင့်ဆင်မုဆိုးဖော်ထုတ်ရေး ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်(မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းနှင့်အဖွဲ့သည် ဖေဖော်ဝါရီလဒုတိယပတ်က တိုက်ကြီးမြို့နယ် ဥက္ကံဒေသ တဘူးလှဆည်ရေဝပ်ဧရိယာအတွင်းရှိ ဝါးဖြူမြောင် သပြေပင်ဆိပ်နယ်မြေများသို့ သွားရောက်ပြီး နေထိုင်ကြသော တဲတိုက်များသို့ လူစိမ်းဝင်ရောက်မှုစစ်ဆေးခြင်း၊ တဲတိုက်များတွင် နေထိုင်သူဒေသခံများကို တောဆင်ရိုင်းများသတ်ဖြတ်မှုကာကွယ်ရေးနှင့်ဆင်မုဆိုးဖော်ထုတ်ရေး ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဥက္ကံမြို့ ချောင်းစောက်ကျေးရွာ ဥက္ကံချောင်ဘေးတွင် တောဆင်ရိုင်းတစ်ကောင်အသတ်ခံရပြီး ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းဖော်ထုတ်ခဲ့ရာ ဆင်သတ်မုဆိုးများဖမ်းဆီးရမိခဲ့ပြီး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေပုဒ်မဖြင့် အရေးယူခဲ့သည် ။

ထို့နောက် သစ်တောနယ်မြေအတွင်း နေထိုင်ကြသော ဒေသခံများတောဆင်ရိုင်းများနှင့် ပဋိပက္ခမဖြစ်ရေးဆောင်ရန် ရှောင်ရန်အချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ ၂ ရာခိုင်နှုန်းသာပါဝင်မှုရှိနေဟုဆို

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၇**

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ ၂ ရာခိုင်နှုန်းသာ ပါဝင်မှုရရှိနေသည်ဟု ကရဏာရှင် အမျိုးသမီးများ မိတ်သဟာယအသင်း(ရန်ကုန်) ဒုတိယအမှုဆောင်ဥက္ကဋ္ဌ ဒေါ်ဆွေဆွေသာထွန်းက ပြောသည်။

မြစ်ကြီးနားမြို့ သီတာရပ်ကွက် ခရစ်ယာန်ဘုရားရှိခိုးကျောင်းခန်းမတွင် ဖေဖော်ဝါရီ ၁၆ ရက်က ပြုလုပ်သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလူနည်းစုတစ်ခုဖြစ်သော ကချင်အမျိုးသမီးများ ပါဝင်နိုင်ရေးပြောင်းလဲနေသောဒီမိုကရေစီ ဖက်ဒရယ်မူဝါဒဆိုင်ရာနှင့် အမျိုးသမီးခေါင်းဆောင်မှုဆိုင်ရာ ဆွေးနွေးပွဲတွင်ပြောကြားခြင်းဖြစ်သည်။

"အမျိုးသားကြားမှာ အမျိုးသမီးတွေကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အခန်းကဏ္ဍမှာ ၃၀ ရာခိုင်နှုန်း သတ်မှတ်ထားတာ သိရတယ်။ ရာခိုင်နှုန်းပြည့်မီဖို့အတွက် ဆောင်ရွက်နေတယ်။ အမျိုးသမီးရဲ့အခန်းကဏ္ဍကို လုပ်ဆောင်နိုင်ဖို့အတွက် သင်တန်းတွေပေးနေတာရှိတယ်။ ပြုပြင်ပြောင်းလဲရေးမှာ အမျိုးသမီးတွေကို အမျိုးသားတွေနဲ့အတူ တန်းတူလုပ်ကိုင်ခွင့်ရရှိဖို့ အားပေးမှုမရှိဘူး" ဟု ၎င်းကပြောသည်။

အဆိုပါဆွေးနွေးပွဲကို အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ကဏ္ဍတိုင်းတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့် မြင့်မားပေါ်လွင်လာစေရန် မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ပြောင်းလဲနေပြီဖြစ်သည့်အတွက်ကြောင့် အမျိုးသမီးအခန်းကဏ္ဍများတွင် ပါဝင်နိုင်ရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဖက်ဒရယ်မူဟာဆိုရင် ဗဟိုအစိုးရ ပြည်နယ်အစိုးရ အလျောက် အကြမ်းအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တကယ်ကို လုပ်ပိုင်ခွင့်အာဏာရှိဖို့လိုတယ်။ လွှတ်တော်ရယ်၊ အစိုးရရှိပေမယ့်လည်း သာမန်လို့ပဲမြင်တယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲဖို့လိုတယ်"ဟု ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း



အမှုဆောင်ဒါရိုက်တာ ဦးမြတ်ကိုကိုက သူ၏အမြင်ကိုပြောပြသည်။

အဆိုပါဆွေးနွေးပွဲတွင် ဖက်ဒရယ်မူဝါဒနှင့် ပြောင်းလဲရန်လိုအပ်သော အမျိုးသမီးများအခန်းကဏ္ဍ၊ အမျိုးသမီးနှင့်ခေါင်းဆောင်မှု အခက်အခဲများ၊ အမျိုးသမီးများအတွက် ဥပဒေဆိုင်ရာ ကာကွယ်ရေးပြစ်မှု အခက်အခဲများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# အညာဒေသ၏ ပူပြင်းခြောက်သွေ့မှုကို အန်တု၍ စိုက်ပျိုးရေနှင့်သောက်သုံးရေအတွက် မြစ်ရေတင်များက အကျိုးပြုလျက်ရှိ



**ညောင်ဦး ဖေဖော်ဝါရီ ၁၇**
မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်သည် အပူပိုင်းမိုးနည်းဒေသ၌တည်ရှိသည်။ အဆိုပါ မိုးနည်းရေရှားဒေသတွင် တည်ရှိသော ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ကို ကျေးရွာအုပ်စု ၇၄ အုပ်စု ကျေးရွာပေါင်း ၂၂၀ ဖြင့် ဖွဲ့စည်းထားပြီး ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းအတွက် သဘာဝမိုးရေတစ်မျိုးတည်းကိုသာ အားပြု၍ တစ်နှစ်မှတစ်သီးသာ စိုက်ပျိုးခဲ့ကြရသည်။

သဘာဝမိုးရေကိုသာ အဓိကထားစိုက်ပျိုးကြရာတွင် အပူပိုင်းမိုးနည်းရေရှားဒေသ၏ သဘာဝအတိုင်း မိုးလေဝသကောင်းသောနှစ်ဆိုလျှင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအောင်မြင်သော်လည်း မိုးလေဝသမကောင်းသောနှစ်များတွင် တစ်ကွင်းလုံးအရင်းရှုံးရသည်များနှင့် မကြာခဏကြုံတွေ့ကြရသည်။

ဤကဲ့သို့သော မိုးနည်းရေရှားဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန် တစ်နှစ်တစ်သီးမှ နှစ်သီးသုံးသီးစိုက်ပျိုး၊ သီးနှံအထွက်တိုးစေရန်အတွက် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိနိုင်မည့် နည်းလမ်းများဖြစ်သော လျှပ်စစ်မြစ်ရေတင်ငါးခုကို မြို့နယ်အတွင်း၌ တည်ဆောက်ပေးခဲ့သည်။ အဆိုပါ မြစ်ရေတင်ငါးခုမှာ လောကနန္ဒာမြစ်ရေတင် ကျောက်ကူးမြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်တို့ ဖြစ်ကြသည်။ မြစ်ရေတင် ငါးခုကြောင့် ယခုအခါ တစ်နှစ်တစ်သီးသာမကနှစ်သီးမှသုံးသီးအထိ တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်သည့်အတွက် သီးနှံစိုက်စွမ်းအားများ တိုးတက်မြင့်မားလာသည်။ တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးဧကတိုးတက်မြင့်မားလာလျက်ရှိရာ ၂၀၁၆-၂၀၁၇ နွေသီးနှံစိုက်ရာသီတွင် မြို့နယ်အတွင်း နွေစပါးဧက ၅၀၀နှင့် အခြားသီးနှံ ဧက၂၇၇၀အထိ စိုက်ပျိုးထုတ်လုပ်ကြမည်ဖြစ်သည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မြစ်ရေတင်များ၏ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေပေးဝေမှု တောင်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် သီးနှံစိုက်စွမ်းအားမြင့်မားတိုးတက်လျက်ရှိသည်။

အပူပိုင်းမိုးနည်းဒေသဖြစ်သော ညောင်ဦးမြို့နယ်အတွင်းမှ ကျေးရွာများတွင် သောက်သုံးရေအတွက် မူလကရှိခဲ့သော ဆည်ငယ်၊ ကန်ငယ်များကိုလည်း သောက်သုံးရေပိုမိုသိုလှောင်ထားနိုင်ရန် နိုင်ငံတော်မှ ပြန်လည်ပြုပြင်တူးဖော်ဆောင်ရွက်ပေးထားသော်လည်း ရာသီဥတုပြောင်းလဲ မှုဖြစ်စဉ်နှင့် အပူပိုင်းဒေသ မိုးရေချိန်နည်းပါးမှုတို့ကြောင့် ကျေးရွာများရှိ မိုးရေကန်များမှာ နှစ်ပတ်လည်သုံးစွဲမှု မပြုနိုင်ဘဲ သောက် သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့နေကြရသည်။

ယခုအခါ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန လျှပ်စစ်မြစ်ရေတင် ငါးခုမှ ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေမှုမှာ လောကနန္ဒာ မြစ်ရေတင်မှ ရေကန် ၁၃ ကန်ကို တည်ဆောက်၍ ကျေးရွာ ကိုးရွာမှ လူဦးရေ ၇၀၀၉ ဦးအတွက် နေ့စဉ်ရေဂါလန် ၀ ဒသမ ၁၈ သန်းကို လည်းကောင်း၊ ကျောက်ကူးမြစ်ရေတင်မှ ရေကန် နှစ်ကန်ကို တည်ဆောက်၍ ကျေးရွာနှစ်ရွာမှ လူဦးရေ ၁၂၃၂ ဦးအတွက် နေ့စဉ်ရေဂါလန် ၀ ဒသမ ၀၃ သန်းကိုလည်းကောင်း၊ သူကောင်းတည်မြစ်ရေတင်မှ ရေကန်နှစ်ကန်တူးဖော်၍ ကျေးရွာသုံးရွာမှ လူဦးရေ ၅၉၀၀ ဦးအတွက် နေ့စဉ်ရေဂါလန် ၀ ဒသမ ၁၅ သန်းကိုလည်းကောင်း၊ လက်ပံမြေပေါ် မြစ်ရေတင်မှ ရေကန် သုံးကန်တူးဖော်၍ ကျေးရွာခြောက်ရွာမှ လူဦးရေ ၂၄၀၇ ဦးအတွက် နေ့စဉ် ရေဂါလန် ၀ ဒသမ ၀၀၆ သန်းကိုလည်းကောင်း၊ ငါ့သရောက်မြစ်ရေတင် မှ ရေကန် ငါးကန်တည်ဆောက်၍ ကျေးရွာခြောက်ရွာမှ လူဦးရေ ၆၇၂၅ ဦးအတွက် နေ့စဉ်ရေဂါလန် ၀ ဒသမ ၁၇ သန်းကို လည်းကောင်း ပေးဝေလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# နွားနို့မှရသော အာဟာရအကျိုးကျေးဇူးများ ပြည်သူများပိုမို သိရှိရန်လို

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**
မြန်မာနိုင်ငံတွင်းရှိ ကလေးငယ် ၁၀ ဦးလျှင် တစ်ဦးနှုန်းသာနွားနို့ကို ပုံမှန်သောက်သုံးလေ့ရှိကြောင်း ကလေးငယ်များ ကြံ့ခိုင်သန်မာစေရန် နွားနို့မှရသော အာဟာရအကျိုးကျေးဇူးများ ပြည်သူများပိုမိုကျယ်ပြန့်စွာသိရှိရန်လိုအပ်ကြောင်း နှင့်ကလေးငယ်များ ကြီးထွားဖွံ့ဖြိုးမှုသည် နို့ပုံမှန်သောက်သုံးမှု လျော့နည်းခြင်းနှင့် ဆက်စပ်နေကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ အခြေစိုက်နို့ထွက်ပစ္စည်းလုပ်ငန်းစုတစ်ခုဖြစ်သည့် (Friesland Campina)သည် မြန်မာနိုင်ငံတွင် မကြာသေးမီက ကလေးငယ်များ နွားနို့သောက်သုံးမှုနှင့် ပတ်သက်သည့် လေ့လာသုတေသနကို ရန်ကုန်၊ မန္တလေး၊ မုံရွာနှင့်မော်လမြိုင်တို့ရှိ မိသားစုခြောက်ရာကျော်မှ အသက် ငါးနှစ်မှ ၁၃ နှစ်အတွင်း ကလေးများထံမှ စစ်တမ်းကောက်ယူခဲ့ကြောင်း သိရသည်။

စစ်တမ်းတွင်တွေ့ရှိချက်များအရ ကလေးများသည် နွားနို့ကို တစ်နေ့တာသောက်သုံးသောအရည်ပမာဏ၏ နှစ်ရာခိုင်နှုန်းအဖြစ်သာ သောက်သုံးကြောင်း၊ နွားနို့သောက်သုံးသူကလေးငယ်များသည် ပျမ်းမျှအားဖြင့် နွားနို့ ၂၃၂မီလီမီတာသာ သောက်သုံးကြောင်း၊ အသက်၁၁နှစ်မှ ၁၃နှစ်အတွင်းကလေးငယ်များ၏နွားနို့သောက်သုံးမှုမှာ အနိမ့်ဆုံးဖြစ်ကြောင်း ၊ မြို့နေကလေးငယ်များသည် ကျေးလက်ဒေသမှ ကလေးငယ်များထက် နွားနို့ပိုမိုသောက်သုံးကြောင်း၊ ဥပမာအားဖြင့် ရန်ကုန်မြို့နေ ကလေးငယ်၏ ၁၆ ရာခိုင်နှုန်းမှာ နွားနို့သောက်သုံးလေ့ရှိပြီးမုံရွာတွင် ၈ရာခိုင်နှုန်းသာရှိကြောင်း၊ မိသားစုဝင်ငွေအနည်းအများပေါ်မူတည်၍ နွားနို့သောက်သုံးသည့် ပမာဏမှာလည်း ကွဲပြားခြားနားကြောင်း၊ ကလေးများ၏ နေ့စဉ်စားသောက်မှုပုံစံတွင် ကယ်လိုရီနှင့်အာဟာရနည်းပါးသည့်အချိုရည်သောက်သုံးမှုများပြားကြောင်းနှင့် စစ်တမ်းတွင်ဖြေကြားသူ ၆၈ယောက်တွင် ၇၆ယောက်သာ မေးမြန်းချိန်မတိုင်မီ ၂၄နာရီအတွင်း နွားနို့သောက်သုံးခဲ့ကြကြောင်း သိရသည်။

Friesland Campina Myanmar ၏ Regulatory Manager ဖြစ်သူ ဒေါက်တာဝင်းလဲ့ဦးက "ကျန်းမာစေတဲ့ နို့သောက်တဲ့ အလေ့အကျင့်ကိုမွေးမြူဖို့ဆိုတာ နေအိမ်ကနေ စတင်ရမှာပါ။ မနက်စာစားချိန်မှာ နို့သောက်ခြင်းဟာ တစ်နေ့တာလုံးကို အကောင်းဆုံးစတင်ဖို့ အသင့်တော်ဆုံးအချိန် ဖြစ်ပါတယ်။ မိဘအုပ်ထိန်းသူတွေအနေနဲ့ ကလေးတွေကို အားကစားတစ်ခုခုနဲ့ နေအိမ်ပြင်ပမှာသူငယ်ချင်းတွေနဲ့ ပြေးလွှားကစားဖို့ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ဖို့တိုက်တွန်းပေးဖို့လိုပါတယ်"ဟု ပြောသည်။

**မွန်းဦးနဒီ**



ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) ရပ်ကွက်၌ ဖေဖော်ဝါရီ ၁၃ ရက်က ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ် ၄၅ သိန်း၊ ပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၁၅ သိန်းဖြင့် တည်ဆောက်ခဲ့သော အရှည် ၃၅၅ပေ၊ အကျယ်၁၂ ပေ၊ ထု ခြောက်လက်မရှိ ရာဇဝိရာဇ်လမ်းမကြီးကွန်ကရစ်လမ်းသစ်ကို အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် လမ်းဖြစ်မြောက်ရေးအဖွဲ့နာယက ဦးဝင်းနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်
(၀၅၇)

# ပြည်ပနံပါတ်တပ်မော်တော်ယာဉ်များ စည်းကမ်းထိန်းသိမ်းရေး ညှိနှိုင်းစည်းဝေး

**မူဆယ် ဖေဖော်ဝါရီ ၁၇**
ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့အတွင်း မောင်းနှင်သွားလာနေသော တရုတ်နိုင်ငံ ယူနန်ပြည်နယ် နံပါတ်တပ်မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်ကြီးများနှင့်ပတ်သက်သော မူဆယ်ခရိုင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက နှစ်နိုင်ငံနယ်စပ်ဒေသမြို့ဖြစ်သော မူဆယ်-နမ့်ခမ်းမြို့အတွင်း မောင်းနှင်သွားလာနေသော ကုန်တင်ယာဉ်များမှာ တစ်ဖက်နိုင်ငံ နံပါတ်တပ်မော်တော်ယာဉ်များဖြစ်ပြီး ယင်းတို့အနေဖြင့် ကုန်စည်များ စီးဆင်းနိုင်စေရန် တင်ပို့ခြင်းဖြစ်သော်လည်း ယာဉ်စည်းကမ်းဆိုင်ရာ စနစ်တကျလိုက်နာနိုင်စေရန်နှင့် စနစ်တကျထိန်းသိမ်းနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်း၊ အများပြည်သူသွားလာနေသောနေရာများတွင် ယာဉ်မောင်းများ စည်းကမ်းလိုက်နာနိုင်မှုမရှိခြင်း၊ သက်မှတ်တန်ချိန်ထက် ကုန်များတင်ဆောင်ခြင်း၊ အချို့သောယာဉ်မောင်းများမှာ ကျွမ်းကျင်မှုမရှိဘဲ မောင်းနှင်နေကြသောကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများမှာ ဖြစ်ပေါ်နေကြောင်း ပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးစိုင်းကျော်သိန်းနှင့် ဦးကိန်မိုင်တို့ကလည်း လမ်းများပိုမိုပျက်စီးလာခြင်းနှင့် ယာဉ်ကြော ပိတ်ဆို့မှုများမှာ ယာဉ်မောင်းများ စည်းကမ်းလိုက်နာမှုမရှိခြင်းနှင့် သက်ဆိုင်ရာယာဉ်ထိန်းများအား လုံလောက်စွာ တာဝန်ခွဲဝေချထားမှုမရှိခြင်းတို့ကြောင့် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပြောကြားခဲ့သည်။ ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာသော သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း၊ ကုန်စည်ဒိုင်များနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများကလည်း လိုအပ်ချက်များ တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေး သင်တန်းဖွင့်

**ဗန်းမော် ဖေဖော်ဝါရီ ၁၇**
ကချင်ပြည်နယ် ဗန်းမော်မြို့၌ ခရိုင်အဆင့် ရော်ဘာသီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးရုံး စိုက်ပျိုးလေ့ကျင့်ရေးပညာပေးခန်းမ၌ကျင်းပခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် သမဝါယမဦးစီးဌာန ဦးစီးမှူးဦးလှအောင်က ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ သမဝါယမအသင်းဖွဲ့စည်းရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းဦးက ရော်ဘာစိုက်ပျိုးခြံများကို လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာအုပ် ( ပုံစံ - ၇) များ ရရှိရေးအတွက် ဌာနမှကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကို ဖေဖော်ဝါရီ ၁၆ရက်နှင့် ၁၇ရက်အထိ ကျင်းပမည်ဖြစ်ပြီး စိုက်ပျိုးရေးဦးစီးဌာန နှောင်နန်းခြံတာဝန်ခံ ဒေါ်ဝင်းဝင်းမော်နှင့်အဖွဲ့က ရော်ဘာသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲ လက်တွေ့ပြသခြင်းများ သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်သူများကို ရော်ဘာထုတ်လုပ်သူများ သမဝါယမအသင်းဖွဲ့စည်းမည် ဖြစ်သည်။

အဆိုပါ သင်တန်းသို့ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူမြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာန မှ ဝန်ထမ်း ၃၂ ဦး၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူတောင်သူ ၆၅ ဦး စုစုပေါင်း ၉၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည် ။

**ဆီမီးခုံ-နန်းရီ**

# မော်လမြိုင်ကျွန်းမြို့နယ် ပါရမီကိုယ့်အားကိုယ်ကိုး သံတံတားသစ်ဖွင့်

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၇**
မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းခယ်မကျေးရွာအုပ်စု သောင်တန်းကျေးရွာနှင့် ရေလိန်ကျေးရွာအုပ်စု လင်းနေချောင်း ကျေးရွာဆက်သွယ်သော မြို့နယ်အတွင်း အရှည်လျားဆုံး ပါရမီကိုယ့်အားကိုယ်ကိုး လင်းနေချောင်းကူးသံတံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ချောင်းကူးသံတံတားထိပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဒေါက်တာဘဒ္ဒန္တစိန္တိတာလင်္ကာရ (နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင်) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးစိုးယုနှင့်ဓမ္မသာဓုအဖွဲ့မှဒေါ်ရွှေစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ တံတားသစ်ဖွင့်လှစ်ခြင်းကြောင့် ကျွန်းခယ်မကျေးရွာအုပ်စုနှင့် ရေလိန်ကျေးရွာအုပ်စုအတွင်းရှိ ရေခန်းချောင်းပါဝင်သော ကျေးရွာ ၂၀ တို့အတွက် ဆက်သွယ်ရေးလွယ်ကူသွားသည့်အပြင် ကျောင်းသားကျောင်းသူ ၁၀၀ ကျော်တို့အတွက်လည်း လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားပြီဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် ပါရမီကိုယ့်အားကိုယ်ကိုး လင်းနေချောင်းကူးသံ တံတားမှာ ငွေကျပ် ၂၂၄ သိန်းဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သံတံတားမှာ အရှည်ပေ ၂၈၀၊ အကျယ်ခြောက်ပေရှိသော ကွန်ကရစ်ခင်းသံတံတားဖြစ်ကြောင်း သိရသည်။

**(မော်ကျွန်း-မြင့်အောင်)**

စာအုပ်စာပေလှူမိတ်ဆွေ

# တပ်မတော်အနေဖြင့် မောင်တောဒေသအတွင်း နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုမရှိတော့ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်မှုအား ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

၂၀၁၆ ခုနှစ်အောက်တိုဘာ ၉ ရက်နံနက် ၁ နာရီမိနစ် ၅၀ တွင်မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)အား အကြမ်းဖက်သူအင်အား ၉၀ ခန့်၊ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်နယ်မြေရဲစခန်းအား နံနက် ၃ နာရီ ၁၅ မိနစ်တွင် အကြမ်းဖက်သူ ၂၀ ခန့်နှင့် ငါးခူရနယ်မြေရဲစခန်းအား နံနက် ၄ နာရီခွဲတွင် အကြမ်းဖက်သူ ၃၀၀ ခန့်တို့က အလစ်အငိုက်ရယူ၍ အကြမ်းဖက်စီးနင်းဝင်ရောက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

အဆိုပါမောင်တောဒေသအကြမ်းဖက်မှုဖြစ်ပွားပြီးနောက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပုဒ်မ-၁၄၄ ထုတ်ပြန်ခဲ့ရသည်။ ထို့အပြင်စစ်ဆင်ရေးနယ်မြေအဖြစ်သတ်မှတ်ပြီး တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်အထိ တပ်မတော်နှင့်ရဲတပ်ဖွဲ့ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ တွေ့ဆုံပစ်ခတ်မှုဖြစ်စဉ် အကြိမ် ၂၀ ဖြစ်ပွားခဲ့သည်။

ထိုဖြစ်စဉ်များကြောင့် လက်နက် ၆၇ လက်၊ ကျည်မျိုးစုံ ၁၀၉၃၀၊ ကျည်အိမ် ၁၇၃ ခု၊ လုံ့စွပ် ၄၇ ခုပါဆုံးခဲ့ရပြီး တပ်မတော်သား ခုနစ်ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၇ ဦး ကျဆုံးခဲ့သည်။ တပ်မတော်သား ငါးဦး၊ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူ သုံးဦး စုစုပေါင်း ၁၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နယ်မြေလုံခြုံရေးဆက်လက်ဆောင်ရွက်ခဲ့မှုကြောင့် လက်နက် ၂၆ လက်နှင့် ကျည်မျိုးစုံ ၁၆၅၁ တောင့်နှင့် ကျည်အိမ် ၂၆ ခုပြန်လည်ရရှိခဲ့ပြီး လက်နက် ၄၁ လက်၊ ကျည်မျိုးစုံ ၉၂၇၉ တောင့်၊ ကျည်အိမ် ၁၄၇ ခုနှင့် လုံ့စွပ် ၄၇ ခုတို့ ပြန်လည်ရရှိခြင်း မရှိသေးကြောင်း သိရှိရသည်။

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအတွင်း အကြမ်းဖက်တိုက်ခိုက်သူ ၆၉ ဦးသေဆုံးခဲ့ပြီး လက်နက် ခုနစ်လက်၊ ကျည် ၁၈ တောင့်၊ ဓားအချောင်း ၇၀၊ မိုင်း ရှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ရခိုင်ပြည်နယ်မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်သူများ၏ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ စာကြည့်တိုက်မှူးနှင့် ရုံးစာရေးအပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦး သေဆုံးခဲ့ရပြီး နေအိမ်နှင့် ရွာများမီးရှို့ဖျက်ဆီးမှု ၁၀ ကြိမ် ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်သူ ၅၈၅ ဦးအားဖမ်းဆီးခဲ့ပြီး ပြန်လည်လွှတ်ပေးခဲ့သူ ၅၁ ဦး၊ ရောဂါဖြင့် သေဆုံးသူ ရှစ်ဦးရှိခဲ့သည်။ လက်ရှိအချိန်အထိချုပ်နှောင်/တရားရုံးစစ်ဆေးဆဲ ၅၂၆ ဦး ရှိသည်။ လူသတ်မှု၊ လက်နက်မှု၊ ဝတ္တရားနှောင့်ယှက်မှု၊ ပြည်သူပိုင် ပစ္စည်းဖျက်ဆီးမှု၊ မတရားအသင်းဖြင့် ဆက်သွယ်မှု၊ ပေါက်ကွဲစေမှု၊ တရားမဝင်ပြည်ပထွက်မှု၊ လူသတ်ရန်အားထုတ်မှုနှင့် မီးရှို့မှု အပါအဝင် အမှု ၃၉ မှုဖွင့်လှစ်နိုင်ခဲ့ရပြီး ငါးမှုကိုပြီးပြတ်အောင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❖

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်မဲ့ယာဉ်များမကြာခဏဖမ်းမိ လက်ဝယ်ရှိယာဉ်ပိုင်ရှင်နှင့် ယာဉ်ကိုပါတရားစွဲဆို၍ ပြည်သူပိုင်အဖြစ် သိမ်းဆည်းထား

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်မဲ့ယာဉ်များ လတ်တလော မကြာခဏ ဖမ်းဆီးမိနေကြောင်း သိရသည်။ ယခင်နှစ်ကာလများကတစ်နှစ်လျှင် တစ်စီး၊ နှစ်စီးဖမ်းဆီးမိသည်များ ရှိသော်လည်း ယခုနောက်ပိုင်း လတ်တလောကာလတွင် အဆက်မပြတ်ဖမ်းဆီးရမိမှုများရှိလာသည်။ မည်သည့်နေရာ၊ မည်သည့်လမ်းကြောင်းက ဝင်လာသည်ကို တိုက်ရိုက်မသိသော်လည်း ရှာဖွေဖော်ထုတ်ဆဲနှင့် ယင်းမှတ်ပုံတင်မဲ့ယာဉ်များကို ဥပဒေနှင့်အညီ လက်ဝယ်ရှိ ယာဉ်ပိုင်ရှင်နှင့် ယာဉ်ကိုပါ တရားစွဲဆို၍ ပြည်သူပိုင်အဖြစ် သိမ်းဆည်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)မှ သိရသည်။



ရန်ကုန်တိုင်းဒေသကြီး(ကညန)ရုံး မြင်သာတွင် ယာဉ်သက်တမ်းတိုးမှုကို One Stop Service အနေဖြင့် လုပ်ဆောင်ပေးစဉ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်မဲ့ယာဉ်များကို ၂၀၁၆ ခုနှစ် မေလတွင် နှစ်စီး၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နှစ်စီး၊ အောက်တိုဘာလတွင် တစ်စီးနှင့် ၂၀၁၇ ဇန်နဝါရီလတွင်တစ်စီး စုစုပေါင်း ခြောက်စီးကို ဖမ်းဆီးရမိခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူထားကြောင်းနှင့် ဖမ်းဆီးရမိသည့် ယာဉ်များကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းထားကြောင်း တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)မှ သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❐

## ကန်အမျိုးသား လုံခြုံရေးအကြံပေး အဖြစ် ဆောင်ရွက်ရန် ကမ်းလှမ်းမှုကို ရေတာဘက်ဟာဝါ့ဒ် ငြင်းဆန်

စာမျက်နှာ - ၁၀

## လွတ်မြောက်သွားသော ဒုစရိုက်သမားအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က လိုက်လံ ရှာဖွေနေဆဲဖြစ်

စာမျက်နှာ - ၁၃